# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၄) ရက် ၊ ကြာသပတေးနေ့ ၊ (19-1-2023) ၊ အတွဲ (၁၀) ၊ အမှတ် (၂၆၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား




တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ အသိပေးနှိုးဆော် စာမျက်နှာ - ၂၁

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် အားကစားနည်းအလိုက် ပြိုင်ပွဲများယှဉ်ပြိုင်ကစား စာမျက်နှာ - ၂၂

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ညောင်တုန်းမြို့ ဆားမလောက်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက် စာမျက်နှာ - ၁၆




ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၉ ရက်
အယ်ဒီတာ့အာဘော်

# အကြမ်းဖက်မှုနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်ပေး

ယခုနှစ် ဇန်နဝါရီ ၁၅ ရက်နေ့သည် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ကယားတိုင်းရင်းသားများအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့ဖြစ်သည်။ (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့၌ စည်ကားသိုက်မြိုက်စွာကျင်းပနေစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်စွာ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အခမ်းအနားကျင်းပရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့သည်။ လက်နက်ကြီးကျည်များကျရောက်ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား၊ ကျောင်းသူကလေးငယ်ခြောက်ဦး၊ အပြစ်မဲ့အရပ်သားပြည်သူအမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့အရပ်သားပြည်သူအမျိုးသားတစ်ဦး သေဆုံးခဲ့သည်ကို စိတ်နှလုံးမချမ်းမြေ့ဖွယ် ကြားသိရသည်။

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ပစ်ခတ်တိုက်ခတ်မှုများနှင့် စစ်ရေးနှင့်မသက်ဆိုင်သည့် လူစည်ကားရာနေရာများသို့ အများပြည်သူများအား ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုဖြစ်စေရန် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များသည် ရွံရှာမုန်းတီးဖွယ်ရာဖြစ်သောကြောင့် မြန်မာနိုင်ငံတွင်းရှိ ဘာသာရေးအသင်း၊ အဖွဲ့များ၊ သဘင်၊ ဂီတ၊ ရုပ်ရှင်၊ စာရေးဆရာ၊ မီဒီယာ၊ စစ်မှုထမ်းဟောင်းအဖွဲ့ စသည့် အသင်း၊ အဖွဲ့အသီးသီးတို့က ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချကြသည်ကိုလည်း တွေ့ရသည်။ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို ပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများသည်လည်း ကံ ကံ၏အကျိုးဟုဆိုသည့်အတိုင်း တစ်နေ့နေ့တွင် ကိုယ်ပြုသည့်ကံ ကိုယ်သာ ခံကြရမည်ဖြစ်ပေသည်။

ဒေသခံတိုင်းရင်းသားများ၏ ပြည်နယ်နေ့အခမ်းအနားတွင် ပျော်ပျော်ရွှင်ရွှင် စည်စည်ကားကားသိုက်ဝန်းစွာကျင်းပနေသည်ကို ယုတ်မာကောက်ကျစ်သည့်စိတ်ဓာတ်၊ ဖျက်ဆီးလိုသော ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခတ်မှုကြောင့် ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုတို့ဖြစ်ခဲ့သည်။ ထိုသို့ လူမဆန်သည့် အဖျက်အမှောင့်လုပ်ရပ်များကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့အပါအဝင် ကျောင်းသား၊ ကျောင်းသူများ၊ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးရမှုဖြစ်စဉ်သည် သက်ဆိုင်ရာပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ ဆုံးရှုံးရခြင်း၊ ထိခိုက်ဒဏ်ရာရ သေဆုံးသူတို့၏ မိသားစုဝင်များမှာလည်း ဝမ်းနည်းအားငယ် အတိဒုက္ခရောက်ကြရခြင်းတို့ဖြစ်ကြရပေသည်။

ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား သတ်ဖြတ်၊ လုယက်ခြင်းကို အကြမ်းဖက်သမားများက ပြုလုပ်နေကြသည်။ အဆိုပါအကြမ်းဖက်သမားများ၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်ဟု ပြည်သူသို့ အသိပေးနိုးဆော်ထားသည်။ ပြည်သူများအနေဖြင့် ယခုကဲ့သို့ အကြမ်းဖက်မှုဖြစ်စဉ်များပပျောက်ရေး အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏လုပ်ရပ်မှန်သမျှကို ဆန့်ကျင်နှိမ်နင်းရာ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဗီယက်နမ်နိုင်ငံသို့ ဇန်နဝါရီလပထမပတ်က သကြားဖြူတန်ချိန် ၅၀၀၀ တင်ပို့ထား



**မန္တလေး ဇန်နဝါရီ ၁၈**

ဗီယက်နမ်နိုင်ငံသို့ ဇန်နဝါရီလ ပထမပတ်က ပြည်တွင်းထွက်ကုန်ဖြစ်သော သကြားဖြူတန်ချိန် ၅၀၀၀ တင်ပို့ထားကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်လုပ်ငန်းရှင်များအသင်း (မန္တလေးတိုင်းဒေသကြီး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

ဗီယက်နမ်နိုင်ငံသို့ ပြည်တွင်းထွက်ကုန်ဖြစ်သော သကြားဖြူတန်ချိန် ၄၅၀၀၀ ကိုတင်ပို့ရောင်းချရန် စာချုပ်ချုပ်ဆိုထားကြောင်း၊ မြန်မာနိုင်ငံမှ သကြားစက်ရုံများက ဒီဇင်ဘာလဆန်းမှစ၍ ကြံများကို ကြိတ်ခွဲနေပြီး ၎င်းစက်ရုံများမှ ထွက်ရှိလာသည့် သကြားများကို ဇန်နဝါရီလ ပထမပတ်က ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၅၀၀၀ တင်ပို့ထားပြီးဖြစ်ကြောင်း၊ ကျန်တန်ချိန်များကိုလည်း ဆက်လက်တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ ဗီယက်နမ်နိုင်ငံကို သကြားတင်ပို့နေပါပြီ။ ဒီဇင်ဘာလထဲမှာ သကြားစက်တွေစတင်လည်ပတ်ပြီး တန်ချိန် ၅၀၀၀ ကိုတော့ ဇန်နဝါရီလ ပထမပတ်က ပို့ပြီးပါပြီ။ ပြည်ပမှာ သကြားဈေးက တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၅၀ လောက်ရှိပါတယ်။ သကြားကို အာရှနိုင်ငံတွေ၊ အနောက်နိုင်ငံတွေက ကမ်းလှမ်းတာတွေ ရှိပါတယ်။ ပြည်တွင်းစားသုံးမှုကို အဓိကဦးစားပေးတာကြောင့် အဲဒီနိုင်ငံတွေက ကမ်းလှမ်းတာကို မရောင်းချနိုင်သေးပါဘူး။ လာမဲ့နှစ်တွေမှာ ထုတ်လုပ်မှုတွေ တိုးတက်လာရင် ပို့နိုင်မယ်လို့မျှော်လင့်ပါတယ်။ ကြံစိုက်ဧကတွေကလဲ တိုးလာတာတွေ့ရပါတယ်။ ပြည်ပတင်ပို့တာက ပြည်တွင်းစားသုံးမှုဖူလုံတဲ့အတွက် တင်ပို့ရောင်းချနေတာပါ။ အဓိကကတော့ ပြည်တွင်းစားသုံးမှုဖူလုံရေးကို ဦးတည်ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံမှာ တစ်နှစ်ကို သကြားတန်ချိန် ၄၅၀၀၀၀ ထွက်ပါတယ်" ဟု ဦးဝင်းဌေးက ပြောပြသည်။

လက်ရှိအချိန်တွင် ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ အနောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (တောင်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ သကြားစက်ရုံများ လည်ပတ်ကာ သကြားများကို ထုတ်လုပ်နေကြောင်း၊ ကြံစိုက်ဧကများအနေဖြင့် ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ အများဆုံး စိုက်ပျိုးကြပြီး ပဲခူးတိုင်းဒေသကြီးတွင် ဒုတိယအများဆုံး စိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၇၀၀၀ ထိပေါက်ဈေးရှိလာ

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ်ကောင်းလာပြီး ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၇၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်အတွင်း ပြည်တွင်းမှထွက်ရှိသည့် ပြောင်းဖူး(ဗမာ)များကို ကုန်သည်များအဝယ်ပြန်လိုက်လာကြောင်း၊ ထိုသို့ ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းလာပြီး ဝယ်ယူမှုများပြားလာခြင်းကြောင့် ပြောင်းဖူး(ဗမာ)များ ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပြည်ပကတော့ ပြောင်းဖူး (ဗမာ)ဝယ်ယူမှု နည်းပါတယ်။ ဒါပေမဲ့ ပြည်တွင်းဈေးကွက်အတွင်း မန္တလေး၊ ရန်ကုန်နဲ့တောင်ကြီးစတဲ့ မြို့တွေမှာ အခုလတ်တလောကုန်သည်တွေက ပြောင်းဖူး(ဗမာ)တွေ ဝယ်ယူမှု ပြန်များနေပါတယ်။ ဒါကြောင့် မန္တလေးဈေးကွက်အတွင်းမှာ ပြောင်းဖူး(ဗမာ)ဈေးကောင်းရရှိလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇန်နဝါရီလ ပထမပတ်အတွင်းက ပြောင်းဖူး(ဗမာ)ဈေးနှုန်းမှာ ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀ ဈေးနှုန်းသာရှိခဲ့သော်လည်း ဇန်နဝါရီ ၁၇ ရက်က ပြောင်းဖူး (ဗမာ) ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၇၀၀၀ ထိ ပေါက်ဈေးရှိခဲ့ပြီး ဈေးကောင်းပြန်လည်ရရှိလာကြောင်း သိရသည်။

အလားတူ ပြောင်းဖူး(CP)ဈေးနှုန်းမှာ ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀၊ ပြောင်းဖူး(ရှမ်း)မှာ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးဆိပ်ကမ်းမှ ပြေးဆွဲနေသော ကုန်တင်သင်္ဘော အစီးရေ ၂၀ ကျော် အသေးစားပြုပြင်မှုလုပ်ငန်းများ ပြီးစီး

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးဆိပ်ကမ်းမှ ပြေးဆွဲနေသော ကုန်တင်သင်္ဘောအစီးရေ ၂၀ ကျော်အသေးစားပြုပြင်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍သိရသည်။

ယခုလက်ရှိ ရေဝတီမြစ်ရေနည်းချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထိုသို့မြစ်ရေနည်းချိန်ကာလတွင် မန္တလေးဆိပ်ကမ်းမှ ပြေးဆွဲပေးနေသည့် ကုန်တင်သင်္ဘောအစီးရေ ၂၀ ကျော်တွင် သဘာဝဘေးဒဏ်များကြောင့် ဟောင်းနွမ်းပျက်စီးနေသည့်အပိုင်းများကို ဒီဇင်ဘာလဒုတိယပတ်မှစ၍ အသေးစားပြုပြင်မှုလုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မန္တလေး ဆိပ်ကမ်းကနေ ရန်ကုန်၊ ကသာ၊ ရွှေကူ၊ ထီးချိုင့်နဲ့ ဗန်းမော်စတဲ့မြို့တွေကို ပြေးဆွဲပေးနေတဲ့ ကုန်တင်သင်္ဘောတချို့ ရေနည်းချိန်ကာလ ဒီဇင်ဘာလဒုတိယပတ်ကနေစပြီး သင်္ဘောတွေရဲ့ ကြံ့ခိုင်မှုမပြည့်ဝတဲ့ အစိတ်အပိုင်းတွေကို ပြန်လည်ပြုပြင်ထိန်းသိမ်းတဲ့လုပ်ငန်းတွေ စတင်လုပ်ဆောင်ခဲ့ပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ရေဝတီမြစ်ရေနည်းချိန်ကာလတွင် မန္တလေးဆိပ်ကမ်းမှ ပြေးဆွဲပေးနေသည့်ကုန်တင်သင်္ဘောအစီးရေ ၂၀ ကျော်ကို ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် သင်္ဘော၏ ကိုယ်ထည်များကို သံအသစ်များအစားထိုးလဲလှယ်ခြင်း၊ စက်ပိုင်းဆိုင်ရာများကို ပြန်လည်ပြုပြင်ခြင်း၊ လေဒဏ်၊ နေဒဏ်၊ မိုးဒဏ်များကြောင့် သင်္ဘောများ၏ ဆေးအရောင်များ မှေးမှိန်လာခြင်းကြောင့် ဆေးအရောင်ပြန်လည်တင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြေပုံမြို့နယ် ကံသာကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မြေပုံ ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ခေါင်းဖြူကျေးရွာအုပ်စု ကံသာကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကံသာကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော Sein Mya ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားသည်။

ကံသာကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု (မွမ်းမံ) ရန်ပုံငွေကျပ် ၇ ဒသမ ၀၆ သန်းဖြင့် အလျား ပေ ၁၅၀၊ အနံ ပေ ၁၅၀၊ အနက်သုံးပေရှိ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းကို Sein Mya ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ကံသာကျေးရွာရှိ အိမ်ခြေ ၂၇၄ အိမ်၊ လူ ၁၂၇၉ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က ပြောပြ၍ သိရသည်။

**ကိုသန်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါ်အေးစွမ်မိသားစုက ဦးမောင်မောင်တာနှင့် မောင်ဟိန်းလတ်အားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၆၁၅ ဧကစိုက်ပျိုးပြီးစီး



**ခင်ဦး ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၆၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၁၀၀၅ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလကစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆောင်းနေကြာ ၆၁၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဆောင်းနေကြာ ဧက တစ်ထောင်ကျော်စိုက်ဖို့ လျာထားတာ။ ဒီနေ့ထိ ဧကခြောက်ရာကျော်စိုက်ပျိုးပြီးပြီ။ ကျန်ဧကတွေ ဆက်လက်စိုက်ပျိုးနေပါတယ်။ ဆောင်းနေကြာသီးနှံလျာထားချက်ပြည့်မီအောင်စိုက်ပျိုးဖို့ ဆောင်ရွက်နေတယ်။ နေကြာကို သီးထပ်၊ သီးညှပ်စိုက်ပျိုးကြတယ်။ ပြည်ပမှ တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနေတာပါ"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ဆောင်းနေကြာ ၁၂၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်သည့်မျိုးစေ့များ၊ နည်းပညာများကို ဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အသိပညာပေးသင်တန်းများကို အရှိန်မြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် ဆီထွက်သီးနှံဖြစ်သည့် နေကြာစိုက်ပျိုးရာတွင် ရိုးရိုးနေကြာစိုက်ပျိုးပါက ဆီထွက်နှုန်းမှာ တစ်တင်းလျှင် ၂ ဒသမ ၅ ပိဿာ၊ တစ်ဧက ၆၇ ပိဿာထွက်ရှိမည်ဖြစ်ပြီး အထွက်တိုးနေကြာစိုက်ပျိုးပါက ဆီထွက်နှုန်းမှာ တစ်တင်းလျှင် လေးပိဿာ၊ တစ်ဧက ၁၄၀ ပိဿာထိ ထွက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်ထံမှ သိရသည်။ (၂၀၆)

# မြို့သစ်မြို့နယ် သန်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြို့သစ် ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သန်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးလာစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက သန်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၀၀ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# တောင်သာမြို့နယ် ကျေးရွာနှစ်ရွာ၌ သောက်သုံးရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**တောင်သာ ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာ၌ သောက်သုံးရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ ရွှေပြည်သစ် (မြင်သာယာတောတိုက်အနောက်ပိုင်း) ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ခြင်း၊ ရထားကုန်းကျေးရွာ၌ စင်မြင့်ရေစင်၊ အုတ်ရေကန်၊ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ အင်ဂျင်နှင့်ပန့်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

ရွှေပြည်သစ်(မြင်သာယာတောတိုက်အနောက်ပိုင်း) ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၀၁၂ သန်းဖြင့် အကျယ် လေးလက်မ၊ အနက် ပေ ၈၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံ၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းကို ဇူလိုင်လ စတုတ္ထပတ်ကလည်းကောင်း၊ ရထားကုန်းကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၄၆၃ သန်းဖြင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ အရှည်ပေ ၃၅၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ကိုးထပ်ပန့်နှင့် အင်ဂျင်တပ်ဆင်ခြင်းလုပ်ငန်းများကို ဇွန်လတတိယပတ်ကလည်းကောင်း Royal We ကုမ္ပဏီက ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**ချစ်ဦးကို**



# မြတ်ဗုဒ္ဓ၏ သူခိုးဓားပြဘေးမှ စောင့်ရှောက်ပုံ

မြင်းခြံကျော်အောင်

ယနေ့မြန်မာ့လူ့ဘောင်တွင် ခေတ်စားနေသည်မှာ သူခိုးဓားပြအကြမ်းဖက်လုယက်မှုနှင့် လိမ်လည်မှုများဖြစ်ကြသည်။ လူမသိ၊ သူမသိခံနေရမှုများမှာ မြောက်မြားစွာရှိပေသည်။ သူခိုးဓားပြများမှာ ရှေးကတည်းကရှိခဲ့သည်။ နောင်တွင်လည်း ရှိနေဦးမည်ပင်။ ရှေးက နည်းပါးခဲ့သည်။ ယခုပေါ်များလျက်ရှိသည်။ သတိအမြဲရှိရန်ဖြစ်သည်။ ကံအကြောင်းမလှသူ၊ သတိတရားနည်းပါးသူများ ငွေကြေးပစ္စည်းဥစ္စာ ဆုံးရှုံးကြရသည်။ တချို့စီးပွားပျက်သည်ထိ ဖြစ်သွားကြသည်။ အနည်းဆုံးမှာ စိတ်သောကရောက်ရမှုပင် ကြုံရသည်။

**သူခိုးဓားပြဘေး ခံနေရပုံများ**

အချို့မြို့ရွာ၊ ရပ်ကွက်လမ်းများ၌ သူခိုးဓားပြလုယက်သူများက ကြီးစိုးလျက်ရှိနေသည်။ အိမ်တွင်းနှင့်အိမ်ဝင်းအတွင်း ပစ္စည်းများ၊ အိမ်ပြင်ပ မိမိခြံအစပ်တွင် စိုက်ထားသော သီးပင်စားပင်မှ အသီးအရွက်များကို အခိုးခံကြရသည်။ ယနေ့ခေတ်တွင် ရွှေထည်၊ လက်ကိုင်ဖုန်း၊ ပိုက်ဆံအိတ်နှင့် စက်ဘီး၊ ဆိုင်ကယ်များကို သူခိုးခိုးခံကြရခြင်း၊ ဓားပြပြီး လုယက်ခံကြရခြင်းလည်းရှိသည်။ ကျေးရွာနှင့် မြို့ကြီး၊ မြို့ငယ်များမှ ချမ်းသာသည့်အိမ်၊ ရွှေဆိုင်များနှင့် ဘဏ်များကို ဓားပြတိုက်မှုဖြစ်ပွားလျက်ရှိသည်။

ထိုအခါ ပစ္စည်းရှင်များ ပစ္စည်းဥစ္စာရွှေငွေများ ဆုံးရှုံးရပြီး စိတ်သောကရောက်ကြရသည်။ ကြားရသူများလည်း နားမချမ်းသာဖြစ်ရသည်။ မလုံခြုံမှုကို ခံစားရပြီး လုံခြုံရေးဆောင်ရွက်ပေးသည့်အဖွဲ့အစည်းများအပေါ်လည်း ယုံကြည်မှုကင်းမဲ့ကြတော့သည်။ နိုင်ငံတကာမျက်နှာစာတွင် သိက္ခာကျရသည်။

ထိုသို့ဓားပြမှု၊ သူခိုးဆူလုယက်သူပေါ်မှု၊ လိမ်ညာခံရမှုမဖြစ်ကြစေရန် မြတ်ဗုဒ္ဓက စောင့်ရှောက်ပုံများကို ဟောကြားခဲ့သည်။ ဓားပြ၊ သူခိုးနှင့် လိမ်ညာသူများ၏ ဘေးမှ ကင်းဝေးစေရန် ရည်ရွယ်၍ ရှေးကဆောင်ရွက်ကြပုံနှင့် ယနေ့ခေတ် ဆောင်ရွက်သင့်သည်များကို ဖော်ပြသွားပါမည်။

**စောင့်ရှောက်ရမည့် နည်းလမ်းအသွယ်သွယ်**

မြတ်ဗုဒ္ဓ၏တရားအနှစ်ချုပ်မှာ **အကြင်အရျင်းအရာဖြင့် ခိုးသူတို့သည် ယူခြင်းငှာ မစွမ်းနိုင်ကုန်၊ ထိုအချင်းအရာဖြင့် စောင့်ရှောက်ရမည်**ဟု ဖြစ်သည်။ ဤသည်ကို မြတ်ဗုဒ္ဓ၏တရားများက အခြေခံဖော်ပြခြင်းဖြစ်သည်။

**ပထမ** ရွှေ၊ ငွေ တန်ဖိုးရှိပစ္စည်းများကို လုံခြုံစွာ သိမ်းဆည်းရမည်။ ရှေးက ပစ္စည်းကို မြေအိုးတွင်ထည့်ပြီး မြေ၌မြှုပ်နှံသိမ်းဆည်းကြသည်။ တချို့က ဆန်အိုးအတွင်း မြှုပ်ထားကြသည်။ တချို့က အိမ်၏ဝါးတိုင်ဖောက် ထည့်သွင်းသိမ်းဆည်းသည်။ ယနေ့ခေတ်ကာလတွင် ဘဏ်၌အပ်နှံသိမ်းဆည်းကြသည်။ အိမ်တွင် သိမ်းဆည်းလျှင် မီးခံသေတ္တာ၊ သံသေတ္တာတွင်ထည့် သော့ခတ်သိမ်းဆည်းကြသည်။ ခြံဝင်းတံခါး၊ အိမ်ဝင်တံခါး၊ အခန်းတံခါးနှင့် သေတ္တာကို သော့ခတ်ပြီး လုံခြုံစွာသိမ်းဆည်းကြသည်။ ဘဏ်စာရင်းကို လျှို့ဝှက်ထားရမည်။

**ဒုတိယ** မရွှေ့မပြောင်းနိုင်သော အိမ်ခြံမြေ၊ ဥယျာဉ်မြေ၊ လယ်ယာမြေများဝယ်ယူပြီး ငွေကြေးကို ရင်းနှီးထားရမည်။ ငွေချည်းသိမ်းဆည်းသည်ထက် လုံခြုံသည်။ တန်ဖိုးတိုးတက်သည်။ ယနေ့ကာလတွင် ကုန်ဝယ်လှောင်ခြင်း၊ ကုန်သွယ်ခြင်းပြုကြသည်။ မြေဝယ် အိမ်၊ တိုက်ဆောက်ပြီး အငှားတင်ထားကြသည်။

**တတိယ** ငွေချေးငှားခြင်းပြုလျှင် ခိုင်မာသော စာချုပ်စာတမ်းဖြင့် ပြုလုပ်ရမည်။ မည်မျှရင်းနှီးသည် ဖြစ်စေ ငွေပေးငွေယူမပြုရပါ။ သတိ၊ အသိ အမြဲရှိနေရမည်။ နေ့စဉ်သတင်းစာ၊ ဂျာနယ်များ လေ့လာဖတ်ရှုပြီး မိတ်ဆွေများဖြင့် သတင်းဖလှယ်ပြုရမည်။

**စတုတ္ထ** နေအိမ်ဆောက်လုပ်ရာတွင် သူခိုးဓားပြဘေး လုံခြုံအောင်တည်ဆောက်ရမည်။ အခန်းလုံးဝမပါသော အိမ်ဆောက်ပြီးနေရာမှ ရွှေငွေသေတ္တာပျောက်ရှုမှုဖြစ်ပွားနိုင်သည်။

**ပဉ္စမ** သူခိုးဓားပြဝင်လာပါက အချက်ပေးအသံစနစ်တပ်ဆင်ခြင်းပြုရမည်။ ယနေ့ကာလတွင် ရုံးများ၊ ဘဏ်များ၊ ကုန်တိုက်ကြီးများ၊ စက်ရုံအလုပ်ရုံများ၊ ဆေးရုံများ စသည်နှင့် ယာဉ်ကြီးများတွင် CCTV ကင်မရာများတပ်ဆင်ပြီး သူခိုးဓားပြဘေးမှ စောင့်ရှောက်ထားကြသည်။ နေ့ညအစောင့်ချထားပြီး ကာကွယ်ကြသည်။ ရပ်ကွက်အတွင်း အိမ်တချို့တွင် ခွေးမွေးထားကြသည်။ ရှေးလူကြီးများက အိမ်တွင် သာလိကာ၊ ကြက်တူရွေးကို အိမ်အဝင်တွင်မွေးပြီး သူစိမ်းဝင်လာမှုကို သိရှိစေရန် သင်ကြားပေးထားကြသည်။

❖ ခိုးမှု၊ ဓားပြမှု ကျူးလွန်သူများကို ထိရောက်စွာဖော်ထုတ်အရေးယူရမည်။ ရှေးက သူခိုး၏ခြေလက်ဖြတ်ကာ ပြည်နှင်ဒဏ်ပေးခဲ့သည်ကို လေ့လာသိရှိရသည်။ အဇာတသတ်မင်းကြီးသည် ရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တော်ကြီးအားသတ်သူ ခိုးသားငါးရာကို ကိုယ့်ကျင်းကိုယ်တူးစေပြီး ခန္ဓာကိုယ်ကိုမြေမြှုပ်ဦးခေါင်းသာဖော်ထားပြီး သံထွန်ခြစ်ကို မြင်းများဖြင့်ဆွဲစေပြီးသေစေခဲ့သည်။ ယနေ့ခေတ်တွင်လည်း ကျင့်သုံးသောဥပဒေဖြင့် သူခိုးဓားပြများကိုလည်း ထိရောက်စွာ နှိမ်နင်းရမည်။ သို့မှ ကြီးသည့်အမှုငယ်ပြီး ငယ်သည့်အမှုပပျောက်အောင် ကာကွယ်နိုင်မည်။ ❖

ရန်ကုန်မြို့မှ ဘတ်စကားပေါ်တွင် ခါးပိုက်နှိုက်သတိထားဟူသောစာသားရေးထားသည်။ ကုန်ပဒေသာဆိုင်ကြီးများတွင် ဆိုင်ကယ်ပျောက်တတ်သည်။ အစောင့်ထားပါဟူသော စာသားချိတ်ထားသည်။ ဤသို့ဖြင့် သူခိုး၊ ဓားပြဘေးမှ စောင့်ရှောက်မှုပြုကြသည်။

**ဆဋ္ဌမ** သူခိုးဓားပြဝင်လာပါက ခုခံရန်ကိရိယာများ၊ ရှောင်တိမ်းရန်ကိရိယာများ အသင့်ထားရှိရမည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ဖြစ်စဉ်တစ်ရပ်ပြောပြမည်။ တစ်ချိန်က ရွှေဘိုမြို့ မြောက်ဘက်ဝါးဘိုးတောရွာတွင် အိမ်တစ်အိမ်ကို ဓားပြဝင်တိုက်သည်။ အိမ်ရှင်ယောက်ျားက ခုခံကာကွယ်သည်။ ကျန်လူများက "ဓားပြ၊ ဓားပြ"ဟု အော်ကြသည်။ ထိုအခါ ရွာတွင်းမှ လူများက တုတ်ဓားများကို ကိုင်ထွက်လာပြီး ဓားပြကို ဝိုင်းဖမ်းရာ တချို့ထွက်ပြေးပြီး တစ်ဦးကို အရှင်ဖမ်းမိသည်။ ဓားပြတိုက်သူများ အသက်လုပြီး ထွက်ပြေးသွားရသည်။ ပစ္စည်းဥစ္စာပါမသွား။ ထို့ကြောင့် အိမ်ရှင်၊ ဆိုင်ရှင်နှင့် လုံခြုံရေးဆောင်ရွက်သူများသည် အကာအကွယ်ပစ္စည်း အသင့်ရှိရမည်။ သတ္တိရှိရမည်။ စွန့်စားစွာ ခုခံခြင်းဖြင့် ပစ္စည်းဆုံးရှုံးမှုနည်းပါးမည်။

**သတ္တမ** ညအချိန်အိပ်စက်ရာ၌ သတိဖြင့် အိပ်ရမည်။

**အဋ္ဌမ** ဘာသာရေး၊ လူမှုရေးကို ခုတုံးလုပ်ပြီး လိမ်လည်မှုများရှိကြသည်။ ဤသည်ကို သတိ၊ အသိဖြင့် ဆောင်ရွက်ရမည်။ ငွေလာတောင်းလျှင်၊ ငွေလာချေးလျှင် စေတနာရှိသမျှပေးလိုက်ပါ။ မချေးငှားပါနှင့်။ ငွေချေးငှားသူသည် အမှန်တကယ်လိုအပ်၍ ချေးငှားသလား၊ ချေးငွေတိုးပွားစေရန် မည်သည့်လုပ်ငန်းလုပ်မည်နည်း၊ ဘယ်နေ့ဘယ်ရက်တွင် ပြန်ဆပ်မည်နည်း စသည်ဘက်စုံထောင့်စုံစုံစမ်းရမည်။ စစ်ဆေးရမည်။ ချေးသင့်မှ ခိုင်လုံသောစာချုပ်ဖြင့် ချေးငှားရမည်။ အားနာ၍၊ သနား၍၊ အတိုးမြိုးမြိုးမြက်မြက်ရလို၍ မချေးငှားရပါ။ ချေးငှားလျှင် ဆုံးရှုံးရတတ်သည်။

ဘာသာရေးကိုခုတုံးလုပ်ပြီး အလှူခံခြင်းများလည်းရှိသည်။ အစစ်လား၊ အတုလား စိစစ်ရမည်။ အမှန်တကယ်စစ်မှန်သည့်တိုင် မနည်းလွန်း၊ မများလွန်းသာ လှူဒါန်းရမည်။

**နဝမ** ပစ္စည်းဥစ္စာရတနာ ရွှေငွေများကို သတိပညာဖြင့် စောင့်ရှောက်ရမည်။ သတိလက်လွတ် ငှက်တောင်ကျွတ်ဟူသော စကားရှိသည်။ သတိလက်လွတ်သည်နှင့် ငှက်အတောင်ကျွတ်သည့်နှယ် ဒုက္ခဖြစ်တော့သည်။ ဘတ်စကားပေါ်တွင် ဟန်းဖုန်းသူခိုးနောက်ပါသွားမှု၊ စက်ဘီးသော့မခတ်မိမှု၊ အိမ်တံခါးမကြီး မပိတ်မိမှုများသည် သတိလက်လွတ်ကြခြင်းဖြစ်သည်။ ထိုကဲ့သို့ မဆုံးရှုံးစေရန် လုံခြုံရေးသတိကို ၁၀၀ ရာခိုင်နှုန်းထားဆောင်ရွက်ရမည်။

ဖော်ပြပါအချက် ကိုးချက်သည် မြတ်ဗုဒ္ဓက လမ်းညွှန်ထားသော သူခိုးဓားပြဘေးမှ စောင့်ရှောက်ပုံတရားစုပင်ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ တရားလိုက်နာလျှင် ချမ်းသာမည်။

ဆက်လက်ဖော်ပြမည့် အကြောင်းအရာများမှာ လုံခြုံရေးတာဝန်ရှိသူများက ဆောင်ရွက်ရန်နှင့် ပြည်သူများက ဆောင်ရွက်ရန်တို့ဖြစ်သည်။

**လုံခြုံရေးတာဝန်ရှိသူများက ဆောင်ရွက်ရန်**

ရပ်ကွက်ကျေးရွာတွင် စီမံအုပ်ချုပ်နေသော အကြီးအကဲများ၏ တာဝန်၊ ဝတ္တရားနှင့် ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များကို ထိုသူတို့သိရှိပြီး ရပ်ကွက်ကျေးရွာများအတွင်း သူခိုးဓားပြကင်းရှင်းရေးကိုဆောင်ရွက်ကြရေးဖြစ်သည်။ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရမည်။ ပြစ်မှုကျူးလွန်သူများ မကျူးလွန်စေရန် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားလာပါက ထိရောက်စွာ နှိမ်နင်းရေးကို ဆောင်ရွက်ရန် မြို့နယ်အဆင့် တာဝန်ရှိသူများက လိုအပ်သောလမ်းညွှန်မှု အစီအမံများ ဆောင်ရွက်ပေးရမည်။

ရပ်ကွက်ကျေးရွာအတွင်း နေ့ညလှည့်ကင်းများ၊ ရပ်ကင်းများထားရှိရမည်။ မကောင်းမှုကျူးလွန်ရာနေရာများတွင် မကြာခဏလှည့်ပေးရမည်။ ပုံမှန်လှည့်ခြင်းရှောင်ပြီး လျှပ်တစ်ပြက်လှည့်ပေးရမည်။

ခိုးမှု၊ ဓားပြမှုကျူးလွန်သည်ကို တိုင်တန်းကြရမည်။ ပထမရပ်ကွက်အုပ်ချုပ်နေသူများထံ။ ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံ တိုင်ရမည်။ အမှုဖွင့်အရေးယူမှုကိုလည်း သက်ဆိုင်ရာ လုံခြုံရေးဆောင်ရွက်ရသူများက တိကျစွာလိုက်နာဆောင်ရွက်ပေးကြရမည်။

ခိုးမှု၊ ဓားပြမှု ကျူးလွန်သူများကို ထိရောက်စွာဖော်ထုတ်အရေးယူရမည်။ ရှေးက သူခိုး၏ခြေလက်ဖြတ်ကာ ပြည်နှင်ဒဏ်ပေးခဲ့သည်ကို လေ့လာသိရှိရသည်။ အဇာတသတ်မင်းကြီးသည် ရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တော်ကြီးအားသတ်သူ ခိုးသားငါးရာကို ကိုယ့်ကျင်းကိုယ်တူးစေပြီး ခန္ဓာကိုယ်ကိုမြေမြှုပ် ဦးခေါင်းသာဖော်ထားကာ သံထွန်ခြစ်ကို မြင်းများဖြင့် ဆွဲစေပြီး သေစေခဲ့သည်။ ယနေ့ခေတ်တွင်လည်း ကျင့်သုံးသောဥပဒေဖြင့် သူခိုးဓားပြများကိုလည်း ထိရောက်စွာ နှိမ်နင်းရမည်။ သို့မှ ကြီးသည့်အမှုငယ်ပြီး ငယ်သည့်အမှုပပျောက်အောင် ကာကွယ်နိုင်မည်။

သူခိုးဓားပြကျူးလွန်မှုနှင့် ပြစ်ဒဏ်စီရင်ချက်များကို သတင်းစာများတွင် ဖော်ပြရမည်။ သို့ဖြင့်ပြည်သူများ သတိ၊ ပညာရရှိကြကာ ပြစ်မှုမဖြစ်ပွားစေရန် ဆင်ခြင်နိုင်မည်။ ကြိုတင်ကာကွယ်နိုင်မည်။

**ပြည်သူများ လိုက်နာဆောင်ရွက်ရန်**

မိဘများက သားငယ်၊ သမီးငယ်များကို တစ်ပါးသူပစ္စည်းဥစ္စာကိုသော်လည်းကောင်း၊ ဟင်းရွက်တစ်ညွန့်ကိုသော်လည်းကောင်း၊ ပန်းတစ်ပွင့်ကိုသော်လည်းကောင်း ခိုးယူခူးဆွတ်ခြင်းမပြုရန် ဆုံးမပဲ့ပြင်ရမည်။

ကျောင်းပညာ သင်ကြားပေးနေသော ကျောင်းဆရာနှင့် အတတ်ပညာများ သင်ကြားပေးနေသော ဆရာများအနေဖြင့် သူတစ်ပါးပစ္စည်းဥစ္စာကို အပ်တိုတစ်ချောင်းမှစ၍ ခိုးယူခြင်းမပြုရန်သွန်သင်ဆုံးမရမည်။

ဗုဒ္ဓဘာသာမှ ဆရာတော်များ၊ ခရစ်ယာန်ဘာသာမှ ဆရာတော်နှင့် ဓမ္မဆရာများ၊ အစ္စလာမ်ဘာသာမှ ဗလီဆရာကြီးများ၊ ဟိန္ဒူဘာသာမှ ဘုန်းတော်ကြီးများအနေဖြင့်လည်း မိမိတို့ဘာသာဝင်များကို ခိုးမှုမကျူးလွန်ရန် တရားပြကြရမည်။

လူကြီးများအနေဖြင့်လည်း ခါးဝတ်ပုဆိုးပမာမြဲရမည့် သူတစ်ပါးပစ္စည်းခိုးမှုကို လုံးဝဆင်ခြင်ကြရမည်။ မကျူးလွန်မိရန် မိမိကိုယ်ကို ထိန်းသိမ်းရမည်။ သူတစ်ပါးပစ္စည်းကို မစင်သဖွယ်ရွံရှာကြရမည်။

ပြည်သူများအနေဖြင့် ခိုးမှု၊ ဓားပြမှု ကျူးလွန်ခံရပါက သက်ဆိုင်ရာရပ်ကွက် အကြီးအကဲများ၊ ရဲစခန်းများသို့တင်ပြတိုင်တန်းကြရမည်။ သို့မှလည်း အုပ်ချုပ်သူများက လုံခြုံရေးစီမံနိုင်မည်။

ယနေ့ကာလတွင် လူတချို့သည် သူခိုးဟု အစွပ်စွဲခံရမည်ကို မကြောက်ကြပါ။ ဓားပြဟု သတ်မှတ်ခံရမည်ကိုမရှက်ကြပါ။ လူလိမ်လူညာဟု အထင်ခံရမည်ကို စိုးရိမ်သောကမရောက်ကြပါ။ အမှန်မှာ အလွန်စိုးရိမ်ရမည်။ မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ရမည်။ ကောင်းစွာမွေးမြူရမည်။

ကလေးလူကြီးများအားလုံး ရိုးသားစွာမခိုးမဝှက်၊ မတိုက်မခိုက်၊ မလိမ်မညာနေကြပါက သူခိုးဓားပြ လိမ်ညာသူ လုံးဝကင်းသွားမည်။ ဤအမှုများ ကျူးလွန်ခြင်းဖြင့်လည်း မကြွယ်ဝ၊ မချမ်းသာနိုင်ပါ။ ကြီးပွားချမ်းသာပြီး စိတ်ချမ်းမြေ့စွာနေထိုင်နိုင်စေရန်မှာ ရိုးသားကြိုးစားပြီး စားဝတ်နေမှုအစုစုကို လုပ်ကြရမည်။ သူတစ်ပါးမျက်ရည်ကျမှ ကိုယ်ထမင်းစားရမည့်အရေး မတွေးအပ်ပါပေ။ မလွန်ကျူးအပ်ပါပေ။


အဓိကအချက်မှာ မြတ်ဗုဒ္ဓ၏ သူခိုးဓားပြဘေး စောင့်ရှောက်ပုံတရားတော်အတိုင်း ပြည်သူများက သတိတရားဖြင့် နေထိုင်ကြမည်ဆိုလျှင် သူခိုးဓားပြ ဆူပူနေသောအခြေအနေမှ လွတ်ကင်းကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

ရန်သူမျိုးငါးပါးအပါအဝင်ဖြစ်သော သူခိုးဓားပြဘေးမှ ကင်းဝေးကြပါစေ။ ကောင်းစွာစောင့်ရှောက်နိုင်ကြပါစေ။

**ကိုးကား**

- **မြတ်ဗုဒ္ဓ(ဘီစီ ၆၂၃-၅၄၃)၏ ပိဋကတ်တော်လာ ကြီးပွားရေးလမ်းညွှန်ချက်များ**
  **အရှင်ကဝိမဇ မဟာဓမ္မာစရိယ**
  **သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**
  **သာသနာရေးဝန်ကြီးဌာန။**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူမှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ရန်ကုန်တိုင်းဒေသကြီးတွင် နှမ်းစပါးနှင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ရန် စိုက်ပျိုးရေးကုမ္ပဏီ ၁၄ ခုနှင့် တောင်သူဦးရေ ၂၀၀၀ ကျော်စာချုပ်ချုပ်ဆို

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီးတွင် နွေစပါးနှင့် ပဲတီစိမ်းကို စိုက်ပျိုးရေးကုမ္ပဏီများနှင့် တောင်သူများ အကျိုးတူ ပူးပေါင်းစိုက်ပျိုးထုတ်လုပ်ရန် စိုက်ပျိုးရေးကုမ္ပဏီ ၁၄ ခုနှင့် တောင်သူဦးရေ ၂၀၀၀ ကျော်တို့ စာချုပ်ချုပ်ဆိုထားကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးသိန်းထံမှ သိရသည်။

ထိုကဲ့သို့ လယ်စိုက်တောင်သူများနှင့် စိုက်ပျိုးရေးကုမ္ပဏီများကြား အကျိုးတူလယ်ယာစနစ် အကောင်အထည်ဖော်ရာတွင် စိုက်ပျိုးရေးကုမ္ပဏီက တောင်သူများ လိုအပ်သည့် သွင်းအားစုများအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းခန့် ပံ့ပိုးပေးသွားမည်ဖြစ်ပြီး နွေစပါးသီးနှံ ရိတ်သိမ်းချိန်ကာလပေါက်ဈေးအတိုင်း ဝယ်ယူပေးမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ ပဲတီစိမ်းကို အကျိုးတူ စိုက်ပျိုးထုတ်လုပ်ဖို့ ဧက ၂၀၀၀၀ ကျော် လျာထားရာမှာ စိုက်ပျိုးရေးကုမ္ပဏီ ခြောက်ခုနဲ့ တောင်သူတွေ အကျိုးတူပူးပေါင်း ဆောင်ရွက်ဖို့ စာချုပ်ချုပ်ပြီးတာက ဧက ၁၅၀၀၀ ကျော်ဖြစ်ပါတယ်။ နွေစပါးအနေနဲ့ ဧက ၃၀၀၀၀ လျာထားရာမှာ စိုက်ပျိုးရေးကုမ္ပဏီရှစ်ခုနဲ့ တောင်သူတွေ အကျိုးတူ ပူးပေါင်းဆောင်ရွက်ဖို့ စာချုပ်ချုပ်ပြီးတာက ဧက ၁၀၀၀၀ ကျော်ဖြစ်ပါတယ်။ အဲဒီ နွေစပါးနဲ့ ပဲတီစိမ်းပေါင်းလိုက်ရင် ကုမ္ပဏီ ၁၄ ခုနဲ့ တောင်သူအယောက် ၂၀၀၀ ကျော် စာချုပ်ချုပ်ပြီးသွားပါပြီ"ဟု ဦးစိုးသိန်းကပြောပြသည်။



အကျိုးတူ လယ်ယာစနစ်တွင် အကျိုးတူ လယ်ယာစနစ်ဆောင်ရွက်မည့် တောင်သူအစုအဖွဲ့၊ သွင်းအားစုထည့်သွင်းမည့် စိုက်ပျိုးရေးကုမ္ပဏီများ၊ ပေါက်ဈေးဖြင့် စပါးဝယ်ယူမည့် ကုမ္ပဏီများပါဝင်ပြီး သုံးဦးသုံးဖလှယ် စာချုပ်ချုပ်ဆိုကြခြင်းဖြစ်ကြောင်း၊ ထိုသို့စာချုပ် ချုပ်ဆိုခြင်းကို ဇန်နဝါရီ ၁၆ ရက်က စတင်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး စာချုပ်ချုပ်ဆိုရာတွင် စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနတို့က အသိသက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုးထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲတီစိမ်းကို သန်လျင်၊ ကျောက်တန်း၊ သုံးခွနှင့် ခရမ်းမြို့နယ်၊ နွေစပါးကို ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ တိုက်ကြီး၊ မှော်ဘီနှင့် လှည်းကူးမြို့နယ်တွင် စိုက်ပျိုးရေးကုမ္ပဏီများနှင့် တောင်သူများ အကျိုးတူ ပူးပေါင်းစိုက်ပျိုးသွားရန် ဆောင်ရွက်နေကြောင်း သိရသည်။

ASH

# ဆောင်းတွင်းနံနက် မေ့ရင်ထက်ဝယ်

- ကျုပ်မမွေးခင် ကျုပ်မိခင်က  
ဝမ်းတွင်လွယ်ထား သွေးသွေးသားကို  
ထိပါးမည့်ရေး ပူပန်တွေး၍  
အလေးမ မ အသာထလျက်  
ကျနသေချာ စားသောက်ကာဖြင့်  
လွယ်ကာကိုးမှ ဖွားဆယ်လတွင်  
သင်းလှခွာညို လပြာသို၏  
ဖြာစိုနှင်းကျ ဆောင်းတစ်ညဝယ်  
လှပလှရွှာ ကျုပ်ရောက်လာဟု  
ဇာတာရေးသား မော်ကွန်းထား၏။

- ကျုပ်ကားငယ်စဉ် ကျုပ်မိခင်က  
ကျုပ်လျှင်လှပ ကျုပ်နွေးရအောင်  
နှင်းကျရွှဲစို လပြာသို၏  
ထိုထိုတစ်ရက် ဆောင်းနံနက်တွင်  
အေးချက်ကမ်းကုန် ချမ်းချမ်းတုန်ကြောင့်  
ကိုယ်လုံပူအောင် ခြုံထည်စောင်ဖြင့်  
အဆောင်ထပ်ထပ် ချည်နှောင်ပတ်ပြီး  
ရင်ဘတ်ထွေးကာ အိပ်မျက်နှာမှ  
လောင်စာမီးဟုန် ထင်းမီးပုံ၌  
ခိုလှုံစေမှု ဆောင်းအန်တုသည်  
ညွှန်းတုစရာ မရှိပါသော  
မာတာမိခင် ကျေးဇူးရှင်။

- ထိုစဉ်လှမ်းကြည့် တစ်လံရှိဝယ်  
မြင်မိခွေးမ သားတစ်လနှင့်  
အေးလှဆောင်းပြင်း ပြာပုံတွင်း၌  
အခင်းမပါ စောင်ဗလာဖြင့်  
ဘာညာမပီ တအီအီကြောင့်  
အနို့ခွေးသား မငိုငြားအောင်  
သူကားရှိရာ နို့ပိန်လွှာကို  
အသာငုံပေး နို့ချိုကျွေး၍  
အအေးကိုဖျောက် နှင်းပေါက်ပေါက်တွင်  
ကွေးခေါက်ခန္ဓာ ခြုံစောင်လွှာသို့  
ရင်မှာပိုက်ထွေး သွေးသားနွေးအောင်  
သူတွေးကြံဆ ထိုခွေးမ၏  
အလှသစ္စာ ရွှေမေတ္တာကို  
ပေးစာညွှန်းဆို ဂုဏ်ပြုလို၏။ ။

**မန္တလာပြေ**

# မိုင်းဖြတ်မြို့နယ် နားမွန်း/နားလီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းဖြတ် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားမွန်း/နားလီးကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှု လျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၃၃ သိန်းဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများက နားမွန်း/နားလီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နားမွန်း/နားလီးကျေးရွာတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ငွေကျပ်သိန်း၃၀၀ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၃၃ သိန်း ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ခင်မာ**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## နိုင်ငံတကာ သတင်းများ

# ရုရှား၏ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောသစ် အာတိတ်ယာယီအခြေစိုက်စခန်းသို့ ထွက်ခွာ

**မော်စကို ဇန်နဝါရီ ၁၈**

ရုရှားရေတပ်၏အသစ်စက်စက် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောဖြစ်သည့် ဂျင်နရယ်လစ်ဆီမိုဆူဗိုရော့ဗ်သည် ယာယီအခြေစိုက်စခန်းရှိရာ အာတိတ်သမုဒ္ဒရာဒေသသို့ ထွက်ခွာပြီဖြစ်ကြောင်း ရုရှားပြည်တွင်းမီဒီယာများကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျင်နရယ်လစ်ဆီမိုဆူဗိုရော့ဗ်သည် ရုရှားသမ္မတ ပူတင်ကိုယ်တိုင် ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရုရှားရေတပ်သို့ တရားဝင်လွှဲပြောင်းပေးခဲ့သော မဟာဗျူဟာမြောက် ရေငုပ်သင်္ဘောဖြစ်သည်။

အဆိုပါ ရေငုပ်သင်္ဘောသည် ဆီဗီရိုဗင့်ခ်မြို့မှတစ်ဆင့် အာတိတ်သမုဒ္ဒရာဒေသအတွင်းရှိ မြောက်ပိုင်းရေတပ်အုပ်စု ယာယီအခြေစိုက်စခန်းသို့ စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနတာဝန်ရှိသူများက ပြည်တွင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

ဂျင်နရယ်လစ် ဆီမိုဆူဗိုရော့ဗ်သည် ရုရှားရေတပ်၏ ပစိဖိတ်ရေတပ် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများနှင့် ပူးပေါင်းပြီး စစ်ဆင်ရေးများလုပ်ဆောင်မည်ဖြစ်ကာ အဆိုပါရေငုပ်သင်္ဘောသည် ရုရှားရေတပ်၏ ဆဋ္ဌမမြောက် ဘိုရီးအတန်းအစား နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောဖြစ်သည်။

ယင်းရေငုပ်သင်္ဘော၌ နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သည့် ဘူလာဗာအမျိုးအစား တိုက်ချင်းပစ်ဒုံးကျည်များ တပ်ဆင်ထားသည်ဟု ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။ KKO

# မြို့တော်သစ်နေရာ၌ ဝန်ထမ်းအိမ်ရာများ စတင်တည်ဆောက်ရန် အင်ဒိုနီးရှားစီစဉ်



**ဂျကာတာ ဇန်နဝါရီ ၁၈**

အင်ဒိုနီးရှားနိုင်ငံသည်ယခုနှစ် ပထမသုံးလပတ်အတွင်း ဘော်နီယိုကျွန်းရှိ မြို့တော်သစ်နေရာ၌ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံ တန်ဖိုးရှိဝန်ထမ်းအိမ်ရာများ စတင်တည်ဆောက်မည် ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် မြို့တော်သစ်အား ဂျကာတာမှ ဘော်နီယိုကျွန်းသို့ရွှေ့ပြောင်းမည့် အစီအစဉ်ကို ၂၀၁၉ ခုနှစ်တွင် ကြေညာထားပြီးဖြစ်သည်။

အဆိုပါ မြို့တော်သစ်သို့ ရွှေ့ပြောင်းရမည့် အစိုးရဝန်ထမ်းများအတွက် အိမ်ရာများတည်ဆောက်ရန် လက်ရှိအချိန်တွင် ဆောက်လုပ်ရေး ကုမ္ပဏီများနှင့် ဆွေးနွေးနေကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားတာဝန်ရှိသူများ၏ အဆိုအရ တည်ဆောက်ရေးလုပ်ငန်းများကို ယခုနှစ် ဒုတိယသုံးလပတ်အတွင်း စတင်နိုင်ကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီများသည် မြို့တော်သစ်နေရာ၌ အစိုးရဝန်ထမ်း၊ လက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်ဦးရေ ၁၄၅၀၀ တို့အတွက် တိုက်ခန်းများကို ဆောက်လုပ်ပေးမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၄ ခုနှစ်အရောက်တွင် နူဆန်တာရာဟု အမည်ပေးထားသည့် မြို့တော်သစ်သို့ အစိုးရဌာနအချို့နှင့် ဝန်ထမ်းများကို စတင်ရွှေ့ပြောင်းပေးရန် စီစဉ်ထားကြောင်း သိရသည်။ KKO

# ဂျက်အဲဝေးစ်လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်လေးစင်း အိန္ဒိယဒေသန္တရအာဏာပိုင်များ သိမ်းယူထား



**ဒေလီ ဇန်နဝါရီ ၁၈**

ဂျက်အဲဝေးစ်လေကြောင်းလိုင်းပိုင်ခရီးသည်တင်လေယာဉ်လေးစင်းကို အိန္ဒိယဒေသန္တရအာဏာပိုင်များက သိမ်းယူထားကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၁၇ ရက်တွင် ဖော်ပြခဲ့သည်။

လေဆိပ်ဝန်ဆောင်မှု အပိုဆုကြေးများပေးရန် ပျက်ကွက်မှုဖြင့် ဂျက်အဲဝေးစ်လေကြောင်းလိုင်း လေယာဉ်လေးစင်းကို မွမ်ဘိုင်းခရိုင်အုပ်ချုပ်ရေးအဖွဲ့က သိမ်းယူထားခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်များထဲတွင် ဘိုးအင်းလေယာဉ် သုံးစင်းနှင့် အဲဘတ်စ် လေယာဉ်တစ်စင်းတို့ ပါဝင်ကြောင်း သိရသည်။

ဂျက်အဲဝေးစ်လေကြောင်းလိုင်း ကိုယ်စားလှယ်များအနေဖြင့်အိန္ဒိယတာဝန်ရှိသူများထံ ပေးရမည့် လေဆိပ်ဝန်ဆောင်မှု အပိုဆုကြေးရူပီးငွေ ၉၆၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၁၇၆၀ ဒသမ ၃၈ ဒေါ်လာ) ကို ပေးချေရန်ပျက်ကွက်မှုကြောင့် ယင်းလေကြောင်းလိုင်းပိုင်လေယာဉ်များကို သိမ်းယူထားခြင်းဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လေယာဉ်များ အသိမ်းခံထားရမှုနှင့်ပတ်သက်၍ ဂျက်အဲဝေးစ်လေကြောင်းလိုင်းက တစ်စုံတစ်ရာ တုံ့ပြန်ခြင်း မရှိသေးကြောင်း သိရသည်။ KKO

# ယူကရိန်းငြိမ်းချမ်းရေးအတွက် သေချာသည့်အဆိုပြုချက် မတွေ့ရသေးကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးပြောကြား

**မော်စကို ဇန်နဝါရီ ၁၈**

ယူကရိန်းငြိမ်းချမ်းရေးအတွက် သေချာသည့် အဆိုပြုချက်မျိုး ရုရှားနိုင်ငံအနေဖြင့် မတွေ့ရသေးကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့ဗ်က ယနေ့တွင် ပြောကြားလိုက်သည်။

ယူကရိန်းသမ္မတ ဇီလန်စကီး၏ ယူကရိန်းငြိမ်းချမ်းရေးအဆိုပြုချက်များကိုလည်း ကျိုးကြောင်းကိုက်ညီမှုမရှိသည့် ငြိမ်းချမ်းရေးအဆိုပြုချက်များအဖြစ် ရုရှားနိုင်ငံခြားရေးဝန်ကြီးကဝေဖန်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ အနောက်အုပ်စုနိုင်ငံများနှင့် ဆွေးနွေးရန်၊ သေချာသည့်အဆိုပြုချက်မှန်သမျှကို တုံ့ပြန်ရန် ရုရှားနိုင်ငံအနေဖြင့် အသင့်ရှိကြောင်း၊ သေချာသည့် အဆိုပြုချက်မျိုးကို ရုရှားနိုင်ငံအနေဖြင့် မတွေ့ရသေးကြောင်း နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့ဗ်က မော်စကိုမြို့၌ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ယူကရိန်းနှင့် အခြားရုရှားအိမ်နီးချင်းနိုင်ငံများမှ စစ်ရေးအခြေခံ အဆောက်အအုံများကို ဖယ်ရှားပေးရန် မော်စကိုသတင်းစာရှင်းလင်းပွဲ၌ ရုရှားနိုင်ငံခြားရေးဝန်ကြီးက ထပ်မံတောင်းဆိုခဲ့သည်။

ယူကရိန်း ပြဿနာအတွက် သေချာသည့်အဆိုပြုချက်မျိုး ရှိခဲ့လျှင် ရုရှားနိုင်ငံအနေဖြင့် ယင်းအဆိုပြုချက်ကို စဉ်းစားသုံးသပ်ဆုံးဖြတ်ပေးရန် အသင့်ရှိဟု နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့ဗ်က ပြောကြားခဲ့ကြောင်း သိရသည်။

သို့သော် ယူကရိန်းသမ္မတ ဇီလန်စကီး အဆိုပြုထားသော ယူကရိန်းငြိမ်းချမ်းရေးအဆိုပြုချက်များမှာ ကျိုးကြောင်းဆီလျော်မှု ကင်းမဲ့မှုများကြောင့် ယင်းအဆိုပြုချက်များအတွက် မိမိတို့အနေဖြင့် ဆွေးနွေးရန်မဖြစ်နိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့ဗ်က ပြောကြားခဲ့ကြောင်း သိရသည်။ KKO

# ယူကရိန်းနိုင်ငံ ကီယက်မြို့ပြင်၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျ သေဆုံးသူ ၁၈ ဦးတွင် ယူကရိန်းပြည်ထဲရေးဝန်ကြီးပါဝင်နေ

**ကီယက်ဗ် ဇန်နဝါရီ ၁၈**

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ပြင် နေ့ကလေးထိန်းကျောင်းတစ်ကျောင်းအနီး၌ ယနေ့နံနက်ပိုင်းက ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ယူကရိန်းပြည်ထဲရေးဝန်ကြီးအပါအဝင် လူပေါင်း ၁၈ ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



ဘရိုဗာရီအမည်ရှိမြို့၌ ဖြစ်ပွားခဲ့သော အဆိုပါရဟတ်ယာဉ်ပျက်ကျမှုအတွင်း လူပေါင်း ၂၉ ဦးလည်း ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ယူကရိန်း ပြည်ထဲရေးဝန်ကြီး ဒင်းနစ်မိုနာစတာစကီးနှင့် ပထမလက်ထောက် ပြည်ထဲရေးဝန်ကြီး ယီဗင်နီယီနင်လည်း သေဆုံးခဲ့ရကြောင်းယူကရိန်းပြည်ထဲရေးဝန်ကြီးဌာနက အတည်ပြုထားသည်။


ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူ ၁၈ ဦးအနက် ကိုးဦးမှာ ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူများဖြစ်ပြီး ကျန်သေဆုံးသူများမှာ မြေပြင်၌ရှိနေစဉ် သေဆုံးခဲ့ရသူများဖြစ်သည်။

ပျက်ကျခဲ့သည့်ရဟတ်ယာဉ်မှာ ယူရိုကော့ပတာအီစီ ၂၂၅ စူပါပူမား ရဟတ်ယာဉ်အမျိုးအစားဖြစ်သည်။

ရဟတ်ယာဉ် ပျက်ကျရခြင်း အကြောင်းရင်းနှင့် ပတ်သက်၍ ယူကရိန်းတာဝန်ရှိသူများက တစ်စုံတစ်ရာထုတ်ပြောခြင်း မရှိသေးသလို ယူကရိန်းနှင့် စစ်ရေးပဋိပက္ခများဖြစ်ပွားနေသည့် ရုရှားနိုင်ငံကလည်း တစ်စုံတစ်ရာမှတ်ချက်ပေးခြင်းလည်း မရှိသေးကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ချန်ဒရာ X-ray အာကာသရေဒီယိုတယ်လီစကုပ်က မဟာအာကာသတွင်းနက် ၁၀၀၀ ခန့် ရှာဖွေပေးထားနိုင်



**ဝါရှင်တန် ဇန်နဝါရီ ၁၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ချန်ဒရာ X-ray အာကာသရေဒီယိုတယ်လီစကုပ်သည် မဟာအာကာသတွင်းနက် ၁၀၀၀ ခန့်ကို ရှာဖွေပေးထားနိုင်ကြောင်း ယူပီအိုင်သတင်းဌာနက ဇန်နဝါရီ ၁၇ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ နက္ခတ္တရူပ လေ့လာရေးဗဟိုဌာနမှ သိပ္ပံပညာရှင်များသည် ချန်ဒရာအာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိထားသော အချက်အလက်များကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ အမေရိကန်သိပ္ပံပညာရှင်များသည် ယခင်တွေ့ခဲ့ဖူးခြင်းမရှိသည့် မဟာအာကာသတွင်းနက် အမြောက်အမြားကို ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

ချန်ဒရာ အာကာသရေဒီယိုတယ်လီစကုပ်က တွေ့ရှိခဲ့သည့် မဟာအာကာသတွင်းနက်များမှာ အရေအတွက်အားဖြင့် ၈၁၇ ခု ထိရှိခဲ့ပြီး ထက်ဝက်ကျော်မှာ ယခင်က ပုန်းကွယ်နေခဲ့ကြသော အာကာသ တွင်းနက်များဖြစ်ကြကြောင်း သိရသည်။

ချန်ဒရာအာကာသရေဒီယိုတယ်လီစကုပ် ရှာဖွေတွေ့ရှိခဲ့သည့် မဟာအာကာသတွင်းနက်များသည် ကမ္ဘာမြေနှင့် အလင်းနှစ် သန်း ၅၅၀ နှင့် ၇ ဒသမ ၈ ဘီလီယံကြား အကွာအဝေးအတွင်း တည်ရှိနေကြောင်း သိရသည်။

အာကာသတွင်းနက်များသည် အလင်းရောင်ပင် ရှောင်မလွတ်အောင် ဖြပ်ဆွဲအားလွန်စွာပြင်းထန်သည့် အာကာသနယ်မြေများ ဖြစ်ကြသည်။

KKO

## အင်္ဂါဂြိုဟ်နှင့် ယူရိုပါဂြိုဟ်ရံလတို့ပေါ်ရှိ သက်ရှိများကိုရှာဖွေရာတွင် လက်ကိုင်လေဆာကိရိယာတစ်မျိုးက အထောက်အကူပေးနိုင်ဖွယ်ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၁၈**

လက်ကိုင်လေဆာကိရိယာတစ်မျိုးသည် အင်္ဂါဂြိုဟ်ပေါ်နှင့် ကြာသပတေးဂြိုဟ်၏ ယူရိုပါဂြိုဟ်ရံလတို့ပေါ်၌ သက်ရှိများကို ရှာဖွေရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၁၇ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ မေရီလန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ ဖန်တီးထားသည့် အဆိုပါလက်ကိုင်လေဆာကိရိယာသည် သေးငယ်သည့် ဂြိုဟ်ဒြပ်မှုန်များ၏ ဓာတုဖွဲ့စည်းပုံကို လေ့လာခြင်းဖြင့် အင်္ဂါဂြိုဟ်နှင့် ယူရိုပါဂြိုဟ်ရံလတို့ပေါ်ရှိ သက်ရှိများကို ရှာဖွေပေးနိုင်ကြောင်း သိရသည်။

အဆိုပါ လေဆာကိရိယာသည် ဓာတ်ခွဲခန်း၌ အသုံးပြုသည့် အလေးချိန် ပေါင် ၄၀၀ ရှိ ဆေးဝါးရှာဖွေရေးစက်တစ်မျိုးကို အရွယ်အစားချုံ့ဖန်တီးထားခြင်းဖြစ်သည်။



အလေးချိန် ၁၂ ပေါင်မျှသာရှိသည့် အဆိုပါလက်ကိုင်လေဆာကိရိယာသည် ဂြိုဟ်များပေါ်ရှိ ဒြပ်စင်များကို ခရမ်းလွန်ရောင်ခြည်လေဆာရောင်ခြည်ဖြင့် ထုတ်ယူ၍ Orbitrap ခေါ် နည်းပညာဖြင့် ဇီဝဒြပ်ပေါင်းများ ပါဝင်မှုရှိ၊ မရှိကို ဆန်းစစ်မည်ဖြစ်သည်။

မိမိတို့၏ လက်ကိုင်လေဆာကိရိယာသည် စူးစမ်းလေ့လာရေးလုပ်ငန်းများကြောင့် အာကာသနယ်မြေများဝန်းကျင်ညစ်ညမ်းမှု၊ နမူနာပစ္စည်းများပျက်စီးမှုပြဿနာတို့ကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ လက်ကိုင်လေဆာစနစ်ကို လာမည့် နှစ်အနည်းငယ်အတွင်း အာကာသတွင်းသို့ လွှတ်တင်နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။ KKO

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က စကြဝဠာ၏ ရှေးအကျဆုံးကြယ်စုအများအပြားကို ဖော်ထုတ်တွေ့ရှိထား

**ဝါရှင်တန် ဇန်နဝါရီ ၁၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် စကြဝဠာ၏ ရှေးအကျဆုံးကြယ်စုများဖြစ်နိုင်သော ကြယ်စုအများအပြားကို ဖော်ထုတ်တွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၇ ရက်က ရေးသားတင်ပြထားသည်။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က တွေ့ရှိထားသော ကြယ်စုပေါင်း ၈၇ ခုတို့မှာ စကြဝဠာအတွင်း ပထမဆုံးပေါ်ထွက်လာသည့် ကြယ်စုများဖြစ်နိုင်ကြောင်း အမေရိကန်နိုင်ငံ မစ်ဆူရီတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားပြီး အဆိုပါကြယ်စုများသည် စကြဝဠာစတင်ပေါ်ထွက်ခဲ့ပြီး နောက်ပိုင်း နှစ်ပေါင်းသန်း ၂၀၀ နှင့် သန်း ၄၀၀ ကြားတွင်ပေါ်ထွက်လာခဲ့သော ကြယ်စုများဖြစ်နိုင်ကြောင်း တွက်ချက်ထားသည်။

သို့ဖြစ်ရာ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိထားသောအချက်အလက်များအရ စကြဝဠာ၏ ပထမဆုံးကြယ်စုများပေါ်ထွက်ချိန်မှာ ယခင်ထင်မှတ်ထားသည်ထက်ပို၍စောကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

စကြဝဠာ၏ ရှေးအကျဆုံးကြယ်များကို အနီအောက်ရောင်ခြည် အလင်းရောင်ဖြင့်သာ မြင်နိုင်စွမ်းရှိကြောင်း သိရသည်။

သို့ဖြစ်ရာ အနီအောက်ရောင်ခြည်အာရုံခံနိုင်စွမ်း မြင့်မားသည့် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်အနေဖြင့် ရှေးအကျဆုံးကြယ်စုများကို ထောက်လှမ်းရှာဖွေပေးနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

# H E A L T H

## နံနက်စာမစားဘဲနေမှုက နှလုံးကျန်းမာရေးကြောင့် အသက်ဆုံးပါးနိုင်ခြေ မြင့်မားမှုနှင့်ဆက်စပ်နေ

**နယူးယောက် ဇန်နဝါရီ ၁၈**

နံနက်စာမစားဘဲနေမှုများသည် နှလုံးကျန်းမာရေးပြဿနာများကြောင့် အသက်ဆုံးပါးနိုင်ခြေ မြင့်မားလာနိုင်မှုနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၇ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ တင်နက်ဆီတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသက် ၄၀ အထက် လူပေါင်း ၂၄၀၀၀ ကျော်၏ အစားအစာ စားသောက်မှုများကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ တစ်ရက်လျှင် အစားတစ်နပ်သာ စားသုံးမှုများသည် နှလုံးကျန်းမာရေးပြဿနာများကြောင့် အသက်ဆုံးပါးနိုင်ခြေမြင့်မားမှုနှင့် ဆက်စပ်နေကြောင်း၊ ထို့ပြင် နံနက်စာမစားဘဲနေသူများတွင်လည်း နှလုံးသွေးကြောဆိုင်ရာ ရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေ ပုံမှန်ထက် မြင့်မားသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အစားအစာ စားသောက်မှုကြိမ်ရေနှင့် နှလုံးရောဂါဖြစ်နိုင်ခြေ မြင့်မားမှုတို့ကြား ဆက်စပ်မှုကို လေ့လာရာတွင် အလုပ်လုပ်ချိန်၊ ငွေကြေးသုံးစွဲနိုင်မှုအခြေအနေ၊ အစားအစာမျိုးစုံမှု စသည့် အချက်အလက်များကိုလည်း ထည့်သွင်းတွက်ချက်ခဲ့ကြသည်။

နံနက်စာမစားဘဲနေမှုသည် လူတစ်ဦး၏ စိတ်ကျန်းမာရေးအခြေအနေကိုလည်း ထိခိုက်စေနိုင်သည်ဟု ယခင်ထုတ်ပြန်ခဲ့သောလေ့လာချက်များ၌ တင်ပြခဲ့ကြဖူးကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။ KKO

## HRT ကုထုံးက APOE-4 မျိုးဗီဇရှိသူ အမျိုးသမီးများ အယ်ဇိုင်းမားဖြစ်ပွားမှုကို တားဆီးနိုင်

**နယူးယောက် ဇန်နဝါရီ ၁၈**

ဟော်မုန်းအစားထိုးကုထုံး (HRT) သည် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေမြင့်မားသူ အမျိုးသမီးများတွင် ၎င်းရောဂါဖြစ်ပွားမှုကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၁၇ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ နော့ဝစ်ချ်ဆေးကျောင်းမှ သုတေသနပညာရှင်များ၏အဆိုအရ HRT ကုထုံးဆေးများသုံးစွဲမှုသည် APOE-4 အမည်ရှိ မျိုးဗီဇတစ်မျိုးပိုင်ဆိုင်ထားသော အမျိုးသမီးများ အသက်ရလာချိန်တွင် မှတ်ဉာဏ်ပိုကောင်းလာမှု၊ တွေးတောဆင်ခြင်နိုင်စွမ်းမြင့်မားလာမှု၊ ဦးနှောက်ထုထည်ကြီးမားလာမှုတို့နှင့် ဆက်စပ်နေကြောင်း သိရသည်။

APOE-4 မျိုးဗီဇပိုင်ဆိုင်ထားသူအမျိုးသမီးများသည် ပုံမှန်ထက် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ ၁၅ ရာခိုင်နှုန်းပိုမြင့်မားနေတတ်သည်။

အမေရိကန်သုတေသနပညာရှင်များသည် အမျိုးသမီး ၁၀၀၀ ကျော်တို့၏ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် စမ်းသပ်ချက်ရလဒ်များနှင့် ဦးနှောက်ထုထည်ဆိုင်ရာ အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ HRT ကုထုံးဆေးဝါးများ သုံးစွဲနေကြသည့် APOE-4 မျိုးဗီဇပိုင်ရှင် အမျိုးသမီးများ၏ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်နှင့် ဦးနှောက်ထုထည်တို့သည် HRT ဆေးမသုံးသူများ၊ APOE-4 မျိုးဗီဇမရှိသူများတွင်ထက် ပို၍အားကောင်းမြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ရက်ကလစ်ဖ်က မန်ယူအသင်းကို ဝယ်ယူရန် ဆွေးနွေးမှုများစတင်

**မန်ချက်စတာ ဇန်နဝါရီ ၁၈**

ဗြိတိန်သန်းကြွယ်သူဌေး ရက်ကလစ်ဖ်က မန်ယူအသင်းကို ဝယ်ယူရန်ဆွေးနွေးမှုများစတင်ပြုလုပ်လျက်ရှိနေပြီဟု မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ မန်ယူအသင်းပိုင်ရှင် ဂလေဇာမိသားစုက အသင်းကို ကာလရှည်ပိုင်ဆိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့် နှစ်ကုန်ပိုင်းက စီရော်နယ်ဒိုနှင့်စာချုပ်ဖျက်သိမ်းခဲ့ပြီးနောက်ပိုင်း ရှယ်ယာဈေးနှုန်းများ ကျဆင်းခဲ့သည့်အတွက် အသင်းစပွန်ဆာများက စာချုပ်ဖျက်သိမ်းရန်ပြင်ဆင်နေသောကြောင့် အသင်းကိုရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂလေဇာမိသားစုက ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်းက အသင်းကို ရောင်းချတော့မည်ဟု အတည်ပြု ကြေညာခဲ့ပြီးနောက် အသင်းကို အရောင်းအဝယ်ပြုလုပ်ရန်အတွက်လည်း ချဲလ်ဆီးအသင်းကို အရောင်းအဝယ်ပြုလုပ်ပေးခဲ့သည့် အမေရိကန်အခြေစိုက် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီဖြစ်သည့် Raine Group ကို လွှဲပြောင်းထားပြီးဖြစ်သည်။

ရက်ကလစ်ဖ်သည် အစောပိုင်းကတည်းက မန်ယူအသင်းကိုဝယ်ယူလိုသည်ဟု ပြောကြားခဲ့ပြီးနောက် ယခုအခါ ၎င်းပိုင်ဆိုင်သည့် ကုမ္ပဏီဖြစ်သည့် Ineos ကုမ္ပဏီမှငွေကြေးများနှင့် ရင်းနှီးမြှုပ်နှံပြီး ဝယ်ယူရန် တရားဝင်ဆွေးနွေးမှုများပြုလုပ်နေခြင်းဖြစ်ပြီး ဂလေဇာ မိသားစုက စတာလင်ပေါင် ၄ဘီလီယံခန့်အလိုရှိနေကြောင်း သိရသည်။ STA



# စပိန်လာလီဂါပွဲစဉ် (၁၈)

# ပွဲကြိုသုံးသပ်ချက်

S T A

**မာယော့ကာ Vs ဆဲလ်တာဗီဂို**

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**ဆဲလ်တာဗီဂို ၄ - ၃ မာယော့ကာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မာယော့ကာ** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** |
| **ဆဲလ်တာဗီဂို** | – | **ဝေး(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(သရေ)** |

မာယော့ကာအသင်းဟာ နှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ထားတယ်ဆိုပေမဲ့ အိမ်ကွင်းဆိုရင်တော့ အသင်းလိုက်ကစားပုံကောင်းမွန်ပါတယ်။ ဆဲလ်တာဗီဂိုအသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းကောင်းမွန်နေပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ မာယော့ကာအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - မာယော့ကာ ၂ - ၁ ဆဲလ်တာဗီဂို**

## အားကစားသတင်း အတိုအထွာများ

- နည်းပြဂျရတ်ကို ပိုလန်အသင်းနည်းပြအဖြစ် ခန့်အပ်ရန်ရွေးချယ်ခဲ့သော်လည်း ၎င်း၏ နည်းပြအတွေ့အကြုံနည်းပါးမှုကြောင့် ပိုလန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ပြန်လည်ပယ်ဖျက်ခဲ့ကြောင်း သိရသည်။
- ဂျူဗင်တပ်အသင်း၊ ဒေါ့မွန်အသင်းတို့အပါအဝင် ဥရောပထိပ်သီးကလပ်များက စိတ်ဝင်စားနေသည့် ဗယ်လာဒိုးလစ်ခံစစ်ကစားသမား ဖရန်နီဒါကိုခေါ်ယူရန် အာဆင်နယ်အသင်းကကြိုးပမ်းလျက်ရှိသည်။
- ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း မိမိအနေဖြင့် ချဲလ်ဆီးအသင်းတွင်သာ ဆက်လက်ကစားသွားမည်ဟု ကွင်းလယ်ကစားသမား ဂယ်လာဟာက ထုတ်ဖော်ပြောကြားခဲ့သည်။ ML

# စပါးအသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် နည်းပြအပြောင်းအလဲ ပြုလုပ်ဖွယ်ရှိနေပြီး ပိုချက်တီနိုနှင့် တူချယ်တို့ရေပန်းစားနေ





**လန်ဒန် ဇန်နဝါရီ ၁၈**

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီ၌ ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေသည့်အတွက် ရာသီအကုန်တွင် နည်းပြအပြောင်းအလဲပြုလုပ်ဖွယ်ရှိနေပြီး နည်းပြသစ်အဖြစ် နည်းပြပိုချက်တီနိုနှင့်ချဲလ်ဆီးအသင်းနည်းပြဟောင်း တူချယ်တို့က ရေပန်းစားနေသည်ဟု Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပါးအသင်းတာဝန်ရှိသူများက ပြီးခဲ့သည့် လန်ဒန်ဒါဘီပွဲစဉ်အဖြစ် ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့်ပွဲစဉ်၌ နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နောက်ဆုံးကစားခဲ့သည့်ကိုးပွဲတွင် သုံးပွဲသာအနိုင်ရရှိခဲ့သည့်အတွက် နည်းပြအပြောင်းအလဲပြုလုပ်ရန် စတင်ပြင်ဆင်လာခဲ့ခြင်းဖြစ်ပြီး လက်ရှိနည်းပြ ကွန်တီနှင့်လည်း ယခုနှစ်ဘောလုံးရာသီအကုန်၌ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်မဟုတ်ဘဲ လမ်းခွဲရန်ပြင်ဆင်လာခြင်းဖြစ်သည်။

နည်းပြပိုချက်တီနိုသည် စပါးအသင်းကို ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ခြောက်နှစ်တာဝန်ယူကိုင်တွယ်ခဲ့ဖူးပြီး အသင်းကို ၎င်းတာဝန်ယူကိုင်တွယ်စဉ်က ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ထိပ်တန်းအသင်းဖြစ်အောင် တည်ဆောက်နိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲစဉ်ထိတက်ရောက်နိုင်ခဲ့သောကြောင့် စပါးအသင်းက ၎င်းတို့အသင်းနည်းပြဟောင်း ပိုချက်တီနိုကို ပြန်လည်ခန့်အပ်ရန် စဉ်းစားနေသည်။

နည်းပြ ပိုချက်တီနိုသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဇူလိုင်က ပီအက်စ်ဂျီအသင်းမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် လက်ရှိတွင် ကလပ်အသင်းလက်မဲ့ဖြစ်နေပြီး စပါးအသင်းက ခေါ်ယူမည်ဆိုပါက ၎င်းကိုယ်တိုင်ကလည်း အသင်းကို ပြန်လည်နည်းပြဖွယ်ရှိနေသည်။

အလားတူ နည်းပြတူချယ်သည်လည်း ချဲလ်ဆီးအသင်းကို ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ တာဝန်ယူကိုင်တွယ်ခဲ့ဖူးပြီးအသင်းကို ချန်ပီယံလိဂ်ဖလားဆွတ်ခူးပေးနိုင်ခဲ့သည်ထိ အောင်မြင်မှုရရှိအောင်စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များဆိုးရွားခဲ့မှုကြောင့် ထုတ်ပယ်ခဲ့ပြီး လက်ရှိတွင် ကလပ်အသင်း လက်မဲ့ဖြစ်နေသူဖြစ်ကြောင်း သိရသည်။ STA

# မန်စီးတီးအသင်းက အယ်ဗာရက်ဇ်ကို စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်း

**မန်ချက်စတာ ဇန်နဝါရီ ၁၈**

မန်စီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းတိုက်စစ်ပိုင်း၌ ခြေစွမ်းပြကစားနေသည့် လူငယ်ကစားသမား အယ်ဗာရက်ဇ်၏ခြေစွမ်းပိုင်းကို သဘောကျနှစ်သက်မှုကြောင့် စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းသည် အယ်ဗာရက်ဇ်ကို ၂၀၂၂ နွေရာသီအပြောင်းအရွှေ့ကာလကပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၄ သန်းဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာခေါ်ယူနိုင်ခဲ့ပြီး ကစားသမားအနေဖြင့် ယခုနှစ်ပြိုင်ပွဲစုံ ၂၃ ပွဲပါဝင် ကစားခဲ့ရာတွင် သွင်းဂိုး ရှစ်ဂိုးထိ သွင်းယူ၍ တိုက်စစ်ပိုင်းတွင် ပုံစံကောင်းပြသနိုင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ကစားသမား၏ စွမ်းဆောင်ရည်ကိုချီးမြှောက်လိုသည့်အတွက် စာချုပ်သက်တမ်းတိုးရန် စီစဉ်ခဲ့သည်။

ထို့ပြင် အယ်ဗာရက်ဇ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြောက်ပွဲထိ ပွဲထွက်ကစားခွင့်ရရှိခဲ့ကာ သွင်းဂိုးလေးဂိုးထိသွင်းယူခဲ့ပြီး အသင်းကို ချန်ပီယံဆုဖလားရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီနိုင်ခဲ့သကဲ့သို့ မန်စီးတီးအသင်းတွင်လည်း အဓိကပြိုင်ပွဲများတွင် အဆုံးအဖြတ်သွင်းဂိုးများသွင်းယူနိုင်သည့်အတွက် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်းကုန်မည်ဖြစ်သော်လည်း အသင်းတာဝန်ရှိသူများက စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မန်စီးတီးအသင်းသည် ကာရာဘောင်းဖလားပြိုင်ပွဲတွင် ဆောက်သမ်တန်အသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့်အပြင် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း မန်ယူအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့်ထပ်မံရှုံးနိမ့်ခဲ့သောကြောင့် အသင်းမှ ခြေစွမ်းပြကစားသမားများကို ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။ ML



# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် မက်ကင်ဇီကို ရာဖေးလ်နာဒယ် ရှုံးနိမ့်

**ကင်ဘာရာ ဇန်နဝါရီ ၁၈**

ဩစတြေးလျနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံစပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်နှင့် အမေရိကန်တင်းနစ်ကစားသမားမက်ကင်ဇီတို့ယှဉ်ပြိုင်ကစားခဲ့ရာ မက်ကင်ဇီက (၆-၄၊ ၆-၄၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ရာဖေးလ်နာဒယ်သည် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ မစတင်မီကတည်းက ဒဏ်ရာပြဿနာနှင့်ရင်ဆိုင်ခဲ့ရသော်လည်း လက်ရှိချန်ပီယံဆုကို ကာကွယ်လိုသည့်အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

မက်ကင်ဇီက "ရာဖေးလ်နာဒယ်ကို အနိုင်ရရှိခဲ့လို့ ဂုဏ်ယူပါတယ်။ ဒီပွဲစဉ်မှာစပေးဘောပိုင်းကို အဓိကအာရုံစိုက်ကစားခဲ့ပါတယ်။ စပေးဘောအပိုင်းမှာအားနည်းချက်မရှိခဲ့လို့အနိုင်ရလဒ်ကိုရရှိခဲ့တာပါ။ စပေးဘောကောင်းခဲ့ပေမဲ့ ရာဖေးလ်နာဒယ်ရဲ့တုံ့ပြန်မှုက ကောင်းမွန်တယ်။ ဒီလိုပွဲမျိုးမှာတော့ စိတ်ဓာတ်ခိုင်မာဖို့က အဓိကကျပါတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာ အမြင့်ဆုံးအခြေအနေမှာရှိနေမှ ရာဖေးလ်လိုကစားသမားကို အနိုင်ကစားနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ကြံ့ခိုင်မှုမပြည့်ဝသေးသည့်အခြေအနေတွင် ပြိုင်ပွဲဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းမှာ ရာဖေးလ်နာဒယ်အတွက် စွန့်စားရာရောက်ခဲ့ပြီး မက်ကင်ဇီနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင်လည်း ဒဏ်ရာပြဿနာကြောင့် ပုံစံကောင်းပျောက်ဆုံးခဲ့ကာ ဘယ်ဘက်တင်ပါးဆုံဒဏ်ရာ ရရှိနေသည့်အတွက်ကောင်းစွာလှုပ်ရှားနိုင်ခြင်းမရှိသောကြောင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယအဆင့်မှပင် ထွက်ခွာခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ AZL

# အာဆင်နယ်အသင်းမှ ဂိုးသမား ရမ်ဒေးလ်ကို တိုက်ခိုက်ခဲ့သည့် ပရိသတ်အား မီထရိုပိုလီတန်ရဲတပ်ဖွဲ့က အရေးယူရန် စွဲချက်တင်ထား



**လန်ဒန် ဇန်နဝါရီ ၁၈**

လန်ဒန်မြို့အခြေစိုက်ရဲတပ်ဖွဲ့ ဖြစ်သည့် မီထရိုပိုလီတန်ရဲတပ်ဖွဲ့က လန်ဒန်ဒါဘီပွဲစဉ်အဖြစ် ကစားခဲ့သည့် စပါးအသင်းနှင့်အာဆင်နယ်အသင်းတို့ပွဲစဉ်တွင် အာဆင်နယ်အသင်းဂိုးသမား ရမ်ဒေးလ်ကို တိုက်ခိုက်ခဲ့သည့် စပါးအသင်း ပရိသတ်အား အရေးယူမှုပြုလုပ်ရန် အတွက် စွဲချက်တင်ထားသည်ဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ်အသင်းက စပါးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ် ပွဲပြီးဆုံးချိန်တွင် ဂျိုးဆက်ဝက်အမည်ရှိ စပါးအသင်းပရိသတ်သည် ဂိုးသမားရမ်ဒေးလ်က ပွဲစဉ်အပြီး ဂိုးပေါက်နောက်တွင် ရေသန့်ဘူးကောက်ယူနေစဉ်ပွဲကြည့်စင်မှထွက်လာပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဂိုးသမား ရမ်ဒေးလ်ကို ဂျိုးဆက်ဝက်က ပွဲကြည့်စင်မှထွက်လာပြီး တိုက်ခိုက်ခဲ့သည့် အချိန်တွင် ကွင်းဘေးရှိ လုံခြုံရေးဝန်ထမ်းတစ်ဦးက အချိန်မီကာကွယ်ခဲ့သည့်အတွက် ဂိုးသမား ရမ်ဒေးလ်ဒဏ်ရာရရှိခဲ့ခြင်း မရှိခဲ့သော်လည်း မီထရိုပိုလီတန်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် အရေးယူမှုပြုလုပ်ရန် စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။

မီထရိုပိုလီတန် ရဲတပ်ဖွဲ့က ဂိုးသမား ရမ်ဒေးလ်ကို တိုက်ခိုက်ခဲ့သည့် ဂျိုးဆက်ဝက်၏ လုပ်ရပ်ကို စစ်ဆေးခဲ့ပြီးနောက် ၎င်းကို ထိခိုက်နာကျင်စေသည့်ဖြစ်မှု၊ အားကစားကွင်းအတွင်းဝင်ရောက်သည့်ဖြစ်မှု၊ အားကစားကွင်းအတွင်းအရာဝတ္ထုဖြင့် ပစ်ပေါက်သည့်ဖြစ်မှုတို့ဖြင့် စွဲချက်တင်ထားပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် လန်ဒန်မြို့ ဟိုက်ဘူရီတရားရုံး၌ အမှုရင်ဆိုင်ရမည်ဖြစ်သည်။

အဆိုပါဖြစ်ရပ်အတွက် စပါးအသင်းကလည်း ဂျိုးဆက်ဝက်ကို စပါးအသင်းအိမ်ကွင်း၌လာရောက်ကြည့်ရှုခွင့်တစ်သက်တာ ပိတ်ပင်သည့်ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း သိရသည်။ STA

# မန်ယူအသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသည့် မက်ဂွဲယားကို ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန်ပစ်မှတ်ထား

**လန်ဒန် ဇန်နဝါရီ ၁၈**

ဝက်စ်ဟမ်းအသင်းသည် ခံစစ်ပိုင်းအားနည်းချက်ကို ပြင်ဆင်နိုင်ရန်အတွက် မန်ယူအသင်းမှထွက်ခွာရန် ပြင်ဆင်နေသည့် ဗဟိုခံစစ်ကစားသမား မက်ဂွဲယားကို လက်ရှိအပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း The Mirror သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် မက်ဂွဲယားသည် ခြေစွမ်းပိုင်းကျဆင်းခဲ့သဖြင့် နည်းပြတန်ဟတ်က စတုတ္ထဦးစားပေးကစားသမားအဖြစ်သာ အသုံးပြုနေသည့်အတွက် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် ဝက်စ်ဟမ်းအသင်းက အပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ အငှားစာချုပ်ဖြင့်ခေါ်ယူရန် ပစ်မှတ်ထားနေသည်။


ထို့ပြင် ဝက်စ်ဟမ်းအသင်းမှ ဗဟိုခံစစ်ကစားသမား ခရစ်ဒေါ်လ်ဆန်သည် လာမည့် ၄ွန်လ၌စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ဝုဗ်အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇ သန်းခန့်ဖြင့် ခေါ်ယူရန်ကြိုးပမ်းနေသောကြောင့် နည်းပြမိုယက်စ်က ၎င်း၏နေရာကို ဖြည့်ဆည်းပေးနိုင်မည့် မန်ယူအသင်းမှ မက်ဂွဲယားနှင့် အစားထိုးရန် ပစ်မှတ်ထားနေသကဲ့သို့ အေဗိန်းအသင်းမှ ခံစစ်ကစားသမား ဖော်မိုဆီမန်ဒီကိုလည်း ခေါ်ယူရန်ဆွေးနွေးမှုများပြုလုပ်လျက်ရှိနေသည်။

အသက် ၂၉ နှစ်ရှိ မက်ဂွဲယားသည် ၂၀၁၉ ခုနှစ်က လက်စတာအသင်းမှ မန်ယူအသင်းသို့ စတာလင်ပေါင်သန်း ၈၀ ဖြင့်



ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်း၏ အဓိကကစားသမားတစ်ဦးဖြစ်လာကာ အသင်းခေါင်းဆောင်အဖြစ် မန်ယူအသင်းကို ဦးဆောင်နိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် စွမ်းဆောင်ရည်ကျဆင်းခဲ့ပြီး ပွဲကစားခွင့် ပျောက်ဆုံးခဲ့သောကြောင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ ML

# Prospect of the Year Awardဆုကို နီကိုအလီဆွတ်ခူး



**မဏ္ဍလေးကိုမိုးတီး ဇန်နဝါရီ ၁၈**

WBC အဖွဲ့ချုပ်၏ Prospect of the Year Awardဆုကို မိုဟာမက်အလီ၏မြေးဖြစ်သူ အမေရိကန်လက်ဝှေ့သမား နီကိုအလီကဆွတ်ခူးခဲ့သည်ဟု WBC က ထုတ်ပြန်ကြေညာခဲ့ကြောင်း Bad Left Hook သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နီကိုအလီသည် ၂၀၂၁ ခုနှစ်မှ စတင်ကာ လက်ဝှေ့လောကသို့ ဝင်ရောက်လာခဲ့သူဖြစ်ပြီး စိန်ခေါ်ပွဲ ခုနစ်ပွဲထိုးသတ်ခဲ့ပြီး ခုနစ်ပွဲစလုံး အနိုင်ရရှိထားကာ နိုင်ပွဲများအနက် ငါးပွဲမှာဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

နီကိုအလီသည် အနာဂတ်တွင် အဘိုးဖြစ်သူကဲ့သို့ ထွန်းတောက်လာနိုင်သည့် လက်ဝှေ့သမားအဖြစ် သတ်မှတ်ခံထားရပြီး နီကိုအလီကလည်း အဘိုးဖြစ်သူ၏ခြေရာနင်းနိုင်အောင် ကြိုးစားနေကြောင်း ပြောကြားခဲ့ကာ မိုဟာမက်အလီသည် လက်ဝှေ့လောက၌ ချန်ပီယံခါးပတ်များစွာရရှိခဲ့သူဖြစ်သည်။

WBC က "နီကိုအလီဟာ WBC အဖွဲ့ချုပ်ရဲ့ Prospect of the Year Award ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ နီကိုအလီဟာ ၂၀၂၁ ခုနှစ်မှာ လက်ဝှေ့လောကထဲ ဝင်ရောက်လာခဲ့ပြီးတော့ စိန်ခေါ်ပွဲ ခုနစ်ပွဲထိုးသတ်ထားပါတယ်။ ခုနစ်ပွဲစလုံးအနိုင်ရရှိထားပြီး ဒိုင်ပွဲရပ်ရလဒ်နဲ့ အနိုင်ရရှိထားတဲ့ပွဲစဉ် ငါးပွဲရှိပါတယ်။ နီကိုအလီအတွက် ဂုဏ်ယူပါတယ်"ဟု ထုတ်ပြန်ခဲ့သည်။

အမေရိကန်လက်ဝှေ့သမား နီကိုအလီသည် ၂၀၂၃ ခုနှစ် အတွင်း မစ်ဒယ်ဝိတ်တန်း ချန်ပီယံတစ်ဦးဖြစ်လာရေးအတွက် ပစ်မှတ်ထားလေ့ကျင့်ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။ AZL

# ဆော်ဒီကလပ် အယ်နာဆာအသင်း၏ ကမ်းလှမ်းမှုကို ဘက်ကွက်စ်ငြင်းပယ်

**မက်ဒရစ် ဇန်နဝါရီ ၁၈**

ယခုနှစ်ဘောလုံးရာသီကုန်တွင် ဘာစီလိုနာအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည့် ကွင်းလယ်ကစားသမား ဘက်ကွက်စ်ကို ဆော်ဒီအာရေဗျကလပ် အယ်နာဆာအသင်းက တစ်နှစ်လုပ်ခ ယူရို သန်း ၂၀ ဖြင့်ကမ်းလှမ်းခဲ့သော်လည်း ၎င်းကငြင်းပယ်ခဲ့ကြောင်း Footballtransfers.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်နာဆာ အသင်းသည် ဇန်နဝါရီ ၁ ရက်က စီရော်နယ်ဒိုကို တစ်နှစ်လုပ်ခယူရို သန်း ၂၀၀ ဖြင့် ခေါ်ယူခဲ့ပြီးနောက် ဘာစီလိုနာအသင်းမှ ထွက်ခွာမည့် ကွင်းလယ်ကစားသမား ဘက်ကွက်စ်ကိုထပ်မံခေါ်ယူရန် ကမ်းလှမ်းခဲ့ရာငြင်းပယ်ခံရခြင်းဖြစ်သည်။

ဘက်ကွက်စ်သည် လက်ရှိတွင် ဘာစီလိုနာအသင်း၌ တစ်နှစ်လုပ်ခယူရို ၃၇ သန်း ရရှိနေသူဖြစ်ပြီး အသင်းအနေဖြင့် ဘဏ္ဍာရေးအခက်အခဲကြောင့် စာချုပ်သက်တမ်းတိုးမည်မဟုတ်ဘဲ ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းမှထွက်ခွာခွင့်ပြုမည်ဖြစ်သကဲ့သို့ ကစားသမားကိုယ်တိုင်ကလည်း အသင်းပြောင်းရွှေ့မည်ဟု ပြောကြားခဲ့သဖြင့် အယ်နာဆာအသင်းက စီရော်နယ်ဒိုနှင့် တွဲဖက်ကစားရန် ကမ်းလှမ်းခဲ့ရာ ငြင်းပယ်ခြင်းခံခဲ့ရသည်။

ဘက်ကွက်စ်သည် ဘာစီလိုနာအသင်း လူငယ်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၀၈ ခုနှစ်တွင် အသင်းကြီးသို့ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၆၉၂ ပွဲတွင် သွင်းဂိုး ၁၈ ဂိုးထိသွင်းယူထားပြီး အသင်းနှင့်အတူ လာလီဂါချန်ပီယံဆုဖလား ရှစ်ကြိမ်၊ စပိန်ကိုပါဒယ်ရေးဖလား ခုနစ်ကြိမ်၊ စပိန်စူပါဖလား ခုနစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလား သုံးကြိမ်၊ ဥရောပစူပါဖလားသုံးကြိမ်နှင့်ကလပ်ကမ္ဘာ့ဖလား ချန်ပီယံ သုံးကြိမ်ဆွတ်ခူးထားကြောင်း သိရသည်။ ML

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၆) ပွဲကြိုသုံးသပ်ချက်

STA

**လိုက်ပ်ဇစ် Vs ဘိုင်ယန်မြူးနစ်**

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၃ (နံနက် ၀၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုက်ပ်ဇစ် ၃ - ၅ ဘိုင်ယန်မြူးနစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လိုက်ပ်ဇစ်** | – | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **အိမ်(နိုင်)** |
| **ဘိုင်ယန်မြူးနစ်** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(သရေ)** |

နောက်ဆုံးကစားခဲ့တဲ့(၁၆)ပွဲမှာရှုံးပွဲမရှိထားတဲ့ လိုက်ပ်ဇစ်အသင်းဟာ အိမ်ကွင်း လေးပွဲဆက်မှာလဲအနိုင်ရရှိထားပါတယ်။ဘိုင်ယန်မြူးနစ်အသင်းကလဲ ခြေစွမ်းပိုင်းကောင်းမွန်နေတယ်ဆိုပေမဲ့ ခံစစ်ပိုင်းနဲ့ဂိုးသမားနေရာမှာလိုအပ်ချက်တွေရှိနေပါတယ်။ဒါကြောင့် ခြေစွမ်းပိုင်းကွာခြားမှုမရှိလို့အိမ်ရှင်အားသာချက်ရှိနေတဲ့ လိုက်ပ်ဇစ်အသင်းနဲ့ပဲလက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း – လိုက်ပ်ဇစ် ၃ – ၂ ဘိုင်ယန်မြူးနစ်**

## ပြင်သစ်ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ပွဲကြိုသုံးသပ်ချက်

STA

**မာဆေး Vs ရင်းနက်**

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာဆေး ၁ – ၁ ရင်းနက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မာဆေး** | – | **ဝေး(နိုင်)** | **ဝေး(နိုင်)** | **ဝေး(နိုင်)** |
| **ရင်းနက်** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **ဝေး(ရှုံး)** |

နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲရယူထားတဲ့ မာဆေးအသင်းရဲ့ ခြေစွမ်းပိုင်းက ကောင်းမွန်နေလို့ အိမ်ကွင်းမှာ ရင်းနက်အသင်းကို အကောင်းဆုံးဖိအားပေးနိုင်မှာပါ။ရင်းနက်အသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းကလဲဆိုးရွားနေလို့ အခုပွဲစဉ်မှာလဲ ရှုန်းကန်ရပါလိမ့်မယ်။ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မာဆေးအသင်းပဲရလဒ်ကောင်းမှာပါ။

**အင်တာနက်ခန့်မှန်း – မာဆေး ၂ – ၁ ရင်းနက်**

# ယူကရိန်းဒုက္ခသည်များ နေရပ်ပြန်လာနိုင်မှုအလားအလာ

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ဖြစ်ပွားခဲ့သော ရုရှား-ယူကရိန်းပဋိပက္ခကို အကြောင်းပြု၍ ဒုတိယကမ္ဘာစစ်နောက်ပိုင်း၌ အကြီးမားဆုံးသော ရွှေ့ပြောင်းဒုက္ခသည်ပြဿနာ ဖြစ်ပေါ်လာခဲ့သည်။ ပဋိပက္ခစတင်ဖြစ်ပွားချိန်မှစ၍ ဒီဇင်ဘာလထိ ယူကရိန်းဒုက္ခသည် ၂ ဒသမ ၉ သန်းခန့်သည် ရုရှားနိုင်ငံအတွင်းသို့ ရွှေ့ပြောင်းခိုလှုံခဲ့ကြရပြီး ၇ ဒသမ ၉ သန်းခန့်သည် ဥရောပနိုင်ငံများတွင် ရွှေ့ပြောင်းခိုလှုံခဲ့ကြရသည်။

ယူကရိန်းရွှေ့ပြောင်းဒုက္ခသည်များကို ရုရှားနိုင်ငံအပြင် ပိုလန်၌ ၁ ဒသမ ၅ သန်း၊ ဂျာမနီ၌ ၁ သန်းနှင့် ချက်သမ္မတနိုင်ငံ၌ ၄၇၄၇၃၀ ဦး အသီးသီးလက်ခံထားရှိပြီးဖြစ်သည်။ ထို့ပြင် အီတလီ၊ စပိန်၊ ပြင်သစ်၊ ရိုမေးနီးယားနှင့် ဗြိတိန်နိုင်ငံတို့တွင်လည်း တစ်နိုင်ငံလျှင် ယူကရိန်းဒုက္ခသည်အနည်းဆုံး တစ်သိန်းစီလက်ခံထားရသည်။

ယူကရိန်းဒုက္ခသည်များသည် လတ်တလောအချိန်၌ နေရပ်ပြန်ရန်အခွင့်အလမ်းနည်းပါးလျက်ရှိသည်။ ယူကရိန်းဒုက္ခသည် ၂၄ ရာခိုင်နှုန်းသည် နေရပ်ပြန်လိုကြသော်လည်း အချိန်အခါကောင်းကို စောင့်ဆိုင်းရလျက်ရှိသည်။ ၄၈ ရာခိုင်နှုန်းကမူ ပဋိပက္ခပြီးမှသာလျှင် တိုင်းပြည်သို့ပြန်သွားလိုသည်ဟု ဆန္ဒပြုကြပြီး ၈ ရာခိုင်နှုန်းခန့်ကမူ ယူကရိန်းနိုင်ငံသို့ ပြန်မသွားလိုတော့ကြောင်း သဘောထားဖော်ပြလျက်ရှိသည်။ ဂျာမနီအစိုးရ၏စစ်တမ်းအရ ယူကရိန်းဒုက္ခသည် ၃၇ ရာခိုင်နှုန်းခန့်သည် ဂျာမနီနိုင်ငံ၌ ထာဝရသို့မဟုတ် အချိန်ကာလအတိုင်းအတာတစ်ခုထိ နေထိုင်သွားလိုသည်ဟုဆိုသည်။ လက်ရှိအချိန်တွင် ယူကရိန်းနိုင်ငံသားများသည် ပြည်ပ၌ပင် နောက်ထပ်သုံးနှစ်ခန့် နေထိုင်နိုင်ရေးအတွက် လေ့လာသင်ယူ လုပ်ကိုင်ကာ ရပ်တည်လျက်ရှိကြသည်။

ဆိုရလျှင် ယူကရိန်းပြည်သူအများစုသည် လက်ခံထားသောနိုင်ငံများတွင် အလုပ်အကိုင်ရရှိနေကြပြီဖြစ်သည်။ ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက ဥရောပနိုင်ငံများတွင် ယာယီအလုပ်သမားများလက်ခံထားရှိသောကြောင့် ယူကရိန်းနိုင်ငံသားများသည် နောက်ဆုံး၌ အိမ်ရှင်နိုင်ငံများတွင် အမြဲတမ်းနေထိုင်သွားနိုင်မည်ဖြစ်သည်။

ရုရှားနှင့် ပဋိပက္ခမဖြစ်ပွားမီကတည်းက ယူကရိန်းနိုင်ငံသားများသည် တိုင်းပြည်အတွင်းမှ ထွက်ခွာလျက်ရှိသည်။ ယူကရိန်းနိုင်ငံသား ၁ ဒသမ ၄ သန်းခန့်သည် ၂၀၂၀ ပြည့်နှစ်ကတည်းက ပိုလန်နိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိပြီး အများစုသည် ၂၀၁၄ ခုနှစ် ခရိုင်းမီးယားအရေးဖြစ်ပွားပြီးကတည်းက တိုင်းပြည်အတွင်းမှ ထွက်ခွာလာကြရသည်။ ထို့ပြင် ယူကရိန်းနိုင်ငံသား ၂၅၀၀၀၀ ခန့်သည် ပဋိပက္ခမဖြစ်ပွားမီကတည်းက အီတလီနိုင်ငံတွင် နေထိုင်လျက်ရှိသည်။ ထို့ကြောင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကတည်းက တိုင်းပြည်အတွင်း၌ ပဋိပက္ခဖြစ်ပွားလျက်ရှိသောကြောင့် ပြည်ပရောက် ယူကရိန်းနိုင်ငံသားများသည် နေရပ်ပြန်လာနိုင်မည့် အခွင့်အလမ်းနည်းပါးလာလျက်ရှိသည်။

ယူကရိန်းပြည်သူအများစုသည် လျှပ်စစ်၊ ဓာတ်ငွေ့နှင့် သောက်သုံးရေတို့ကို အကန့်အသတ်ဖြင့်သာ လက်ခံရရှိလျက်ရှိသည်။ ယူကရိန်းစီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်းခန့် ကျုံ့သွားခဲ့သည်။ ၂၀၁၄ ခုနှစ်ကတည်းက ဒွန်းဘတ်ဒေသတွင် မတည်ငြိမ်နေမှုများဖြစ်ပေါ်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ပဋိပက္ခဖြစ်ပွားမှုတို့ကြောင့် တိုင်းပြည်အတွင်း၌ တည်ငြိမ်အေးချမ်းမှုမှေးမှိန်လာလျက်ရှိသည်။ အချို့သော ယူကရိန်းဒုက္ခသည်များသည် ဆောင်းရာသီတွင် နေထိုင်ရပ်တည်ရေးခက်ခဲလာသောကြောင့် ဥရောပနိုင်ငံများတွင် ခိုလှုံခွင့်ရရှိရေးပိုမိုကြိုးပမ်းလာကြသည်။

အထူးသဖြင့် ယူကရိန်းဒုက္ခသည် ၉၀ ရာခိုင်



နှုန်းခန့်သည် အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြသည်။ အမျိုးသားများသည် စစ်သားစုဆောင်းမှုအတင်းအကျပ်လုပ်ဆောင်ခံနေရသောကြောင့် တိုင်းပြည်အတွင်းမှ ထွက်ခွာခွင့်တားမြစ်ခံထားရသည်။ ထို့ကြောင့် တိုင်းပြည်အတွင်းကျန်ရစ်ခဲ့သော အမျိုးသားများသည် ပြည်ပတွင်မိသားစုများနှင့်ဆုံစည်းနိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။ တိုင်းပြည်အတွင်းမှ ထွက်ခွာရန်ကြိုးပမ်းသည့် အမျိုးသားများသည် စစ်ဘက်အတွက် လူသစ်စုဆောင်းခံရခြင်း သို့မဟုတ် တိုင်းပြည်အတွင်းပြန်လာသည့်အချိန်တွင် အပြစ်ပေးခံရခြင်းများနှင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။

**သမိုင်းမှသင်ခန်းစာများ**

ဆိုရလျှင် အကြမ်းဖက်မှုများ ရှည်ကြာလေလေ ဒုက္ခသည်များနေရပ်ပြန်လာရန် အခွင့်အလမ်းနည်းပါးလေလေဖြစ်ကြောင်းကို လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ပဋိပက္ခကြုံတွေ့ခဲ့ရသောနိုင်ငံများက သက်သေပြသလျက်ရှိသည်။ ၁၉၉၉ ခုနှစ် ကိုဆိုဗိုပဋိပက္ခတွင် ဒုက္ခသည်ထောင်ပေါင်းများစွာသည် အိမ်နီးချင်း အယ်လ်ဘေးနီးယားနှင့် မက်ဆီဒိုးနီးယားသို့ ထွက်ပြေးခိုလှုံခဲ့ရသည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း ဘောစနီးယားနိုင်ငံ၌ ပဋိပက္ခဖြစ်ပွားစဉ် ဘောစနီးယားနိုင်ငံသားများစွာသည် တိုင်းပြည်အတွင်းမှ ထွက်ပြေးခဲ့ရပြီး အချို့သာလျှင် နေရပ်ပြန်လာခဲ့ကြသည်။

သာဓကအနေဖြင့် မကြာသေးမီကဖြစ်ပွားခဲ့သော ဆီးရီးယားပြည်တွင်းစစ်၌ ဒုက္ခသည် ၆ ဒသမ ၈ သန်းခန့်သည် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးခိုလှုံခဲ့ရသည်။ ပြည်တွင်းစစ်ကာလ ၁၂ နှစ်ခန့်ကြာမြင့်လာသဖြင့် ဒုက္ခသည်များအနေဖြင့် မိမိနေရပ်သို့ ပြန်သွားလိုသည့်ဆန္ဒရှိနေကြသလို လက်ခံထားသောနိုင်ငံများကလည်း ၎င်းတို့ကိုပြန်လည်လွှဲပြောင်းပို့ဆောင်သွားလိုသော်လည်း အကြမ်းဖက်မှုများဆက်လက်ဖြစ်ပွားနေသဖြင့် နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းများကို အကန့်အသတ်ဖြင့်သာ လုပ်ဆောင်နိုင်ခဲ့သည်။

၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အိမ်နီးချင်းနိုင်ငံများတွင် ခိုလှုံနေရသော ဆီးရီးယားဒုက္ခသည် ၃၃၆၄၉၆ ဦးသည် ၎င်းတို့နေရပ်သို့ ပြန်လာနိုင်ခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ပြောကြားခဲ့သည်။ သို့သော် အီဂျစ်၊ လက်ဘနွန်၊ ဂျော်ဒန်နှင့် အီရတ်ရှိ ဆီးရီးယားဒုက္ခသည် ၉၂ ဒသမ ၈ ရာခိုင်နှုန်းကျော်သည် ၂၀၂၄ ခုနှစ်ထိ တိုင်းပြည်အတွင်းသို့ ပြန်လာလိုသည့်ဆန္ဒမရှိကြောင်း UNHCR စစ်တမ်းများက ဖော်ပြလျက်ရှိသည်။ စင်စစ်အားဖြင့် ဆီးရီးယားကလေးငယ်မျိုးဆက်သစ်တစ်ခုသည် တိုင်းပြည်ပြင်ပ၌ မွေးဖွားခဲ့ခြင်းဖြစ်သောကြောင့် တိုင်းပြည်အတွင်းပြန်လာလိုသည့် ဆီးရီးယားမိသားစုအရေအတွက်မှာ တဖြည်းဖြည်းကျဆင်းလာလျက်ရှိသည်။

**မွေးဖွား၊ သေဆုံးမှုနှုန်းပြဿနာ**

အနာဂတ်တွင် ပိုလန်နှင့် ချက်သမ္မတနိုင်ငံတို့လို ယူကရိန်းနှင့် နယ်မြေထိစပ်လျက်ရှိသော ဥရောပဒေသမှ ဆင်းရဲသည့်နိုင်ငံများသည် ဒုက္ခသည်များ လျော့ချလက်ခံသွားဖွယ်ရာရှိသဖြင့် ယူကရိန်းဒုက္ခသည်များသည် အနောက်ဘက်နိုင်ငံများသို့ ထွက်ပြေးခိုလှုံသွားရဖွယ်ရှိနေသည်။ တိုင်းပြည်အတွင်းမှ ဒုက္ခသည်သန်းပေါင်းများစွာ ထွက်ခွာနေခြင်းသည် ၁၉၉၀ ပြည့်လွန်နှစ်များကတည်းက လူဦးရေကျဆင်းလျက်ရှိသော ယူကရိန်းနိုင်ငံကို အကျပ်အတည်း ပိုမိုဖြစ်ပေါ်စေလျက်ရှိသည်။ မွေးဖွားမှုနှုန်းကျဆင်းလာခြင်း၊ သေဆုံးမှုနှုန်းမြင့်တက်လာခြင်း၊ အသက်အရွယ်ကြီးရင့်သူများပြားလာခြင်းနှင့် ၂၀၁၄ ခုနှစ်မတိုင်မီကတည်းက ရွှေ့ပြောင်းနေထိုင်သူမြင့်တက်လာခြင်းတို့သည် ယူကရိန်းနိုင်ငံတွင် လူဦးရေကျဆင်းမှုဖြစ်ပေါ်လာစေလျက်ရှိရာ ၁၉၉၁ ခုနှစ်တွင် ၅၂ သန်းရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၄၂ သန်းခန့်ထိ လျော့နည်းလာခဲ့သည်။

ဥရောပဒေသရှိ အခြားနိုင်ငံများအပြင် ရုရှားနိုင်ငံတို့အနေဖြင့်လည်း အလားတူပြဿနာများကြုံတွေ့ရလျက်ရှိသည်။ အထူးသဖြင့် ယူကရိန်းနိုင်ငံ၏လူဦးရေသည် ပိုမိုကျဆင်းလျက်ရှိသည်။ အလုပ်လက်မဲ့ဦးရေမြင့်မားလာသည့်အပြင် လုပ်ခလစာလည်း နည်းပါးသောကြောင့် ယူကရိန်းနိုင်ငံသည် ရွှေ့ပြောင်းနေထိုင်သူများကို ဆွဲဆောင်နိုင်စွမ်းမရှိပေ။ ထို့ကြောင့် အနာဂတ်တွင် ယူကရိန်းနိုင်ငံမှ ဥရောပနိုင်ငံများသို့ ထွက်ခွာမှုပိုမိုမြင့်တက်လာဖွယ်ရာရှိနေသည်။ ထို့ပြင် ပဋိပက္ခများကြောင့် အမျိုးသားများ အရွယ်မတိုင်မီ သေဆုံးမှုနှုန်းမြင့်တက်လာခြင်းသည် ယူကရိန်း၏လူဦးရေဆိုင်ရာပြဿနာများကို ပိုမိုကြီးထွားလာစေသည်။ လက်ရှိ ပဋိပက္ခကြောင့် ယူကရိန်းနိုင်ငံ၏လူဦးရေသည် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်တော့မည်မဟုတ်ဘဲ ၂၁ ရာစုအတွင်း လူဦးရေသိသိသာသာ ကျဆင်းလာမည်ဖြစ်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာတစ်စောင်၌ ဖော်ပြထားသည်။

ထို့ပြင် ၂၀၁၄ ခုနှစ်ကတည်းက ယူကရိန်းဒုက္ခသည်များသည် ရုရှားနိုင်ငံအတွင်းသို့ ပြောင်းရွှေ့ခိုလှုံလျက်ရှိရာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ရုရှားနိုင်ငံအတွင်းသို့ ခိုလှုံမှုပိုမိုမြင့်တက်လာခဲ့သည်။ ရုရှားသမ္မတ ပူတင်ကလည်း ပဋိပက္ခဖြစ်ပွားရာဒေသမှ ယူကရိန်းကလေးငယ်များကို လက်ခံမွေးစားခွင့်နှင့် ယူကရိန်းနိုင်ငံအတွင်းရှိ ၎င်းတို့၏မိသားစုများကို ပြန်လည်ခေါ်ယူခွင့်ပေးထားသည့် အမိန့်တစ်ရပ်ကို ယခင်နှစ် မတ်လအတွင်းက ထုတ်ပြန်ခဲ့သည်။

ရုရှားနိုင်ငံအပါအဝင် ဥရောပနိုင်ငံများသို့ ရောက်ရှိနေသော ယူကရိန်းနိုင်ငံသားများသည် ၎င်းတို့နိုင်ငံသို့ ဘယ်သောအခါမျှ ပြန်သွားကြတော့မည်မဟုတ်ချေ။ ထို့ကြောင့် အချို့သောဒေသများတွင် ပဋိပက္ခကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိသည့်အပြင် တိုင်းပြည်အတွင်း လူဦးရေကျဆင်းလာပြီဖြစ်သည့်အတွက် ယူကရိန်းအစိုးရသည် အနာဂတ်တွင် တောင့်တင်းခိုင်မာသောနိုင်ငံနှင့် အမျိုးသားရေးလက္ခဏာတို့ကို ပြန်လည်တည်ဆောက်ထူထောင်သွားနိုင်ရန် အခွင့်အလမ်းနည်းပါးလျက်ရှိပေသည်။

**ကိုးကား**–

**How many Ukrainian refuges will return home? By Asia Times**

**ဝင်းဇင်(သုတေသန)**

# ကော့ကရိတ်မြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ကော့ကရိတ် ဇန်နဝါရီ ၁၈**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ကော့ဘော်ကျေးရွာနှင့် နောင်နိုင်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

ကော့ဘော်ကျေးရွာ၌ ကွန်ကရစ်လမ်း အရှည်ပေ ၈၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မခင်းခြင်းလုပ်ငန်းနှင့် နောင်နိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းအရှည်ပေ ၅၀၀ ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မခင်းခြင်းလုပ်ငန်းတို့ကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လ တတိယပတ်မှ စတင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့က ပြောပြ၍ သိရသည်။ **သန္တာ**

# ပိုလ်တထောင်မြို့နယ် ဝန်ကြီးများရုံးအဆောက်အအုံတွင် စုံညီဝေပြောဈေးပွဲတော် ကျင်းပမည်



**ရန်ကုန် ဇန်နဝါရီ ၁၈**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကျရောက်မည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံးအဆောက်အအုံတွင် စုံညီဝေဖြာဈေးပွဲတော် ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်တင့်က ပြောပြ၍ သိရသည်။

အဆိုပါ စုံညီဝေဖြာဈေးပွဲတော်ကို ဝန်ကြီးများရုံးအဆောက်အအုံရှိ Heritage Market နေရာတွင် ဖေဖော်ဝါရီ ၁၂ ရက်မှ စတင်ကာ ဖေဖော်ဝါရီ ၁၃ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဈေးပွဲတော်ရက်များအတွင်း နေ့စဉ် နံနက် ၁၀ နာရီမှ ည ၈ နာရီထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဝန်ကြီးများရုံးအဆောက်အအုံအတွင်းက Heritage Market နေရာနဲ့ အပြင်ဘက်ပိုင်းနှစ်နေရာမှာ ဆိုင်ခန်းပေါင်း ၈၀ လောက် ပြသရောင်းချပေးမှာဖြစ်ပါတယ်။ ဈေးပွဲတော်တစ်ခုလုံးကိုတော့ Dora Entertainment က တာဝန်ယူဆောင်ရွက်မှာဖြစ်ပါတယ်။ လူသုံးကုန်၊ စားသောက်ကုန်၊ အလှကုန်စတဲ့ အထွေထွေကုန်စည်တွေကို ရောင်းချမှာဖြစ်ပါတယ်။ ဈေးပွဲတော်ဖြစ်တဲ့အတွက် Entertainment အနေနဲ့လဲ အခမဲ့ဖျော်ဖြေမှုစင်တင်တေးဂီတလဲ ပါရှိမှာပါ"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်တင့်က ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံးအဆောက်အအုံသည် ရန်ကုန်တိုင်းဒေသကြီး၏ အချက်အချာကြသည့် သွားလာရလွယ်ကူသောနေရာတွင် တည်ရှိခြင်း၊ ကျယ်ဝန်းသည့် ကားပါကင်ပါရှိခြင်းနှင့် လုံခြုံရေးစနစ် ကောင်းမွန်ခြင်းတို့ကြောင့် ခရီးသွားပြပွဲများ၊ ပွဲတော်များကို ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရသည်။ ASH

# ဒါးပိန်ပန်းပုအလုပ်ရုံများမှ ရွှေတုံးဆော့ငွေပြားနင်းလာဘ်ရွှင်မင်္ဂလာဝက်ရုပ်များကို ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူနေ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုကျေးရွာရှိ ပန်းပုအလုပ်ရုံများမှ ရွှေတုံးဆော့ငွေပြားနင်းလာဘ်ရွှင်မင်္ဂလာဝက်ရုပ်များကို ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူနေကြောင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦး ပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍ သိရသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွက် ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက တောကြီးပိတောက်သားဖြင့် ထုလုပ်ထားသည့် ရွှေတုံးဆော့ငွေပြားနင်းလာဘ်ရွှင်မင်္ဂလာဝက်ရုပ်များကို မှာယူနေခြင်းဖြစ်ပြီး အရွယ်အစားမှာ အလျား ၁၄ လက်မ၊ အမြင့် ကိုးလက်မရှိကြောင်း သိရသည်။

"ရန်ကုန်မြို့ပေါ်က အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေက ပြီးခဲ့တဲ့လကော၊ အခုလကော အမှာတက်လာတာက ဓာတ်လုံးကိုင်မင်္ဂလာနဂါးပန်းပုရုပ်၊ ရွှေတုံးဆော့ငွေပြားနင်းလာဘ်ရွှင်မင်္ဂလာဝက်ပန်းပုရုပ်တွေပဲဖြစ်ပါတယ်။ အခုကာလမှာ တရုတ်နိုင်ငံက ခရီးသွားတွေ ပြန်ဝင်လာတဲ့အတွက် သူတို့အကြိုက်ပန်းပုရုပ်တွေ အော်ဒါတက်လာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလကလဲ ဓာတ်လုံးကိုင်မင်္ဂလာနဂါးပန်းပုရုပ်တွေ အမှာတက်လာတာတွေ့ရတယ်။ အခုအော်ဒါကတော့ မင်္ဂလာဝက်ပန်းပုရုပ် ၂၀၀ ဖြစ်ပါတယ်"ဟု ဦးအေးချမ်းက ပြောပြသည်။



လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူထားသည့် အလျား ၁၄ လက်မ၊ အမြင့် ကိုးလက်မအရွယ်အစား ရွှေတုံးဆော့ငွေပြားနင်းလာဘ်ရွှင်မင်္ဂလာဝက်ရုပ်တစ်ခုလျှင် ပန်းပုဈေးကွက်အတွင်း ငွေကျပ် ၇၅၀၀၀ ခန့်ရှိကြောင်း သိရသည်။ ASH

# မြစ်သားမြို့နယ် ပေတောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မြစ်သား ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေတောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိသော်၊ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ခိုင်ရွှေဝင်းနှင့် တာဝန်ခံဝန်ထမ်းများက ပေတောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

မြစ်သားမြို့နယ် ပေတောကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မနှင့် ၎င်းကုန်ထုတ်လမ်းပေါ်တွင် Pipe Culvert ရှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်း (မွမ်းမံ)ရန်ပုံငွေကျပ် ၄၀ ဒသမ ၈၈၆ သန်းဖြင့် ပုဂ်စောထီးကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က လုပ်ငန်း စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ၏ ၉၃ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိအိမ်ခြေ ၁၇၃ အိမ်၊ လူ ၇၂၇ ဦး၏ သွားလာရေးအပြင် စိုက်ဧက ၂၀၀ ရှိ လယ်ယာထွက်ကုန်ပစ္စည်းများကို လွယ်ကူစွာ သယ်ယူနိုင်တော့မည်ဖြစ်ကြောင်း မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိသော်က ပြောပြ၍ သိရသည်။ **အေးသူ**

# Candy Cane Lane ဇာတ်ကား၌ မင်းသမီး ဒန်နီရယ်လီပင်းနော့ ပါဝင်မည်

**နယူးယောက် ဇန်နဝါရီ ၁၈**

Amazon Prime Video ၏ Candy Cane Lane ဟာသဇာတ်ကား၌ Ghosts ဇာတ်လမ်းတွဲ မင်းသမီး ဒန်နီရယ်လီပင်းနော့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

Candy Cane Lane ဇာတ်ကားတွင် မင်းသမီး ဒန်နီရယ်လီပင်းနော့သည် ကမ္ဘာကျော်ဟာသမင်းသား အက်ဒီမာဖီ၊ မင်းသမီး ထရေစီအဲလစ်ရို့တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် Candy Cane Lane ဇာတ်ကားကို လော့စ်အိန်ဂျလိစ်မြို့၌ ရိုက်ကူးနေပြီဖြစ်သော်လည်း ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Amazon Prime Video က ထုတ်ပြန်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကယ်လီယန်းဂျီက ရေးသားပေးထားပြီး ဒါရိုက်တာ ရီဂျင်းနယ်ဟက်ဒလင်းက တာဝန်ယူရိုက်ကူးလျက်ရှိသည်။

အဆိုပါဇာတ်ကားကို Amazon Prime Video က ကမ္ဘာတစ်ဝန်းနိုင်ငံနှင့် နယ်မြေပေါင်း ၂၄၀ ကျော်တို့တွင် ထုတ်လွှင့်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

KKO




# Ballerina ဇာတ်ကား၏ ဇာတ်ဝင်ခန်းတချို့ကို ပရက်မြို့၌ ရိုက်ကူးမည်

**နယူးယောက် ဇန်နဝါရီ ၁၈**

Johnwick မူကွဲရုပ်ရှင်ဇာတ်ကားဖြစ်သည့် Ballerina ဇာတ်ကား၏ ဇာတ်ဝင်ခန်းတချို့ကို ချက်နိုင်ငံ ပရက်မြို့၌ ရိုက်ကူးမည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

Ballerina ဇာတ်ကား အက်ရှင်ဇာတ်ဝင်ခန်းတချို့ကို ပရက်မြို့၌ရိုက်ကူးမည့်အစီအစဉ်ကို အဆိုပါဇာတ်ကား၏ကင်မရာမင်း ဒွင်းချားမင်းမီလာက အတည်ပြုပြောကြားထားခြင်းဖြစ်သည်။

Ballerina ဇာတ်ကားအတွက် အက်ရှင်ဇာတ်ဝင်ခန်းတချို့ ရိုက်ကူးရန် ပရက်မြို့တော်သို့ သွားရတော့မည်ဖြစ်ကြောင်း ကင်မရာမင်း ဒွင်းချားမင်းမီလာက အင်စတာဂရမ်စာမျက်နှာ၌ ရေးသားထားသည်။

Ballerina ဇာတ်ကားကို ဒါရိုက်တာ လန်းဝိုက်မင်းက တာဝန်ယူ ရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ကီနူးရိဗ်နှင့် မင်းသမီး အန်နာဒီအားမက်တို့က အဓိကနေရာများ၌ ပါဝင်ထားသည်။

Ballerina ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses Illegal Trade Eradication Steering Committee meeting 1/2023



Vice-Senior General Soe Win addresses Illegal Trade Eradication Steering Committee meeting 1/2023.

**Nay Pyi Taw January 18**

Illegal Trade Eradication Steering Committee held meeting 1/2023 at Ministry of Commerce here this afternoon addressed by Chairman of the steering committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present together with the Vice-Senior General were Vice Chairman of the steering committee Union Minister for Planning and Finance U Win Shein, members Union Minister for Commerce U Aung Naing Oo, deputy ministers and officials. Illegal trade eradication special teams of regions and states took part in the meeting through video conferencing.

The Vice-Senior General said SAC is implementing the three economic objectives for national economic development after adopting the five-point roadmap and nine objectives for national all-round development, state stability, national economic development and socio-economic development of the nationalities.

The steering committee was reformed in accordance with the latest developments on 10 December 2021 to alleviate illegal trade that was hampering the efforts to implement the economic objectives in accord with the national policy. And one year ago, guidance was given to effectively curb illegal trade in accord with the law. During the one year, Nay Pyi Taw Council, region/state teams, could take action against the illegal traders to a certain degree in accord with the law. Anti-illegal trade activities show a signifi ant progress when compared with that of the previous years.

The steering committee had already held meetings for six times from 1/2021 meeting to 5/2022 meeting and adopted 197 resolutions. The number of arrested cases during the one-year period from 2022 January to December was 4232 and estimated amount of seized illegal merchandise was Ks 65.056 billion, and the number of arrested cases during the one-year period from 2021 January to December was 2240, and the estimated amount of seized illegal goods was Ks 8.459 billion. A comparison between the two years showed that the increase in the number of arrested cases was 1992 and the increase in the estimated amount of seizures was Ks 56.597 billion.

Of the many factors behind illegal trade, Transnational Alliance to Combat Illicit Trade has set the Government Policy, Supply and Demand, Transparency and Trade, and Customs Environment as the basic factors.

The government often changed exercising the necessary policies to systematically control spending of foreign exchange. Especially, trade policies were changed in order to reduce import of unnecessary goods. In this regard, according to the trade bulletin 10/2022 related to export and import process issued by the Department of Trade, number of applying import licence declined at Myawady border trade zone in December 2022 due to the plan to allow the importation based on incomes from export or other earnings at the Myanmar-Thai border trade. However, it was verified that number of cargo trucks entering Myawady from the friendship bridge of other country did not remarkably decline. As such, conclusions can be made that the commodities which need application for import licence are still flowing into the country through illegal ways.

The Vice-Senior General continued to say that as supply and demand depends on the market, it is difficul to control them. But, the Vice-Senior General urged responsible departments to strive for gaining progress in transparency, trade and customs measures.

In carrying out developing a country, rule of law is essential. Only when the country is under rule of law and security, will it carry out economic development. Hence, the Nay Pyi Taw Council, region and state illegal trade eradication special task forces are to eradicate illegal trade measures under the law and enforce the people to follow the law as much as they can. Their acts of combating illegal trade should not misunderstand the people.

In the past, inspection and seizure were conducted at trade routes and checkpoints. Later, the warehouses and buildings where illegal goods can be stored were raided to check the illegal goods acting on tip-off, and action was taken against offenders. So, number of seizures went up.

It is necessary to reduce the illegal gates which accepted passing of illegal trade through bribes. If necessary, more legal posts and entrances must be allowed. Legal border trade camps must give smooth process for trade, and on the other hand, severe action must be taken against those who use illegal routes and posts as tax avoidance. To do so, an emphasis must be placed on enforcing rule of law along border regions.

The Vice-Senior General pointed out noticeable points that assigned staff should not participate in bribery cases in illegal trade measures. The Vice-Senior General said he told all to be free from bribe in all meetings and warned the staff not to take any money and bribes in illegal trade. If not, the Vice-Senior General clearly warned all to take severe action against those staff as sample move. Likewise, it is necessary to continuously raise public awareness on disadvantages on illegal trade.

While taking measures to fight the illegal trade, illegal goods including arms and ammunition and drugs have been seized. Although most of the drugs seized in the past were WY tablets, it is noticed that narcotic drug producers have lately changed and produced their drug substances to food-like type to be easily distributed in the market with the aim of ruining the youth. The youth could be victims of narcotic drugs through being curious to try it. That will also ruin the future life of youths and cause additional problems such as worries to the family members. Therefore, parents and family members are to have the sense and knowledge necessary to differentiate their children's or family members' abnormal eating behavior.

With the leadership of the Illegal Trade Eradication Steering Committee, special task forces have been formed in Nay Pyi Taw Council, regions and states, and they have effectively responded to illegal trade. In doing so, actions could be taken against it commensurately. In a response to eradication of illegal trade, personnel involved in the measures to take actions against it are urged to be clear of corruption and fulfill their assigned duties with a good intention to ensure tax that should be received for the State. It is grateful to the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI) for their cooperation. UMFCCI is requested to continue to support in revealing sector-wise measures occasionally. In taking measures to eradicate illegal trade, unlike doing acts only when having instructions and information from the Steering Committee, special task forces of regions and states and departments concerned need to systematically and accurately take actions according to their submitted plans.

Then, Secretary of the Steering Committee Deputy Minister U Nyunt Aung reported on tasks done as per the decisions made at the 5/2022 Meeting of the Steering Committee and tasks being taken by the Steering Committee.

Next, Deputy Director-General U Aung Thwin Oo, head of Offic of the Steering Committee, Director-General of Central Equipment Statistics and Inspection Department U Han Win Aung, Director-General of Customs Department U Thein Swe, Director-General of Trade Department U Myint Thura, Deputy Director-General of Department of Food and Drug Administration Dr Thei ngi Zin, and heads of special task forces from Kayin and Mon states and Yangon Region presented the reports submitted to the 1/2023 Meeting of the Steering Committee.

Afterwards, Vice-Chairman of the Steering Committee Union Minister U Win Shein, Members Union Minister U Aung Naing Oo and Deputy Minister for Home Affairs Maj-Gen Soe Tint Naing and attendees briefed on sector-wise matters on eradicating illegal trade.

Next, the Head of Offic of the Steering Committee presented the meeting minutes of the 1/2023 Meeting (draft) and obtained confi mation on it.

Later, the Vice-Senior General made necessary coordination on the reports and gave concluding remarks. 100

# More than 70,000 local and foreign travellers visit Ngapali beach in 2022


Ngapali beach seen with visitors.

**Thandwe January 18**

A total of 76,862 local and foreign travellers paid visits to Ngapali beach of Rakhine State within 2022, said director U Tin Tun Aung of Rakhine State Directorate of Hotels and Tourism.

During the period, a total of 75,166 local travellers and 1,696 foreign tourists visited the beach within a year of 2022, totalling 76,862 but a total of 272,380 local and foreign travellers toured all parts of destinations across Rakhine State.

"Since Thingyan festival last year, a large number of travellers had arrived at the beach, especially number of travellers increased on government holidays. In 2021, 28,535 local and foreign visitors wondered at the beach. So, number of travellers to the beach in 2022 was larger than that of 2021," said the director.

The Ngapali beach is located seven miles from Thandwe. It is a three-km long beach. At present, those visiting the Ngapali beach continue their visits to Pearl island which is a 20-minute drive of motor schooner from Ngapali Jattaw. It was stationed by a pearl production camp.

Currently, there are 102 hotels, motels and lodges in Rakhine State, 68 of which are located on Ngapali beach. Local authorities allowed 51 hotels and lodges to be opened for giving services to the travellers under the Covid-19 prevention protocols. ASH

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# 49 bridges built to ensure smooth transport in Kachin State

**Myitkyina January 18**

The Ministry of Construction issued a press release, saying that a total of 49 bridges have been built in Kachin State for smooth transportation.

The Department of Bridges under the Ministry of Construction is carrying out construction of the bridges in order to develop socio-economic life of local ethnic people in Kachin State, narrow the development gap between the urban and rural areas and ensure swift flow of commodities

In Kachin State, the department has built 44 bridges, is building four bridges and upgrading one bridge.

Upon completion of these facilities, Kachin State has possessed 49 bridges.

A total of 12 bridges namely Lonsup, Mulashide, Tanja-1, Tanja-2, Sampiyang, Phonchan, Phonen, Sihninkha, Darukha, Tiyansup, Ensup and Phon N'Kha are located on Myitkyina-Samprabum-Putao road and 10 more bridges namely Taron, Tawam, Tanai, Makwetaung, Khonglauran, Shaduzup, Warasup, Dunbang, Dunbonkha and Lwepiyang on Namti-Tanai-Pansawng road.

Furthermore, eight bridges are stretching on Shwebo-Myitkyina road, three more bridges on Machanbaw-Pharukha-Rapbaw-Nagmon road, one in Machanbaw, one more on Magweza-Khaunglanphu road and nine another on Mandalay-Lashio-Bhamo-Myitkhina road.

Currently, 44 bridges have been built in Kachin State. But, Eikha and Khinduyang bridges are under construction on Myitkyina-Samprabum-Putao road, Bala Min Htin Bridge-2 on Mandalay-Lashio-Bhamo-Myitkyina road and four bridges including Ridam on Magweza-Khaunglanphu road in the 2022-23 fisca year.

At the same time, Taseik bridge is being built on Namti-Tanai-Pansawng road. 336

# Sittway border trade camp earns more than US$ 9 million of trade surplus till 6 January 2023


Cargo boats loaded with commodities for export at Sittway jetty.

**Sittway January 18**

The Ministry of Commerce stated that Sittway border trade camp pocketed more than US$9 million of trade surplus up to 6 January 2023.

Myanmar exports products to Bangladesh via Sittway border trade camp. Likewise, India and Vietnam send their products to Bangladesh. Hence, Myanmar's products are competing in the market of Bangladesh with that of India and Vietnam.

Hence, official cooperate with farmers, fisherme and exporters in sending quality export products to the market and increasing the export volume.

During the period from 1 April 2022 to 6 January 2023 of the 2022-23 fiscal year, Sittway border trade camp earned SU$10.151 million of trade value.

In this regard, export value reached US$10.029 million and import value, US$0.122 million. So, the trade camp handled US$9.907 million worth of trade surplus.

Sittway camp handles export of agricultural produce, marine products, forest products and finished industrial goods to Bangladesh. In the last week of December, tamarind seeds, plum, dried coconut, fresh ginger and others as well as dried fis were sent to Bangladesh market to earn US$0.2307 million. 336

# Border trade camps along Myanmar-Thai border handle trade value worth US$4.09 billion from 1 April to 31 Dec 2022

**Nay Pyi Taw January 18**

Border trade camps being operated along Myanmar-Thai border handled the trade value worth US$4,090.7 million from 1 April to 31 December 2022 of the 2022-23 fiscal year, said deputy director Daw Cho Thet Mu of the Trade Policy Branch of Trade Department under the Ministry of Commerce.

In this regard, Tachilek border trade camp managed trade value worth US$114.36 million, Myawady camp US$1.6 billion, Kawthoung camp US$166.15 million, Myeik camp US$200 million, Htikhee camp US$2 billion and Mawtawng camp US$10.19 million.

"With regard to border trade process, Myawady and Htikhee border trade camps play key roles in arranging export and import tasks along Myanmar-Thai border area. Of them, Htikhee camp is the most progressive," said the deputy director.

Myanmar opens border trade camps in Myawady, Tachilek, Kawthoung, Myeik, Htikhe, Mawtawng and Meisei regions to operate border trade measures. ASH

# စစ်ရေးစွမ်းအားမြှင့်တင်ရန်စီစဉ်ထားသည့် ရုရှားစစ်ဘက်

မျိုးခိုင်(ရေနံချောင်း)



အနောက်နိုင်ငံရှိ မဟာမိတ်များက ယူကရိန်းကို စစ်ရေးအကူအညီများပိုမိုပံ့ပိုးပေးအပ်ရန် ကတိပြုထားသောကြောင့် ရုရှားစစ်ဘက်၏ ထိပ်တန်းစစ်ဘက်ဆိုင်ရာ ထိပ်တန်းအရာရှိကြီးများက နိုင်ငံရှိအဆင့်မြင့်စစ်လက်နက်ပစ္စည်းများကို ထပ်မံအင်အားဖြည့်တင်းခြင်းဖြင့် ယခုနှစ်တွင် စစ်ဘက်ကို သိသိသာသာ အားကောင်းလာစေမည့် အစီအစဉ်များကို ကြေညာခဲ့သည်။

ယူကရိန်းအရှေ့ဘက်တွင် ပြင်းထန်သောတိုက်ပွဲများဖြစ်ပွားနေချိန်တွင် ရုရှားကာကွယ်ရေးဝန်ကြီး Sergei Shoigu က နိုင်ငံ၏စစ်လက်နက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရန်နှင့် ခေတ်မီလေကြောင်းနည်းပညာနှင့် ဒရုန်းထုတ်လုပ်မှုတိုးမြှင့်ရန် ဇန်နဝါရီ ၁၀ ရက်က ကတိပြုခဲ့သည်။

ယခုလအစောပိုင်းတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များကို မည်ကဲ့သို့ပံ့ပိုးပေးထားကြောင်း အစီရင်ခံတင်ပြရန် Shoigu ကို ညွှန်ကြားခဲ့သည်။ အဆိုပါအစီရင်ခံစာတွင် ရုရှားတပ်မတော်ထံလွှဲပြောင်းပေးအပ်ထားသည့် စစ်လက်နက်ပစ္စည်း၊ ကိရိယာအသေးစိတ်အချက်အလက်များနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန၏ စစ်ရေးစွမ်းအားမြှင့်တင်ရန်အကြံပြုချက်များပါဝင်လာသည်။

NATO နိုင်ငံများသည် မကြာသေးမီက စစ်ရေးအစီအစဉ်များတွင် ယူကရိန်းကို အားကောင်းသောလက်နက်စနစ်များပေးအပ်ရန် ကတိပြုသောအခါတွင် တစ်ဖက်ကလည်း ရုရှားသည် ၎င်း၏စစ်ရေးစွမ်းအားပြင်ဆင်မှုကိုမြှင့်တင်ရန် အရေးကြီးလာသည်။ ယူကရိန်း ကို အထူးစစ်ဆင်ရေးစတင်ချိန် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကတည်းက စတင်ပေးအပ်လာခဲ့သော NATO ၏စစ်ရေးအကူအညီသည် မကြာမီ ရုရှား၏ ၂၀၂၂ ခုနှစ် ကာကွယ်ရေးဘတ်ဂျက်နှင့် ညီမျှတော့မည်ဖြစ်သည်။

ထိုအချက်ကိုတုံ့ပြန်သည့်အနေဖြင့် ပူတင်သည် လက်နက်ထုတ်လုပ်ရေးဗဟိုချက်မဖြစ်သော Tula သို့သွားရောက်လည်ပတ်စဉ် နိုင်ငံ၏ကာကွယ်ရေးစက်မှုလုပ်ငန်းအတွက် စွမ်းအားမြှင့်တင်ထုတ်လုပ်နိုင်ရေးကို တွန်းအားပေးမှာကြားခဲ့သည်။

ကျွန်ုပ်တို့၏ စစ်ဘက်-စက်မှုဇုန်၏ အရေးကြီးဆုံးတာဝန်မှာ ကျွန်ုပ်တို့တပ်ဖွဲ့ဝင်များနှင့် ရှေ့တန်းတပ်ဖွဲ့များ၊ လက်နက်များ၊ စက်ကိရိယာများ၊ ခဲယမ်းမီးကျောက်များကို ၎င်းတို့လိုအပ်သလောက် ပံ့ပိုးပေးနိုင်ရန်နှင့် အချိန်တိုအတွင်း လိုအပ်သောပမာဏ၊ မှန်ကန်သောအရည်အသွေးရှိသော စစ်လက်နက်ပစ္စည်း၊ ဝတ်စုံများတပ်ဆင်ပေးသွားနိုင်ရန်ပင်ဖြစ်သည်ဟု ရုရှားသမ္မတပူတင်က ပြောကြားခဲ့သည်။

**ယခုနှစ်တွင် ရုရှားစစ်ဘက်က Hypersonic စွမ်းရည်ကို မြှင့်တင်သွားရန်ရှိ**

ရုရှားနိုင်ငံပိုင်သတင်းဌာနက ကာကွယ်ရေးဝန်ကြီးဌာန၏တရားဝင်ထုတ်ပြန်ချက်များအပေါ် အခြေခံ၍ ယခုနှစ်တွင် စစ်ဘက်သို့ ထပ်မံပေးပို့သွားမည့် အဆင့်မြင့်လက်နက်စနစ်များစာရင်းကို ထုတ်ပြန်ခဲ့သည်။ အဆိုပါစာရင်းတွင် ကြည်း၊ ရေ၊ လေတပ်ဖွဲ့များအတွက် စစ်လက်နက်ပစ္စည်းများအပြင် နျူကလီးယားစွမ်းရည်ပိုင်ဆိုင်ထားသော မဟာဗျူဟာမြောက်တပ်ဖွဲ့အတွက်လည်းပါဝင်သည်။



Hypersonic နှစ်ဟုသက်သေပြနိုင်လောက်မည့် ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန (MoD) သည် Kinzhal နှင့် Tsirkon တို့၏ တိကျသော Hypersonic ဒုံးကျည်စနစ်များကို တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ပြီး အခြားအလားအလာရှိသောနမူနာများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ကတိပြုထားသည်။

ရုရှားနိုင်ငံသည် ပြီးခဲ့သည့်နှစ်က စစ်မြေပြင်တွင် Kinzhal သို့မဟုတ် Dagger Hypersonic ဒုံးကျည်ကို အသုံးပြုနေပြီဖြစ်သောကြောင့် ယူကရိန်းသို့မဟုတ် အနောက်နိုင်ငံရှိ ရုရှား၏ရန်ဘက်များအတွက် အံ့အားသင့်စရာဖြစ်မည်မထင်ပေ။

ထို့ပြင် လွန်ခဲ့သည့်လအနည်းငယ်က ဘီလာရုစ်နိုင်ငံအတွင်း Hypersonic ဒုံးကျည်များ တပ်ဆင်ထားသော MiG-31K တိုက်လေယာဉ်အများအပြားတပ်ဖြန့်ချထားခဲ့သည်ကို တွေ့ရှိခဲ့သည်။

Tsirkon သို့မဟုတ်Zircon တွင် Hypersonic ဒုံးကျည်နှင့်ပတ်သက်၍ ရုရှားကာကွယ်ရေးဝန်ကြီးဌာနသည် မကြာသေးမီက အဆိုပါ Hypersonic ဒုံးကျည်တင်ဆောင်ထားသော ပထမဆုံးဖရီဂိတ်စစ်သင်္ဘော Admiral Gorshkov ကို အတ္တလန္တိတ်သမုဒ္ဒရာသို့ စေလွှတ်၍ အလံတင်ဆောင်ခုတ်မောင်းရွက်လွှင့်ခဲ့ပြီးဖြစ်သည်။ အနောက်တိုင်းစစ်ဘက်ဆိုင်ရာကျွမ်းကျင်သူများနှင့် မူဝါဒချမှတ်သူများက Hypersonic လက်နက်များကိုအသုံးပြု၍ အင်အားပြရန် ရုရှား၏ သိမ်မွေ့သောကြိုးပမ်းမှုအဖြစ် အဆိုပါလှုပ်ရှားမှုကို သုံးသပ်ခဲ့ကြသည်။

ရုရှားရေတပ်သည် ယခုနှစ်အတွင်းရေငုပ်သင်္ဘော လေးစီးနှင့် စစ်သင်္ဘော ၁၂ စီးခန့် တပ်တော်ဝင်အင်အားဖြည့်တင်းနိုင်ရန် စီစဉ်ထားသည်။ ထို့ပြင် ရုရှားသည် လက်ရှိတပ်မဟာများကို အခြေခံ၍ ရေတပ်၏ ကမ်းရိုးတန်းကာကွယ်ရေးတပ်ဖွဲ့များတွင် ရေတပ်၊ ခြေလျင်တပ်မကြီး ငါးခု ဖွဲ့စည်းသွားမည်ဖြစ်သည်။

"ဒီနှစ်မှာ ရေတပ်ဟာ ကြီးမားပြီးအရေးကြီးတဲ့ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်သွားဖို့ ရှိနေပါတယ်။ ရေငုပ်သင်္ဘော လေးစီးနဲ့ ထောက်ပံ့ရေးသင်္ဘောတွေအပါအဝင် စစ်သင်္ဘော ၁၂ စီး၊ ပဲ့ထိန်းဒုံးကျည်တင် မဟာဗျူဟာမြောက်ခရူဇာ Emperor Alexander III စစ်ရေယာဉ်တွေ ရေတပ်ကိုတပ်တော်ဝင်ထည့်သွင်းသွားနိုင်ရေးဟာ ဦးစားပေးလုပ်ငန်းတာဝန်တွေပဲဖြစ်ပါတယ်"ဟု ၂၀၂၂ ခုနှစ် ဒီဇင်ဘာလနှောင်းပိုင်းတွင် ရေတပ်ဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး Nikolay Yevmenov က စစ်ရေးစွမ်းအားမြှင့်တင်ရေးအစီအစဉ်များကို ထုတ်ဖော်ပြောကြားခဲ့သည်။

၎င်းတို့ထဲမှ Borei-A အတန်းအစားနျူကလီးယားစွမ်းရည်ရှိ Emperor Alexander III သည် ရုရှားနိုင်ငံ၏ ပင်လယ်ပြင်မဟာဗျူဟာမြောက် နျူကလီးယားစွမ်းရည်များအတွက် ပင်မကျောရိုးကိုကိုယ်စားပြုရန်ရည်ရွယ်ထားသည့် အထင်ရှားဆုံးရေငုပ်သင်္ဘောလည်းဖြစ်သည်။ ၎င်းတို့၏ အဓိကလက်နက်တွင် Bulava တိုက်ချင်းပစ်ဒုံးကျည် ၁၆ စင်း ပါဝင်မည်ဖြစ်သည်။ Borei-A ရေငုပ်သင်္ဘောများတွင် သာလွန်ကောင်းမွန်သောအသံပိုင်းဆိုင်ရာ၊ ကိုယ်ပျောက်ခြင်း၊ ထိန်းကျောင်းခြင်း၊ ရေနက်ပိုင်း မြန်နှုန်းတင်ခုတ်မောင်းခြင်းနှင့် လက်နက်ထိန်းချုပ်ခြင်းစနစ်များ ပါရှိလာမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် တိုက်ချင်းပစ်ဒုံးကျည် RS-28 Sarmat Intercontinental Ballistic Missile (ICBM) ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ပြီးနောက် အမှတ်စဉ်လိုက်ထုတ်လုပ်မှုကို စတင်နိုင်ခဲ့သည်။ RS-28 Sarmat ဒုံးကျည်သည် လာမည့်နှစ် ၄၀ မှ နှစ် ၅၀ အတွင်း ရုရှားစစ်ဘက်၏တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ထိန်းသိမ်းထားနိုင်ရန်စီစဉ်ထားပြီး နျူကလီးယားတားဆီးကာကွယ်ရေးမဟာဗျူဟာ၏ အဓိကစွမ်းအားစုဖြစ်သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလက သီးခြားဖွဲ့ဖြိုးတိုးတက်မှုတစ်ခုတွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနသည် Yars Intercontinental Ballistic Missile (ICBM) တိုက်ချင်းပစ်ဒုံးကျည်ကို Missile Silo (မြေအောက်ဒုံးဂိုဒေါင်)အတွင်း တပ်ဆင်ပြသထားသည့် ဗီဒီယိုတစ်ခုကို ထုတ်ပြန်ခဲ့သည်။

အလားတူ ရုရှားကာကွယ်ရေးဝန်ကြီးဌာနကလည်း ၎င်း၏ Avangard Hypersonic Missile ကို Missile Silo အတွင်းသို့ မည်သို့တင်ဆောင်ကြောင်း ပြသသည့်ဗီဒီယိုကိုလည်း ထုတ်ပြန်ခဲ့သည်။ တပ်ဖွဲ့ဝင်ဦးရေ ၄၀ က မဟာဗျူဟာမြောက်ဒုံးကျည်ကို Missile Silo အတွင်းသို့ တပ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံ မဟာဗျူဟာမြောက် နျူကလီးယားတပ်ဖွဲ့များသို့ပေးအပ်ခဲ့သည့် အဆင့်မြင့်စစ်လက်နက်ပစ္စည်းကိရိယာများ အင်အားဖြည့်တင်းခဲ့မှုမှာ ၉၁ ဒသမ ၃ ရာခိုင်နှုန်းထိရောက်ရှိခဲ့ကြောင်း ယခင်က အစီရင်ခံခဲ့သည်။ အဆင့်မြှင့်တင်ထားသော Tu-160M နျူကလီးယားဒုံးကျည်တင် လေယာဉ်များထပ်မံဖြည့်တင်းနိုင်မှုသည် ၎င်းကိုပိုမိုအားကောင်းလာစေမည်ဖြစ်သည်။ မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်ရှေ့ပြေးပုံစံသည် မကြာသေးမီက ၎င်း၏ဒုတိယမြောက်စမ်းသပ်ပျံသန်းမှုကိုပြီးစီးခဲ့ပြီး ယခုအခါ ကာကွယ်ရေးဝန်ကြီးဌာန၏ နိုင်ငံတော်အဆင့်စမ်းသပ်မှုများပြုလုပ်မည်ဖြစ်သည်။

Tu-160M သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလက ၎င်း၏ ပထမဆုံးပျံသန်းမှုပြုလုပ်ခဲ့ပြီး နောက်တစ်နှစ်အကြာတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ Tu-160M သည် Tu-160 ဗုံးကြဲလေယာဉ်၏ အဆင့်မြှင့်တင်ထားသောလေယာဉ်လည်းဖြစ်သည်။ ရုရှားမီဒီယာများ၏ ဖော်ပြချက်အရ Tu-160M သည် လက်ရှိတွင် အကြီးမားဆုံး Supersonic ဗုံးကြဲလေယာဉ်မျိုးဖြစ်ပြီး အဆိုပါဗုံးကြဲလေယာဉ်ကို တပ်တော်ဝင်ဖြန့်ကြက်အသုံးပြုနိုင်မည့်အစီအစဉ်သည် ၂၀၂၇ ခုနှစ်ထိ ကြာမြင့်နိုင်မည်ဟု ခန့်မှန်းထားကြသည်။



**4 Submarines, 12 Warships, Hypersonic Missiles & Nuke Bombers: Russian Military Set For Massive Boost In 2023 ကို ဘာသာပြန်ဆိုထားပါသည်။**

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံ ပီလောပီနံဧက ၁၁၂၀၀ စိုက်ပျိုးပြီးစီး



**ကျုံပျော် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံဧက ၁၁၂၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံ ပီလောပီနံလျာထား ဧက ၁၁၂၀၀ ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေနဲ့ ဆောင်းသီးနှံတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့နဲ့ သီးနှံတွေအားလုံးအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှား မကျရောက်စေဖို့အတွက် စိုက်ပျိုးရေး နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပီလောပီနံကို ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဧက ၁၀၀၀၀ ကျော် ရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဆောင်းသီးနှံတွေကို အောက်တိုဘာလနဲ့ နိုဝင်ဘာလတွေမှာ စတင်စိုက်ခဲ့တာပါ"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ပီလောပီနံကို ဒေသခံတောင်သူ ၂၂၀ ဦးက အများဆုံးစိုက်ပျိုးကြပြီး ပီလောပီနံပင်သည် စတင်စိုက်ပျိုးချိန်မှ သုံးလ သို့မဟုတ် လေးလခန့်အကြာတွင် ပြန်လည်တူးဖော်ရောင်းချနိုင်ကြောင်း၊ အဆိုပါ ပီလောပီနံများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြပြီး ယခင်နှစ်မိုးရာသီကစိုက်ခဲ့သည့် ပီလောပီနံ အစိမ်းတစ်ကီလိုဂရမ်လျှင် ငွေကျပ် ၁၂၀၀၊ အခြောက်တစ်ကီလိုဂရမ်လျှင် ငွေကျပ် ၁၆၀၀ ထိ ဈေးနှုန်းရရှိခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တန့်ယန်းမြို့နယ် မန်ကျောင်း-မန်လုံကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**တန့်ယန်း ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မန်ကျောင်း-မန်လုံကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးခိုင်အောင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ ခရိုင်နှင့် မြို့နယ်ဝန်ထမ်းများက သက်ဆိုင်ရာကွန်ကရစ်တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ မန်ကျောင်း-မန်လုံကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



မန်ကျောင်း-မန်လုံကျေးရွာ လမ်းအရှည် တစ်မိုင်ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ဖြန့်ကျောက်ခင်းကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၆၇ ဒသမ ၇၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် RTB ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မန်ကျောင်း-မန်လုံကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်နိုင်မှုကြောင့် မန်ကျောင်း၊ မန်လုံကျေးရွာတို့မှ လူဦးရေ ၄၁၀ တို့၏ စိုက်ပျိုးမြေဧက ၃၀၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါစိုက်ပျိုးမြေဧကများမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**နီလာ**

# ကွန်ဟိန်းမြို့နယ် ဟိုပန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း
# အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေး

**ကွန်ဟိန်း ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟိုပန်ကျေးရွာအုပ်စု ဟိုပန်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်မြောက် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ဟိုပန်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ကျေးရွာမြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၅၂ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟိုပန်ကျေးရွာတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း သတ္တမအကြိမ် အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၂ ဦးကို အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်း၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချိုသန်းညွန့်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၈-၁-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| **(စွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၆၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၀၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ထိုင်းနိုင်ငံရှိ MoU သက်တမ်း လေးနှစ်ပြည့်ပြီးသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို နိုင်ငံကူးလက်မှတ်စာအုပ်သက်တမ်းတိုး အသစ်ထုတ်ပေးနိုင်ရေး ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၈**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Vistsstum နှင့်အဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့ကို ယခုလိုတွေ့ဆုံခြင်းဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခက်အခဲများနှင့် ရပိုင်ခွင့်များ၊ အလုပ်သမားစေလွှတ်ခြင်းကိစ္စရပ်များနှင့် နှစ်နိုင်ငံ MoU စနစ်ဖြင့် ဆောင်ရွက်မည့်ကိစ္စရပ်များအတွက် များစွာအထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံအစိုးရမှ တရားဝင်ခန့်အပ်ထားသည့် အလုပ်သမားသံအရာရှိများနှင့်ညှိနှိုင်းဆွေးနွေးရေးကိစ္စ၊ MoU စနစ်ဖြင့်စေလွှတ်သည့် အလုပ်သမားများအတွက် ဗီဇာကြေးလျှော့ချပေးနိုင်ရေးကိစ္စ၊ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding on Labour Cor-poration)နှင့် အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူစာချုပ် (Agreement on the Employment of Workers) သက်တမ်းတိုးလက်မှတ်အမြန်ရေးထိုးနိုင်ရေးကိစ္စ၊ MoU အလုပ်သမားများကို လေကြောင်းလိုင်းမှတစ်ဆင့်စေလွှတ်နိုင်ရေးကိစ္စ၊ ထိုင်းနိုင်ငံရှိ MoU သက်တမ်းလေးနှစ်ပြည့်ပြီးသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို နိုင်ငံကူးလက်မှတ်စာအုပ် သက်တမ်းတိုးအသစ်ထုတ်ပေးနိုင်ရေးနှင့်ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာအလုပ်သမားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI) ထုတ်ပေးသည့်ကိစ္စနှင့် ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာအလုပ်သမားများကိုယာယီနေထိုင်လုပ်ကိုင်ခွင့်(ပန်းရောင်ကတ်)များ ထုတ်ပေးခြင်းကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန် ဦးညွန့်ဝင်း၊ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နမ့်စန်၊ ခိုလမ်၊ ကွန်ဟိန်းနှင့် ကာလိမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်၊ ခိုလမ်၊ ကွန်ဟိန်းနှင့် ကာလိမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၁၇ ရက် နေ့လယ်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက ခိုလမ်မြို့ နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်နှင့်စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဆန်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်း၊ တံတားတည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့တွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-တောင်ငူ-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၂၅/၄)တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် Oriental Highway Co.,Ltd က B.O.T စနစ်ဖြင့်ဆောင်ရွက်သော လက်ရှိ လေးလမ်းသွားမှခြောက်လမ်းသွားအဆင့် လမ်းတာပေါင်တိုးချဲ့ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၂၂၃/၁)နှင့်(၂၂၃/၂)ကြားရှိ အရှည်ပေ ၂၁၀ ဆင်သေချောင်းတံတား(ကျောက်ချပ်)တစ်လမ်းမောင်း သံပေါင်တံတားဟောင်းနေရာတွင် တံတားအသစ်တိုးချဲ့တည်ဆောက်မည့်လျာထားနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လမ်းနယ်များစနစ်တကျသတ်မှတ်ရန်၊ လမ်းဘေးဝဲယာတွင် သစ်ပင်များ မိုးဦးကာလအမီစိုက်ပျိုးရန်နှင့် လမ်းအမာခံမြေကြီးလုပ်ငန်းများ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့ရှောင်လမ်းနှင့် လမ်းဟောင်းဆုံသည့် လမ်းဆုံမီးပွိုင့်နေရာတွင် ယာဉ်စည်းကမ်းသတ်မှတ်ချက်နှင့်အညီ စနစ်တကျရှိစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိရမည့် လုပ်ငန်းလျာထားချက်များဆောင်ရွက်ထားမှုအခြေအနေ၊ မိုင်တိုင်အမှတ်(၂၂၀/၅)တွင် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၂၀၁/၅)နှင့် ၂၀၁ / ၆ )ကြား စီလမ်းဆုံ Under Pass ကြံ့ခိုင်မှုနှင့် တံတား Abutment များ ပြုပြင်ထိန်းသိမ်းထားရှိမှု၊ မိုင်တိုင်အမှတ် (၂၀၂/၀)ရှိ အရှည်ပေ ၉၀ ယအောင်းတံတားကြံ့ခိုင်မှု၊ မိုင်တိုင်အမှတ်(၁၉၆/ ၆ နှင့် ၁၉၆ / ၇) ကြားရှိ အရှည် ပေ ၃၆၀ ရိုးပင်ချောင်းတံတားကြံ့ခိုင်မှုနှင့် စီလမ်းဆုံ Toll Gate တွင် ခရီးသည်တင်မော်တော်ယာဉ်များနှင့် ကုန်စည်တင်ယာဉ်များကို Telematic နည်းပညာဖြင့် စောင့်ကြည့်ထိန်းချုပ်နေသည့် Traffic Command and Control Center တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းချဲ့ရာတွင်သတ်မှတ်လမ်းအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ရန်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအပိုင်းရှိ မြို့ဝင်၊ မြို့ထွက်နေရာများတွင် သာယာလှပရေးပြုပြင်ထားရှိရန်၊ လမ်းပခုံးနှင့် တံတား abutment များတွင် ရေစိမ့်ဝင်၍ ပျက်စီးမှုမရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေး စနစ်တကျစေတနာထား၍ ဆောင်ရွက်ပေးရန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၀၄/၁)မှ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ကမ္ဘာ့အကြီးဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်သည့် ဗုဒ္ဓဥယျာဉ်သို့ တိုက်ရိုက် အဝင်၊ အထွက်ပြုလုပ်နိုင်သည့် လမ်းအရှည် ၃၀၈၄ ပေကို လေးလမ်းသွား ကတ္တရာကွန်ကရစ်ခင်းပြီးစီးမှုနှင့် လမ်းလယ်ကျွန်း၊ လမ်းဘေးဝဲယာ လမ်းပခုံးများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အမြန်လမ်းနှင့်ချိတ်ဆက်မည့် အဝင်၊ အထွက် လမ်းအပိုင်းတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး လမ်းညွှန်အမှတ်သားများ၊ သတိပေးဆိုင်းဘုတ်များ ဆောင်ရွက်ထားရှိရန်၊ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်သာယာလှပစေရေး သစ်ပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးထားရှိရန်မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ဆင်သေချောင်းဝဲယာရှိ စိုက်ပျိုးမြေများအားလုံး တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်ရေးကြိုးပမ်း ဒေသအတွက် စီးပွားရေးအခြေအနေကောင်းများ ဖန်တီးပေးနိုင်ရေး စီမံဆောင်ရွက်




**နေပြည်တော် ဇန်နဝါရီ ၁၈**

ဆင်သေချောင်းဝဲယာရှိ စိုက်ပျိုးမြေများအားလုံး တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်ရေးအတွက် ချောင်းပိတ်လုပ်ငန်းများ၊ ကုန်းမြင့်ပိုင်းစိုက်ခင်းများအတွက် ရေတင်လုပ်ငန်းများစီမံဆောင်ရွက်လျက်ရှိသကဲ့သို့ သီးနှံမျိုးစေ့၊ သွင်းအားစုနှင့် လိုအပ်ချက်များဖြည့်ဆည်းပေးသွားမည်ဖြစ်၍ ဒေသနေတောင်သူများအနေဖြင့် မိမိတို့တစ်ဦးချင်းဝင်ငွေတိုးရေး၊ ဒေသ၏ လယ်ယာကုန်ထုတ်လုပ်မှုမြင့်မားတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း၊ ယနေ့ ညနေပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှားတောကျေးရွာနှင့် ညောင်ပင်သာကျေးရွာရှိ တောင်သူများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဈေးကွက်နှင့် ချိတ်ဆက်ခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းများတွင် အသင်းအဖွဲ့ပုံစံဖြင့် ဆောင်ရွက်နိုင်ပါက ပိုမိုထိရောက်မှုရှိကြောင်း၊ စိတ်တူကိုယ်တူဆန္ဒသဘောထားတူညီသူများစုဖွဲ့၍ သမဝါယမအသင်းအဖြစ် ဖွဲ့စည်းဆောင်ရွက်နိုင်ပါက စုပေါင်းစိုက်ပျိုး စုပေါင်းထုတ်လုပ်သဖြင့် အရည်အသွေးတူထုတ်ကုန်ပမာဏ ကြီးမားလာမည်ဖြစ်၍ လက်ကားဈေးကွက်ဝင်နိုင်ပြီး ဈေးကွက်အကျိုးအမြတ်ကိုပါ ခံစားနိုင်ကြမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် အသင်းစုဆောင်းငွေဖြင့် တစ်ဦးတစ်ယောက်ချင်း ဝယ်ယူအသုံးပြုရန်ခက်ခဲသော လယ်ယာသုံးစက်ကိရိယာများ သုံးစွဲနိုင်ခြင်း၊ အရင်းအနှီး ခိုင်မာတောင့်တင်းလာခြင်းကြောင့် စီးပွားဖြစ်လုပ်ငန်းချဲ့ထွင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများကိုပါရရှိနိုင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအပြင် အခြားဝင်ငွေရ လုပ်ငန်းများဖြစ်သော အသေးစားကုန်ထုတ်လုပ်ငန်းများ၊ စက်ချုပ်လုပ်ငန်းကဲ့သို့သော အိမ်တွင်းမှုလုပ်ငန်းများ ထူထောင်လုပ်ကိုင်လိုပါက မိမိတို့ဝန်ကြီးဌာနမှ နည်းပညာသင်တန်းများ အခမဲ့စီစဉ်ပေးခြင်းနှင့်အတူ လုပ်ငန်းမတည်အရင်းအနှီးများ ထုတ်ချေးပေးခြင်းများဆောင်ရွက်ပေးလျက်ရှိရာ တစ်မိသားစုချင်းက မိမိတို့နှင့် သင့်လျော်သည့်လုပ်ငန်းများ ချဲ့ထွင်ကြိုးစားသွားကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များသည် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ယာယီရေတားတမံတည်ဆောက်ခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံးဆိုလာရေတင်စနစ် တည်ဆောက်မှုလုပ်ငန်းဆောင်ရွက်နေမှုနှင့် စိုက်ပျိုးမြေ ၁၁၅ ဧကကို အကျိုးပြုနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ယာယီရေတားတမံမှ စိုက်ပျိုးမြေ ၁၁၅ ဧကကို အကျိုးပြုနိုင်မည်ဖြစ်သော်လည်း တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ပါက ဧက ၃၅၀ ခန့် အကျိုးရှိမည်ဖြစ်၍ ပညာပေးစည်းရုံးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေရရှိရေးသာမက တောင်သူများစိုက်ပျိုးလိုသည့် သီးနှံမျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်ရေး၊ စိုက်ပျိုးရေးဆိုင်ရာ ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေး၊ ဈေးကွက်နှင့်ချိတ်ဆက်ပေးနိုင်ရေး၊ မွေးမြူရေးလုပ်ကိုင်လိုသူများအတွက် အရင်းအနှီး၊ နည်းပညာနှင့် လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးခြင်းဖြင့် ဒေသအတွက် စီးပွားရေးအခြေအနေကောင်းများ ဖန်တီးပေးနိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၈**

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် အညီ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများတစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများရေးဆွဲစိုက်ထူဆောင်ရွက်ထားရှိမှုများ၊ ယာဉ်တိုက်မှုအဖြစ်များသည့် လမ်းပိုင်းများ၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် လမ်းဦးစီးဌာနက ပြုပြင်ဆောင်ရွက်ထားရှိမှုများ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက Road Safety Audit ဆောင်ရွက်ပြီးစီးမှုနှင့် သုံးသပ်အကြံပြုချက်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးဆောင်၍ လမ်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့တို့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လမ်းဦးစီးဌာနရှင်းလင်းဆောင်(ရဲနွယ်)၌ ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ယာဉ်သွားလာမှုအင်ဂျင်နီယာဌာနခွဲမှ အင်ဂျင်နီယာမှူးကြီးက အမြန်လမ်းမကြီးတစ်လျှောက် Road Safety Audit ဆောင်ရွက်မှု၊ စစ်ဆေးတွေ့ရှိမှုနှင့် သုံးသပ်အကြံပြုချက်များကိုလည်းကောင်း၊ လမ်းဦးစီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများက လမ်းညွှန်၊ လမ်းအမှတ်အသားနှင့်အချက်ပြများဆောင်ရွက်ထားရှိမှု၊ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများ၊ အသစ်တိုးချဲ့ရေးဆွဲ စိုက်ထူပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း Powerpoint Presentation ဖြင့် ရှင်းလင်းတင်ပြကြရာ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက သုံးသပ်ဆွေးနွေးပြီး နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး လုပ်ငန်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်၍ သက်ဆိုင်ရာဌာနများ၊ ဒေသကြီးကြပ်ရေးအဖွဲ့များအနေဖြင့် အထူးအလေးထားအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ မြေပြင်ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်ပြီး လိုအပ်သည်ပြုပြင်မွမ်းမံမှု၊ ပြင်ဆင်မှု၊ အသစ်တိုးချဲ့ရေးဆွဲစိုက်ထူမှုများ ညွှန်ကြားချက်နှင့်အညီ ပြည့်စုံညီညွတ်မှန်ကန်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့နှင့်အတူ ပဲခူးမြို့အတွင်း လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများရေးဆွဲစိုက်ထူဆောင်ရွက်ထားရှိမှုများကို မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးမှာကြားသည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပဲခူး-နေပြည်တော် အပြန်ခရီးတွင် နေပြည်တော်အဝင် Toll Gate ရှိ လမ်းဦးစီးဌာန၏ Telematic Control Center ၌ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် မော်တော်ယာဉ်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးစနစ်(Telematics) ဖြင့် ကုန်တင်ယာဉ်များကို ထိန်းသိမ်းကွပ်ကဲဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ဆင်းကတ်မှတ်ပုံတင်သည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်၊ မမှန်စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက ၃၁-၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်၊ မမှန်စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPTအတွက် *601#၊ Atomအတွက် *979*3*3#၊ Ooredoo အတွက် *666#၊ Mytel အတွက် *966# သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Applicationများနှင့် Websiteတို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mongkol Vlsitstump ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်း၍ ယဉ်ကျေးမှု ဖလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါကြောင်း၊ တက္ကသိုလ်များ အကြား၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ၊ ပြတိုက်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ထိုင်းနိုင်ငံမှ ပြည်သူများ၊ သံယာတော်များကို အပြည်ပြည် ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင်လည်း လာရောက်ပညာသင်ကြားရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

သံအမတ်ကြီးက မြန်မာနိုင်ငံမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ကျင်းပမည့် မဲခေါင်-လန်ချန်း ဒေသရိုးရာအကပွဲတော်သို့ တက်ရောက်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကကျင်းပမည့် အလားတူပွဲတော်များတွင်လည်း ထိုင်းနိုင်ငံက ပါဝင်ဆင်နွှဲရန် ဆန္ဒရှိပါကြောင်း၊ အဆိုပါကဏ္ဍများတွင် ပူးပေါင်းပါဝင်ခြင်းဖြင့် နှစ်နိုင်ငံအကြား ရင်းနှီးချစ်ခင်မှုကို ပိုမိုရရှိမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် နှစ်နိုင်ငံပူးပေါင်း၍ ပွဲတော်များ ပူးပေါင်းဆောင်ရွက်လိုပါကြောင်းနှင့် ခရီးသွားလာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (သာသနာရေး)ဦးအေးထွန်းနှင့် ဒုတိယ ဝန်ကြီး(ယဉ်ကျေးမှု) ဒေါက်တာမိုးဇော်ထွန်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး တို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၂၅ ဦးနှင့် မန္တလေး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူဦးရေ ၂၂၈၂၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။


ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၁၃၆၉ ဦး၊ ရခိုင်ပြည်နယ် အမ်းမြို့၌ ကျောင်းသား၊ ကျောင်းသူ ၆၆၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၂၆၂၃၁ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



**မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။**

# ဘားအံမြို့အဝင်(မော်လမြိုင်)ဘက်ခြမ်း လမ်းဆုံအဝိုင်း တည်ဆောက်ခြင်းလုပ်ငန်း ၇၅ ရာခိုင်နှုန်းပြီးစီး



**နေပြည်တော် ဇန်နဝါရီ ၁၈**

ကရင်ပြည်နယ်သည် သဘာဝအခြေခံ လည်ပတ်စရာနေရာများ ပေါများပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်ရာ ခရီးသွားမြို့တော်ဖြစ်သည့်အတွက် ဘားအံမြို့ကို ခမ်းနားထည်ဝါသည့် မြို့တော်အင်္ဂါရပ်နှင့်အညီ ဖြစ်စေရန် ရည်ရွယ်၍ ပြည်နယ်ဝန်ကြီးချုပ်၏ ညွှန်ကြားမှုအရ ဘားအံမြို့အဝင် (မော်လမြိုင်)ဘက်ခြမ်း လမ်းဆုံအဝိုင်းကို တည်ဆောက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခုတည်ဆောက်နေတဲ့ လမ်းဆုံ အဝိုင်းက ဘားအံမြို့တွင်းလမ်း၊ ဘားအံမြို့ ရှောင်လမ်း၊ သံလွင်တံတားနဲ့ မော်လမြိုင် မြို့ကိုသွားတဲ့ လမ်းဆုံမှာဖြစ်ပါတယ်။ လမ်းဆုံအဝိုင်းကအဝိုင်းအကျယ် ပေ ၁၂၀ နဲ့ ရင်ပြင်အကျယ် ပေ ၈၀ ရှိပါတယ်။ အဝိုင်းအတွင်းမှာ ဆင်ဖြူတော်လေးကောင် နဲ့ ဖားစည်ပါရှိပါတယ်။ ပေ ၈၀ ရှိတဲ့ ဖားစည်ကိုအမြင့် ၁၂ ပေရှိတဲ့ ဆင်ဖြူတော် လေးကောင်နဲ့ ဝန်းရံထားပါတယ်။ ဒါ့ပြင် အဝိုင်းရင်ပြင်ပေါ်တက်ဖို့ ပေ ၂၀ အကျယ်ရှိတဲ့ လှေကားလေးခုလည်းပါဝင် ပါတယ်။ ရင်ပြင်ကို ကြွေပြားအရောင်ခွဲပြီး အလှဆင်ခင်းထားပါတယ်။ Double Arm နှစ်ဖက်လင်းမီးတိုင် ၁၂ တိုင်၊ ဆလိုက်မီးလုံးကြီး ရှစ်လုံး၊ ရောင်စုံမီး ရှစ်လုံးနဲ့ အလှဆင်ထားပါတယ်။ အဝိုင်းပတ်လည်မှာ မြေယာရှုခင်းပန်းအလှပင်များကို အဆင့် နှစ်ဆင့် စိုက်ပျိုးထားပြီး လှေကားအဝင်မှာ ပန်းအိုး ၂၄ အိုး ထားရှိပါတယ်။ အဝိုင်း ပတ်လည်မှာ ငါးပေအကျယ် လူသွားစင်္ကြံ လျှောက်လမ်းပါဝင်ပါတယ်" ဟု ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရဦးမြင့်သူက ပြောပြသည်။

အဆိုပါလမ်းဆုံအဝိုင်းကို ပြည်နယ် အထွေထွေရန်ပုံငွေကျပ်သန်း ၂၅၀ အကုန် အကျခံ၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက် တွင် ကရင်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့က စတင်တာဝန်ယူတည်ဆောက်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သုတဝေပြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

သုတဝေပြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၁၀၀)ကို ဇန်နဝါရီ ၂၀ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေသူရနှင့် ဖြူဖြူခိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇန်နဝါရီ ၂၀၊ ၂၁ နှင့် ၂၂ ရက်တို့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





**မန္တလေး ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်က ချမှတ် အကောင်အထည်ဖော်နေသည့် မူဝါဒများ အပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကဏ္ဍများအလိုက် အနီးကပ်ကြီးကြပ် ဖြည့်ဆည်း ဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်း လူငယ်များဘက်စုံဖွံ့ဖြိုး တိုးတက်စေရေး လူငယ်ရေးရာကိစ္စရပ်များကို ကဏ္ဍပေါင်းစုံမှ အနီးကပ်ကြီးကြပ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် လူငယ်များအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြီး အတွေးအခေါ်မှန်ကန်ရေး၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ စာပေ၊ ဂီတ၊ အနုသုခုမများကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းတတ်စေရေးနှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်အစရှိသည့် နေရာများမှ လူငယ်များကို အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ အားကစားပစ္စည်းများထောက်ပံ့ခြင်းများ၊ အားကစားပြိုင်ပွဲများ၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့်ပတ်သက်သော သင်တန်းများ၊ Job Fair ပွဲများ၊ လူငယ်များနှင့် ပတ်သက်သည့် အခန်းကဏ္ဍများကို နီးနွယ်ဌာနများနှင့်အတူ ပူးပေါင်းကာ စနစ်တကျ ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးတို့က လူငယ်ရေးရာကော်မတီများဖွဲ့စည်းထားမှု၊ လုပ်ငန်းတာဝန်များအလိုက် ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များစသည့် လူငယ်ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ၏ အကြံပြုဆွေးနွေးမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း အခြေခံသင်တန်း အမှတ်စဉ်(၁) ဆင်းပွဲနှင့် အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနား ကျင်းပ



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို ထူးချွန်သင်တန်းသား တစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် လူငယ်ရေးရာကော်မတီတို့၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း အခြေခံသင်တန်းအမှတ်စဉ်(၁) ဆင်းပွဲနှင့် အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ လူငယ်ရေးရာကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ သင်တန်းကျောင်း(မန္တလေး) ကျောင်းအုပ်ကြီး ဦးဝင်းမင်းစိုးက သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထူးချွန်သင်တန်းသားများကို ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ လူမှုရေးရာဝန်ကြီးက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း ပေးအပ်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ အသိပေးနှိုးဆော်

➤ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားတွင် မြို့နယ်ကိုယ်စားပြု ဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည်ဖော်ပြချက်တို့ကို ထပ်တိုးထည့်သွင်းရိုက်နှိပ်လျက် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ကို ၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်၍ မှတ်ပုံတင်မော်တော်ယာဉ်များတွင် ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

➤ လက်ရှိတွင် ကနဦးမှတ်ပုံတင်ယာဉ်များ၊ နယ်ဝင်၊ အမည်ပြောင်း၊ လိပ်စာပြောင်း၊ အင်ဂျင်ပြောင်း၊ ဆေးရောင်ပြောင်း၊ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်၊ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်ပျောက်ယာဉ်များနှင့် နှစ်လဲသက်တမ်းတိုးမော်တော်ယာဉ်များအားလုံးကို ဖောင်းကြွနံပါတ်ပြားအသစ်များ မပျက်မကွက်ပြောင်းလဲတပ်ဆင်ပေးလျက်ရှိပါသည်။

➤ မော်တော်ယာဉ်များအားလုံး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ခြင်းကို အချိန်တိုအတွင်း မြန်ဆန်စွာရာနှုန်းပြည့်ပြီးစီးစေရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ်များအားလုံးသည် ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အပြီး သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ကြရန်ဖြစ်ပါသည်။

➤ ထို့ပြင် ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် နှစ်လဲသက်တမ်းတိုးချိန်တွင်ဖြစ်စေ၊ သက်တမ်းတိုးချိန်မတိုင်မီဖြစ်စေ သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့်ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ အမြန်ပြောင်းလဲတပ်ဆင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ဇန်နဝါရီ ၁၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဇန်နဝါရီ ၁၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၅၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၇၇၇ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၂၂၉ ဦး |

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော် အားကစားနည်းအလိုက် ပြိုင်ပွဲများယှဉ်ပြိုင်ကစား



**နေပြည်တော် ဇန်နဝါရီ ၁၈**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ကို ဇန်နဝါရီ ၁၈ ရက်မှ ၂၇ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံများတွင် ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းမှစတင်ပြီး အားကစားနည်းများအလိုက် ယှဉ်ပြိုင်ကစားကြသည်။

ယနေ့ နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲ၏ ပထမနေ့ပွဲစဉ်အဖြစ် အမျိုးသား မီတာ ၅၀၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၂၀၀အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲများကို ကျင်းပကြရာ အမျိုးသား မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် မောင်ရဲရင့်အောင်(မန္တလေး)က ပထမ၊ မောင်မျိုးသန့်ဇင်(ရှမ်း)က ဒုတိယ၊ မောင်ကျော်ဇင်ထွန်း(စစ်ကိုင်း)က တတိယရရှိကြပြီး အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် မညီညီဌေး(တနင်္သာရီ)က ပထမ၊ မဇူလိုင်မိုး(ရှမ်း)က ဒုတိယ၊ မဆုမြင့်မြတ်သူ(မွန်) က တတိယရရှိကြကာ အမျိုးသား မီတာ၂၀၀ အပြေးပြိုင်ပွဲတွင် မောင်အာကာမိုး(မန္တလေး) က ပထမ၊ မောင်အောင်သက်ခိုင်(ပဲခူး)က ဒုတိယ၊ မောင်ထွန်းဝင်းကျော်(တနင်္သာရီ)က တတိယရရှိကြသည်။

အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် မလှလှဆိုင်းရာ(ကချင်)က ပထမ၊ မနန်းဝေဝေကျော်(နေပြည်တော်)က ဒုတိယ၊ မနန်းစုစုထွန်း(ပဲခူး)က တတိယဆုများကို ရရှိကြရာ ပြိုင်ပွဲများအပြီးတွင် ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

အမျိုးသားဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး နေပြည်တော်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့က တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံတွင် ကျင်းပသည့် အမျိုးသမီး ဘော်လီဘောပွဲစဉ်တွင် ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး အမျိုးသား ဘော်လီဘောပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နေပြည်တော်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းမှ စတင်ပြီး ပြေးခုန်ပစ် ဒုတိယနေ့ပြိုင်ပွဲများနှင့် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း(အမျိုးသား၊ အမျိုးသမီး) အုပ်စုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၉ ရက်မှ ၁၅ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၈၂၆ ဒသမ ၅၇၉၃ တန်၊ သစ်မာ ၇၇ ဒသမ ၇၀၄၀တန်၊ အခြား ၂၉၀ ဒသမ ၇၉၇၈ တန် စုစုပေါင်း ၁၁၉၅ ဒသမ ၀၈၁၁တန်၊ ယာဉ်၊ ယန္တရား ၁၀ စီး၊ တရားခံ ၁၃ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



☆ **ကျောဖုံးမှအဆက်**

အဝေးရောက်လက်ခံရယူနိုင်မည့် ဘွဲ့ခံပုဂ္ဂိုလ်များကို နေပြည်တော်ကောင်စီအပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင်မိသားစုဝင်များထံသို့ သွားရောက်ချီးမြှင့်အပ်နှင်းပေးလျက်ရှိသည်။

ထိုသို့ ချီးမြှင့်အပ်နှင်းပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများသည် စည်သူဘွဲ့ရရှိသူ ဗိုလ်မှူးကြီး(ငြိမ်း) လဖိုင်ခွန်နော် ကိုယ်စား သမီးဖြစ်သူ ဒေါ်လဖိုင်နန်ဒွဲကို မြစ်ကြီးနားမြို့ရှိ ၎င်း၏မိသားစုနေအိမ်သို့သွားရောက်၍ ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဘွဲ့လက်မှတ်ကို လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။

❖ **နှမ်းနှင့်မြေပဲလုံးဆန်များ ဈေးကောင်းရရှိနေမှု**

ငွေကျပ် ၁၈၅၀၀၀ ဈေးရှိခဲ့ရာမှ ယခုနှစ်တွင် မြေပဲလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၆၈၀၀ ဈေးနှုန်းနှင့် စမုန်နက်နှမ်းသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ဈေးနှုန်းတို့ဖြင့် ဈေးကောင်းများရရှိကာ အရောင်းအဝယ်များဖြစ်နေကြောင်း မန္တလေးမြို့ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

"ဒီနှစ်မှာ တရုတ်-မြန်မာ ကုန်သွယ်ရေးနယ်စပ်ဂိတ်ဖွင့်တဲ့အချိန်နဲ့ တရုတ်နှစ်သစ်ကူးအကြိုကာလနဲ့ တိုက်ဆိုင်တဲ့နှစ်ဖြစ်ပါတယ်။ ကိုဗစ်ကာလကြောင့် ဂိတ်ကို သုံးနှစ်လောက်ပိတ်ထားခဲ့ပြီး ခုချိန်မှာ ပြန်ဖွင့်ပါပြီ။ နှစ်ကူးနေတဲ့အချိန်မှာ ပိတ်ရက်တွေရှိနေတာကြောင့် ခုချိန်ကစပြီး ကြိုတင်ဝယ်ယူမှုတွေ များပြားလာတာကို တွေ့ရှိရတယ်။ ခုချိန်မှာ မနှစ်ကနဲ့နှိုင်းယှဉ်ရင် အရောင်းအဝယ်တွေမှာ ဆီထွက်သီးနှံပိုမိုပြီးတော့ ဝယ်ယူမှုတွေ များပြားလာတာကို တွေ့ရှိရပါတယ်။ ဈေးနှုန်းတွေလည်းတက်လာပါတယ်။ ဒီနှစ်တရုတ်နှစ်သစ်ကူးနှစ်ဟာဆိုရင် တရုတ်ပြက္ခဒိန်နှစ်အရ ယုန်နှစ်ဖြစ်တာကြောင့် အရောင်းအဝယ်တွေ ပိုမိုကောင်းမွန်လာမယ့်လို့ ကုန်သည်တွေက ခန့်မှန်းကြပါတယ်။ အခြားဆီထွက်သီးနှံများဖြစ်တဲ့ ပန်းနှမ်း၊ နေကြာ၊ မုန်ညင်းစေ့၊ ပဲပုပ်စေ့တွေကလည်း အရောင်းအဝယ်တွေကောင်းနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

မန္တလေးဈေးကွက်၌ ယခုရက်ပိုင်းအတွင်း တရုတ်ပြည်ပို့ကုန်များဖြစ်သော ပြောင်းဖူးစေ့ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀၊ ပဲတီစိမ်းသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀၊ ပဲလွန်းအနီသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀၊ ပဲလွန်းဖြူသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀ နှင့် မြေထောက်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၇၀၀၀ ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ် နေကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပျဉ်းမနား၊ မြိတ်နှင့် မိုင်းဆတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ




**နေပြည်တော် ဇန်နဝါရီ ၁၈**

နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၆ ရက် ညနေ ၃ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်း(၃)ရပ်ကွက် ပေါင်းလောင်း(၁၆)လမ်းရှိ မကြူမိုးသန့်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၉၁ ပြားနှင့် အိုက်စ် သုည ဒသမ ၆ ကီလိုကိုလည်းကောင်း၊

ဇန်နဝါရီ၁၇ ရက်မွန်းလွဲ ၁ နာရီခွဲတွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု မြိတ်တောင်ကျေးရွာ ချမ်းမြေ့သာယာရပ် ချမ်းမြေ့သာယာ(၉)လမ်းနေ မသစ်သစ်ဝေ(ခ)ဒေါ်ပု၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ထိုနေ့ ည ၇ နာရီခွဲတွင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု စန္ဒဝတ်ကျေးရွာ မြို့ပတ်(၁)လမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ မဇင်မိုးအိကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ည ၈ နာရီခွဲတွင် မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ကလွင်ကျေးရွာ တက္ကသိုလ်ရပ် စိမ်းလဲ့သာယာ(၁)လမ်းရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကိုလည်းကောင်း၊ ယင်းနေ့ညပိုင်းတွင် မိုင်းဆတ်မြို့နယ် မယ်ပုလုံကျေးရွာအုပ်စု ဂျူးလူကျေးရွာအနီး မိုင်းဆတ်-မိုင်းတွမ်းသွားကားလမ်းမပေါ်တွင် ပတ်ကျုပ်ဘွန်ရှော့(ခ)ကျလွန်ထပ်ကျိုင်း မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲဖြန့်ကြား**

0 w Kw d @

# အနာဂတ်အိပ်မက်များပြည့်စေချင်

ရွှေညာ(ရွာတန်းရှည်)




(၁)

"မုန့်ဟင်းခါး၊ မုန့်တီ၊ အသုပ်စုံရပြီနော်"

မျက်နှာချင်းဆိုင်အိမ်ဘက်က ကြီးတင်ရဲ့အသံကို စောစောစီးစီးအိပ်ရာထဲက ကြားလိုက်ရတာဖြစ်တယ်။

"ဟယ် ကြီးတင်တို့ကတော့ လုပ်ချလိုက်ပြန်ပြီ။ ဟိုနေ့ကမှ ကုန်စိမ်းရောင်းနေသေးတာ။ အခု မုန့်ဟင်းခါးတဲ့"

"ဟဲ့ ဥမ္မာရေ လာအားပေးအုံး။ ဈေးဦး မပေါက်သေးလို့"

"ဒါဆိုလဲ မုန့်ဟင်းခါးတစ်ပွဲပေး ကြီးတင်"

"ရမယ် ရမယ် ခဏစောင့်နော် အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဥမ္မာရယ်။ အကြော်ထည့်မယ်နော်။ ဟဲ့မိမျိုး အားပေးပါအုံးဟဲ့"

ကြီးတင်က မုန့်ဟင်းခါးပွဲကိုပြင်ရင်း လမ်းမပေါ် သွားနေတဲ့မိမျိုးကိုလှမ်းခေါ်လိုက်တာဖြစ်တယ်။

"ကြီးတင်ရေ မစားနိုင်သေးဘူး။ အပြန်မှပဲ စားတော့မယ်။ အိမ်မှာ ဟင်းချက်စရာဘာမှမရှိလို့ ဈေးအရင်ပြေးလိုက်အုံးမယ်"

"အေးပါ အေးပါ အပြန်ကျရင်အားပေးအုံးနော်။ ဈေးထဲကလဲ စားမလာနဲ့အုံး"

"ဟုတ်ကဲ့ ကြီးတင်"

ကြီးတင်က ဈေးသာရောင်းနေတာ အသက်က ၆၀ ကျော်နေပြီ။ မရောင်းလို့ကမဖြစ်။ မြေးနှစ်ယောက်ကျောင်းစရိတ်နဲ့ မုန့်ဖိုးကရှိသေးတယ်။ ဒီမြေးနှစ်ယောက်က အတူနေအငယ်ဆုံးသမီးရဲ့ကလေးတွေ။ ကလေးနှစ်ယောက်ရဲ့ အဖေနဲ့အမေက မနက်မိုးလင်းတာနဲ့ အလုပ်သွားကြတာ။ သမက်ဖြစ်သူက ယာဉ်နောက်လိုက်(ကားစပယ်ယာ)လုပ်တယ်။ အချိန်မရှိမှအိမ်ပြန်လာတတ်တာ။ သမီးက စည်ပင်ဝန်ထမ်း။ ဒီတော့ မနက်မိုးလင်းတာနဲ့ လင်မယားနှစ်ယောက်ကဖြီးလိမ်းပြင်ဆင်ပြီး ကြော့ကြော့မော့မော့နဲ့ထွက်သွားကြတော့တာပဲ။ ကျန်ခဲ့တဲ့သားသမီးတွေက ကြီးတင်တာဝန်ဖြစ်လာခဲ့တယ်။ ကျွန်တော် အိပ်ရာထဲက လူးလွန့်ထလိုက်ပြီး ကြီးတင်ကို လှမ်းအော်လိုက်တယ်။

"ကြီးတင် ကျွန်တော့်အတွက်လဲ ချန်ထားအုံးနော်"

"ဩော်. . . မောင်မင်းသူရယ် အများကြီးကျန်သေးတယ်။ လာလာ မျက်နှာသစ်ပြီးရင်လာစား"

ကျွန်တော်မျက်နှာသစ်ပြီးတော့ ကြီးတင်ဆိုင်ဘက်ကူးလာခဲ့တယ်။ မုန့်ဟင်းခါးကိုစားကြည့်တော့ လက်ရာက မဆိုး။

"ကြီးတင်က ဘယ်ဆိုးလို့လဲဗျ။ မုန့်ဟင်းခါးလဲ ချက်တတ်သားပဲ"

"ဟဲ့ ငါက တာမွေမှာနေတုန်းက မုန့်ဟင်းခါးချက်ရောင်းလာတာဟဲ့။ တာမွေဈေးရှေ့မှာ ဒေါ်လုံးတင်မုန့်ဟင်းခါးဆို လူတိုင်းသိတယ်။ အဲဒီတုန်းကဟယ် တအားရောင်းကောင်းတာပဲ။ ဘယ်လောက်ရောင်းရသလဲဆိုရင် သားသမီးငါးယောက်ဘွဲ့ရသွားတဲ့ထိပဲ"

ကြီးတင်က ကျွန်တော်တို့တောင်ဒဂုံ ၅၄ ကိုရောက်လာတာ နှစ်နှစ်လောက်ပဲရှိသေးတာ။ ပြောင်းလာတဲ့နေ့က ကြီးတင်ရယ်၊ သမီးနဲ့ သမက်ရယ်၊ ကလေးနှစ်ယောက်ရယ် စုစုပေါင်းငါးယောက်။ အဲဒီနေ့က ကြီးတင်တို့ကို ဝိုင်းကူလုပ်ပေးခဲ့သေးတယ်။ နောက်လေး၊ ငါးရက်နေတော့ သားအကြီးဆုံးဆိုသူနဲ့ သမီးတစ်ယောက် အလည်လာတာတွေ့ရဖူးတယ်။ သားအကြီးဆုံးဆိုသူကတော့ နောက်ထပ်လာတာ မတွေ့ရတော့ပါ။ သမီးကြီးကတော့ တစ်လတစ်ခါလောက်တော့ လာတတ်တယ်။ ကြီးတင်မှာ သားသုံးယောက်၊ သမီးနှစ်ယောက်ရှိတယ်လို့သိရတယ်။ ကျန်တဲ့သားနှစ်ယောက်ကိုတော့ အခုအချိန်ထိ ကျွန်တော်မတွေ့ရဘူးသေးပါ။ လှိုင်သာယာဘက်မှာနေတယ်လို့ပဲသိရတယ်။ ဘာပဲဖြစ်ဖြစ် ကြီးတင်က ပျော်ပျော်နေတတ်သလို ပတ်ဝန်းကျင်နဲ့လဲသဟဇာတဖြစ်အောင်နေတတ်တယ်။

(၂)

ကျွန်တော်က တောင်ဒဂုံ ၅၆ ဈေးထဲမှာ စက်ချုပ်ပါတယ်။ ကျန်းမာရေးသိပ်မကောင်းလို့နားထားတာ တစ်ပတ်လောက်ရှိပါပြီ။ ဒီနေ့တော့ ထူထူထောင်ထောင်ဖြစ်တာနဲ့ စက်ချုပ်သွားဖို့ ပြင်ဆင်နေလိုက်ပါတယ်။

"ကြီးတင်ရေ ဒီနေ့တော့ ဆိုင်ဖွင့်မယ်ဗျို့"

"ဟဲ့ မောင်မင်းသူ စက်ပြန်ချုပ်နေပြီလား"

"ဟုတ်ကဲ့ကြီးတင် ဘာမှာအုံးမလဲ"

"ဘာမှတော့မမှာပါဘူးကွယ်။ လမ်းကြုံရင် ထီနှစ်စောင်လောက် ထိုးခဲ့စမ်းပါအုံး။ ရောရော ပိုက်ဆံယူသွား"

ကြီးတင်က မုန့်ဟင်းခါးခုံပေါ်မှာတင်ထားတဲ့ ကော်ဘူးထဲက ပိုက်ဆံအကြွေတွေကိုထုတ်ပြီး ရေတွက်ကြည့်နေပါတယ်။

"ကြီးတင်ရယ် ထီပေါက်နေရင် ပိုက်ဆံတွေသိမ်းရတာ အလုပ်တောင်ရှုပ်သေးတယ်။ ထိုးမနေပါနဲ့ဗျာ"

"ထီပေါက်တော့လဲ လှူရတာပေါ့မောင်မင်းသူ။ ရပ်ကွက်ထဲက ကလေးတွေကိုလဲ ခုနစ်ရက် ခုနစ်လီတဝတပြကျွေးလိုက်ချင်တယ်။ နောက်ပြီး ကိုခင်မောင့်အတွက်လဲ သုံးနှစ်ပြည့်ဆွမ်းလေးကပ်ချင်သေးတာဟဲ့"

ကိုခင်မောင်ဆိုတာက ကြီးတင်ရဲ့အမျိုးသားဖြစ်တယ်။ ကြီးတင်တို့က ကိုခင်မောင်ဆုံးသွားပြီးမှ တောင်ဒဂုံကိုပြောင်းလာတာဖြစ်တယ်။ ကိုခင်မောင်ဆုံးတော့ သားသမီးတွေက အမွေခဏခဏလာတောင်းနေကြလို့ နောက်ဆုံး ကြီးတင်က တာမွေကအိမ်ကို ရောင်းချပြီး သားသမီးငါးယောက်ကို အချိုးကျခွဲဝေပေးလိုက်တယ်။ ကျန်တဲ့ပိုက်ဆံလေးနဲ့ ကျွန်တော်တို့ ၅၄ ရပ်ကွက်မှာဝယ်ပြီးလာနေတာ။ အတူနေအငယ်ဆုံးသမီးကတော့ စီးပွားရေးလဲစိတ်မဝင်စားသလို မွေးထားတဲ့ကလေးနှစ်ယောက်ကိုလဲ ပြုစုစောင့်ရှောက်ရကောင်းမှန်းမသိ။

"ကျွန်တော်ကစတာပါကြီးတင်ရယ် ထီပေါက်ပါစေဗျာ။ ကြီးတင်ဆန္ဒအတိုင်း ကျွေးနိုင်မွေးနိုင်ပါစေ"

"ကျွေးမှာ ကျွေးမှာမပူနဲ့။ တစ်ရပ်ကွက်လုံး ထမင်းရည်ချောင်းစီးအောင်ကိုကျွေးမှာ"

"ပေါက်ရင်တော့ ကျွန်တော့်ကိုလဲ မမေ့နဲ့နော်"

"အေးပါ အေးပါ မမေ့ပါဘူးကွယ်"

(၃)

"အမေ့သားက အကြီးဖြစ်ပြီး ကတိမတည်ဘူး။ ကလိမ်ကကျစ်နဲ့"

"သမီးကြီးရယ် အမေတောင်းပန်ပါတယ်။ သမီးပိုက်ဆံကို အမေရအောင် ပြန်တောင်းပေးမယ်ဟုတ်ပြီလား။ သူမှာလဲ အဆင်မပြေသေးလို့ဖြစ်မှာပါ"

ကြီးတင်က သူ့ရဲ့သမီးအကြီးမကို ဖျောင်းဖျပြောဆိုနေတာဖြစ်တယ်။

"ဘယ်က အဆင်မပြေရမှာလဲ။ အမေ့သားမှာ တိုက်နဲ့ကားနဲ့၊ ရွှေနဲ့ငွေနဲ့ မပေးချင်လို့ကို တမင်မပေးတာ"

ကြီးတင်မျက်နှာက စိတ်မကောင်းဖြစ်နေတဲ့ဟန်။ သားအလတ်ကောင်က တောင်ဥက္ကလာမှာနေတဲ့ အကြီးမရဲ့ပိုက်ဆံဆယ်သိန်းကို တစ်လနေရင်ပြန်ပေးမယ်ဆိုပြီး ချေးသွားတာ တစ်နှစ်ကျော်ကျော်ရှိနေပြီ။ အခုထိပြန်မပေး။

"သမီးက သူတို့အကြောင်းတွေသိလို့ပေးချင်တာမဟုတ်ဘူး။ အမေအာမခံလို့သာ ပေးလိုက်တာနော်"

"ဟုတ်ပါတယ် ဟုတ်ပါတယ်။ သားလေးက ပြန်မပေးရင် အမေပေးမှာပါကွယ်"

"ပေးမယ်သာပြောတာ အမေ့မှာ ဘယ်ကပိုက်ဆံရမှာမလို့လဲ"

"တလုံးတခဲတည်းတော့ မဟုတ်ဘူးပေါ့သမီးရယ်။ အမေဈေးရောင်းလို့ ပိုတာလေးစုထားပြီး နည်းနည်းချင်းဖဲ့ဆပ်ရမှာပေါ့"

"တော်ပြီအမေ။ အမေက ကိုယ့်သားဆီကတော့ ရအောင်တောင်းပေးမယ်မရှိဘူး။ သမီးကို ငရဲပေးနေတာနဲ့အတူတူပဲ။ ပြန်မယ် ပြန်မယ်အမေ"

အကြီးမက ပြောပြောဆိုဆိုပြန်သွားတော့ ကြီးတင်မှာ ယောင်နနနဲ့ ကျန်ရစ်ခဲ့ရရှာတယ်။

(၄)

ဒီနေ့ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သည်မို့ ကြီးတင်တစ်ယောက်မြေးတွေရဲ့ ကျောင်းဝတ်စုံကို လျှော်ဖွပ်ပေးနေတာဖြစ်တယ်။ အငယ်မက အိပ်ရာထဲဖုန်းပွတ်ရာကနေထလာပြီး-

"အမေ ရော့ အမေ့သားဆီကဖုန်းလာတယ်။ အမေနဲ့ စကားပြောချင်လို့တဲ့"

"ဟယ်လို သားလေးနေကောင်းလား။ မြေးလေးတွေကော ဘာလုပ်နေကြလဲ"

ကြီးတင်က မလာစဖူးလာတဲ့ သားအလတ်ဆီကဖုန်းကို ဝမ်းသာအားရပြောလိုက်ပေမဲ့-

"ကောင်းတယ် ကောင်းတယ်အမေ။ အမေ့သမီးက စောစောကဖုန်းဆက်တယ်အမေ။ သူ့အကြွေးဆယ်သိန်းကို ဒီလကုန်ရင်ပေးရမယ်တဲ့။ မပေးရင် ရုံးကနေတစ်ဆင့်တောင်းမယ်တဲ့အမေ။ အမေ့သမီးကို အမေမပြောတော့ဘူးလား။ ပြီးမှ သားအဆိုးမပြောနဲ့နော်"

သားနဲ့ အားရပါးရစကားတွေပြောဖို့အားခဲထားခဲ့ပေမဲ့ သားရဲ့စကားတွေကြားလိုက်ရတော့ ကြီးတင်ဘာဆက်ပြောရမှန်းမသိတော့။ ဖုန်းလေးကို သားအမှတ်နဲ့ တအံ့တသြကြည့်နေရင်း သားရေး၊ သမီးရေးမို့ မျက်ရည်လေးတွေတောင်တတွေတွေစီးကြလာတယ်။

(၅)

"ကြီးတင် ကြီးတင်ရှိလား"

"ဟဲ့ ဘာလဲကွဲ့မောင်မင်းသူ"

"ကြီးတင် ထီပေါက်တယ်ဗျို့"

"ဟဲ့ ဟုတ်လို့လားဟဲ့။ ပေါက်ကရတွေမပြောနဲ့နော် မောင်မင်းသူ"

"ဟာဗျာကြီးတင်ကလဲ ကြီးတင်ကို နောက်စရာလားဗျ။ တကယ်ပေါက်တာ၊ ကျွန်တော်ထိုးခဲ့တဲ့ဆိုင်မှာ ပေါက်ဂဏန်းကော ကြီးတင်နာမည်ပါရေးထားတယ်ဗျ။ သေချာအောင်လို့ ဆိုင်ကိုဝင်မေးခဲ့သေးတယ်။ သိန်းတစ်ရာဗျ။ သေချာတယ်ကြီးတင်ရေ့"

"သေချာရင်တော့ ကြီးတင်ဝမ်းသာပါတယ်ကွယ်။ မောင်မင်းသူကိုလဲ ကျေးဇူးတင်လိုက်တာ။ အလှူအတန်းတော့လုပ်ရပြီပေါ့ကွယ်"

"ဟုတ်ကဲ့ကြီးတင် ကြီးတင်အတွက် ကျွန်တော်ဝမ်းသာတယ်ဗျာ။ အလှူကတော့ ကြီးကြီးကျယ်ကျယ်ကိုလုပ်ဗျာ"

"လုပ်မှာမောင်မင်းသူမပူနဲ့။ အိမ်ကိုဆွမ်းခံကြွနေတဲ့ ကိုရင်လေးကလဲ အသက်ကပြည့်နေပြီ ဒကာမပေါ်သေးလို့ ရဟန်းမခံရသေးတာတဲ့။ အခု ကြီးတင်ရဟန်းဒကာမခံယူလိုက်မယ်ကွယ်"

"ကောင်းလိုက်တာကြီးတင်ရာ။ ကြီးတင်လဲ ရဟန်းဒကာမဖြစ်ရပြီပေါ့"

"နောက်ပြီး သွားလေသူကိုခင်မောင်ကို ရည်စူးပြီးတော့ ရတနာမာန်အောင်ကျောင်းတိုက်မှာ အုတ်တံတိုင်းတစ်ခန်းလဲလှူမယ်ကွယ်။ ရပ်ကွက်ထဲက ကလေးတွေကော လူကြီးတွေပါ အကုန်ကျွေးအုံးမယ်"

"သာဓု သာဓုပါဗျာ ကြီးတင်"

စာမျက်နှာ ၂၅သို့ ➤

# ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၂၈၅၀၀ လာရောက်ဖူးမြော်ကြည်ညိုခဲ့



**ကျိုက်ထို ဇန်နဝါရီ ၁၈**

မွန်ပြည်နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၂၈၅၀၀ လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ဝင် ဦးလှစိုး က ပြောပြ၍ သိရသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၏ ဘုရားပွဲတော်ကာလမှာ သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့ထိ ဖြစ်သည့်အတွက် ပွဲတော်ကာလတွင် အနယ်နယ် အရပ်ရပ်မှ ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ကြည်ညိုမှု များပြားနေကြောင်း သိရသည်။

"ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၂၈၅၀၀ လာရောက်ဖူးမြော်ကြည်ညိုခဲ့တယ်။ ၂၀၂၂ ခုနှစ် အောက်တိုဘာနဲ့နိုဝင်ဘာလအတွင်းမှာလဲ ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၄၄၀၀၀ ကျော် လာရောက်ဖူးမြော်ကြည်ညိုခဲ့ပါတယ်။ ဇန်နဝါရီလမှာတော့ နေ့စဉ် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၂၀၀၀ ခန့် လာရောက်ဖူးမြော်ကြည်ညိုနေပါတယ်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ ပြည်ပခရီးသွားဦးရေ ၃၀၀ ခန့် လာရောက် ဖူးမြော်ကြည်ညိုပါတယ်။ ဇန်နဝါရီလမှာတော့ နေ့စဉ်ပြည်ပခရီးသွားဦးရေ ၂၀ ခန့် လာရောက်ဖူးမြော်ကြည်ညိုနေပါတယ်"ဟု ဦးလှစိုးက ပြောပြ၍ သိရသည်။

ASH

# သံတွဲမြို့နယ် ခရမ်းမော်ကျေးရွာ၌ ဆီထွက်သီးနှံစိုက်ပျိုးနေမှု ကွင်းဆင်းစစ်ဆေး

**သံတွဲ ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခရမ်းမော်ကျေးရွာ၌ နေကြာအပါအဝင် ဆီထွက်သီးနှံ စိုက်ပျိုးနေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်နှင့် တာဝန်ရှိသူများက ခရမ်းမော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ဖြင့် ဆီထွက်သီးနှံဆောင်းနေကြာ၊ မြေပဲစိုက်ပျိုးထားရှိမှုနှင့် ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က ဆီထွက်သီးနှံများ အထွက်နှုန်းကောင်းမွန်စေရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

သံတွဲမြို့နယ် ခရမ်းမော်ကျေးရွာ၌ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့နှင့် သွင်းအားစု ဝယ်ယူသုံးစွဲနိုင်စေရန် ပထမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က ပြောပြ၍ သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

## အများကျိုးဆောင် ကိုယ်ကျိုးအောင်

\- လောကမှာ လူအများ
သူတစ်ပါး အကျိုးဆောင်၊
ကိုယ့်ဂုဏ်ရှိန် အမှန်တိုးလို့
ကိုယ်ကျိုးလည်းအောင်၊
မိုက်အတ္တ ဖယ်ကြဉ်ရှောင်
ယခုနောင် ကြိုးစားမနေး၊
ပရအကျိုး ရည်မျှော်လျက်
ထမ်းရွက်စို့လေး။

\- အကြင်နာ နှလုံးသွေးနဲ့
အမုန်းမပွေး လူ့ရပ်ခွင်၊
မွန်မြတ်ဖွယ် စိတ်ထားကောင်း
ကိန်းအောင်းရင်တွင်၊
ကိုယ့်တန်ဖိုး ကိုယ်မြှင့်တင်
လူ့ဘဝတွင် လျှောက်လှမ်းသွား၊
ပျော်ရွှင်စွာ အားခွန်သစ်နဲ့
ထုဆစ်လှုပ်ရှား။

\- ကောင်းမှုတွေ ရင်မှာပွားလို့
မင်္ဂလာတရား ကျင့်သုံးလေ၊
ရိုးဖြောင့်စွာ စိတ်ကိုမြှင့်
ဂုဏ်တင့်ဖြာဝေ၊
စိတ်ကိုမြှင့် စွမ်းဆောင်နေ
သိဉာဏ်တွေ ဖြန့်ကြက်ခင်း၊
လူ့ပြည်ရွာ ဘေးမသန်းတယ်
အေးချမ်းစေမင်း။ ။

**ရဲသွေးနီ(တက်ဝန်)**

➤ စာမျက်နှာ ၂၄မှအဆက်

"လျှော်ဒါန်းကျွေးမွေးပြီးမှ ပိုတဲ့ပိုက်ဆံလေးနဲ့ အိမ်နောက်ဖေးက မိုးမလုံတဲ့သွပ်တွေကိုလဲရအုံးမယ် မောင်မင်းသူရေ့"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကြီးတင်"

(၆)

တွေ့ချင်နေတဲ့သားသမီးတွေကို တလုံးတစည်းတည်းတွေ့လိုက်ရတော့ ကြီးတင်ဘယ်လောက်ပျော်နေရှာမလဲဆိုတာ ကိုယ်ချင်းစာမိပါတယ်။ သားသုံးယောက်နဲ့ သမီးအကြီးမတို့က ဘယ်ကနေဘယ်လိုရောက်လာကြတယ်မသိ။ တစ်ခါမှမလာဘူးတဲ့ချွေးမတွေကော မြေးတွေပါဆိုတော့ ကြီးတင်ပျော်မယ်ဆိုလဲ ပျော်စရာပါပဲ။ မမောမပန်းချက်ပြုတ်ကျွေးနေရတာ ဆယ်ရက်ခန့်ရှိပါပြီ။ သားတွေကတော့ နေ့ခင်းဘက်အလုပ်ချိန်မှာအလုပ်သွားကြပြီး ညနေဘက်မှာ ကြီးတင်အိမ်ကိုပဲ ပြန်လာအိပ်ကြပါတယ်။ ကြီးတင်မှာ ပျော်မဆုံးမော်မဆုံး တပြုံးပြုံးကိုဖြစ်လို့။ မုန့်ဟင်းခါးဆိုင်မဖွင့်တာလဲ ထီပေါက်ပြီးကတည်းကဆိုပါတော့။ အကြီးဆုံးသားကလဲ ကျိုက်ထီးရိုးဘုရားဖူးလိုက်ပို့ပေးအုံးမယ်လို့သိရတယ်။ ကျိုက်ထီးရိုးကပြန်လာရင် သားအလတ်က ပုဂံဘုရားဖူးပို့ပေးအုံးမယ်တဲ့။ အငယ်ဆုံးသားလေးကလဲ သူ့မိန်းမဇာတိဖြစ်တဲ့ မုံရွာဘက်ကို အလည်ခေါ်သွားအုံးမယ်ဆိုပါလား။ မုံရွာဘက်က သမ္ဗုဒ္ဓေ၊ ဖောဓိတထောင်ဘုရားတွေကိုလဲ ဖူးရပေအုံးမယ်။ ကြီးတင်တို့များ အိုဇာတာကောင်းလိုက်တာ။ ဒီလိုသားတွေ၊ သမီးတွေ၊ ချွေးမတွေ၊ သမက်တွေ၊ မြေးတွေနဲ့ စုံစုံလင်လင်နေရဖို့ဆိုတာက လွယ်တာမှတ်လို့။ ကြီးတင်တစ်ယောက်သာ တကယ်ကံထူးပေလို့နေခွင့်ရတာ။

"ဟဲ့ မောင်မင်းသူ မောင်မင်းသူရှိလား"

ကြီးတင်က ပြောပြောဆိုဆိုအိမ်ထဲကို ဝင်လာခဲ့ပါတယ်။

"ဟုတ်ကဲ့ ကြီးတင် ဝင်ခဲ့ ဝင်ခဲ့။ ကျွန်တော်လဲ စောစောကမှ ဈေးကပြန်ရောက်တာ"

"အေးကွဲ့ ကြီးတင်လဲ မောင်မင်းသူပြန်အလာကို စောင့်နေတာ။ ရော့ရော့ ဒံပေါက်စားဖို့လာပေးတာ။ မနက်ဖြန်တော့ ကြီးတင်လဲ ကျိုက်ထီးရိုးဘုရားဖူးသွားမလို့မောင်မင်းသူရေ။ သားကြီးက လိုက်ပို့ပေးမလို့တဲ့"

ကြီးတင်ပေးတဲ့ဒံပေါက်ဘူးကိုလှမ်းယူရင်း-

"ကျေးဇူးပဲကြီးတင်၊ ကြီးတင်တို့ဘုရားဖူးကပြန်လာမှပဲ အရပ်ထဲကျွေးဖို့မွေးဖို့ကိစ္စတွေ၊ ရဟန်းခံဖို့ကိစ္စတွေ စီစဉ်ကြတာပေါ့ဗျာ"

"အေးပါအေးပါ မောင်မင်းသူ။ ကြီးတင်လဲ အဲဒါပြောမလို့။ ပြန်လာမှ စီစဉ်ကြတာပေါ့ကွယ် သိပ်မကြာပါဘူး"

"ဟုတ်ကဲ့ ကြီးတင်"

(၇)

"မုန့်ဟင်းခါး၊ မုန့်တီ၊ အသုပ်စုံရပြီနော်"

ကြီးတင်အသံက အရင်လို တစာစာမဟုတ်တော့ပါ။ အသက်ကလဲ ဇရာဘက်ကို ချင်းနင်းဝင်ရောက်လာပြီမဟုတ်ပါလား။ ကြီးတင်မုန့်ဟင်းခါးဆိုင်လေးပြန်ဖွင့်တာ လေး၊ ငါးရက်လောက်ရှိပါပြီ။ အရင်ကလိုတော့ သိပ်မရောင်းရတော့သလိုပါပဲ။ ကြီးတင်အတွက် ကျွန်တော်စိတ်မကောင်းဖြစ်ရပါတယ်။ ထီပေါက်ထားတဲ့ဆုငွေသိန်း ၁၀၀ ကလဲ သားသမီးငါးယောက်ကို ၁၅ သိန်းစီ ဝေပုံကျခွဲဝေပေးလိုက်ရတယ်လို့ သိရတယ်။ ကျန်တဲ့ငွေ ၂၅ သိန်းက ကျိုက်ထီးရိုးဘုရားဖူး၊ ပုဂံဘုရားဖူးနဲ့ မုံရွာခရီးစရိတ်နှုတ်လိုက်တော့ ၁၀ သိန်းလောက်ပဲကျန်ပါတော့တယ်။ အဲဒီ ၁၀ သိန်းကလဲ သားအလတ်ကောင်ယူထားတဲ့ အကြွေးထိုးဆပ်လိုက်ရလို့ ကြီးတင်မှာ သုံးစရာလက်ကျန်ငွေလဲမရှိတော့ပါ။ အိမ်မှာ ဆွမ်းခံကြွနေတဲ့ကိုရင်လေးကို ရဟန်းခံဖို့နေနေသာသာ အရပ်ထဲက ကလေးတွေကိုတောင် အလှူအတန်းမလုပ်နိုင်ပါ။ ယုတ်စွအဆုံး မိမိလက်ဖြစ်မုန့်ဟင်းခါးလေးတောင် မကျွေးနိုင်ခဲ့ပါဘူး။

"မောင်မင်းသူရေ"

"ဗျာ"

"ဒီနေ့ဈေးသွားဖြစ်ရင် ကြီးတင်အတွက် ထီလေးနှစ်စောင်လောက်ထိုးခဲ့စမ်းပါအုံး"

"ဟုတ်ကဲ့ကြီးတင်"

ဒီရက်ပိုင်း ကြီးတင်မျက်နှာက သိပ်မလန်းသလိုပဲ။ သားသမီးမြေးမြစ်တွေပြန်သွားပြီးတဲ့နောက် ကြီးတင်မျက်နှာက တအားအိုစာသွားတယ်။ တစ်ခါတစ်ရံ စိတ်နဲ့ကိုယ်မကပ်သလို အယောင်ယောင်အမှားမှားတွေဖြစ်နေတာသတိထားမိတယ်။ ကျွန်တော်ဈေးကအပြန်မှာတော့ ကြီးတင်အတွက် ထီလေးနှစ်စောင်ထိုးလာခဲ့ပါတယ်။ အခုထိုးလာတဲ့ထီလဲပေါက်ပါစေလို့ ဆုတောင်းနေမိတယ်။ ဒါမှလဲ ကြီးတင်သိပ်တွေ့ချင်နေတဲ့ သားသမီးမြေးမြစ်တွေနဲ့ ထပ်ပြီးတွေ့ရအုံးမယ်မဟုတ်ပါလား။

# ကျေးသီးမြို့နယ် ဝမ်လုံကျေးရွာ၌ ဝါးအချောထည်ပြုလုပ်နည်းသင်တန်းဆင်း

**ကျေးသီး ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဝါးအချောထည်ပြုလုပ်နည်း သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက ဝမ်လုံကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးသီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်းက သင်တန်းမှသင်ကြားပေးသော အတတ်ပညာများကို စဉ်ဆက်မပြတ်ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရန်နှင့်ကျွမ်းကျင်လုပ်သားများပေါ်ပေါက်လာစေရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်ခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျေးသီးမြို့နယ်အတွင်း ကျေးရွာကိုးရွာမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ပက်လက်ကုလားထိုင်၊ ပလိုင်းတောင်း၊ ဆန်ကော၊ စားပွဲခမောက်၊ Tissue box၊ Phone stand၊ တိုင်ကပ်နာရီ၊ မီးအိမ်၊ ဘောပင်ခွက်ပြုလုပ်နည်း စသည့်သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာများက စာတွေ့၊ လက်တွေ့ဖြင့် ဇန်နဝါရီ ၃ရက်မှ ဇန်နဝါရီ ၁၇ ရက်ထိ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်းထံမှ သိရသည်။

**မောင်ရိုင်**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးဧက ၁၅၀၀၀ စိုက်ပျိုးမည်


ယခုနှစ် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးဧက ၁၅၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ နွေစပါးဧက၁၅၀၀၀ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်တွင် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် စနစ်တကျ စိုက်ပျိုးရေများ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ပွင့်ဖြူတစ်မြို့နယ်လုံး နွေစပါးသီးနှံလျာထားမှုမှာ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးမည့် နွေစပါးဧက ၁၅၀၀၀ အပါအဝင် နွေစပါး ၂၉၅၄၈ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ အခုနှစ် နွေစပါးစိုက်ပျိုးရာသီ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ နွေစပါးဧက ၁၅၀၀၀ စိုက်ပျိုးသွားဖို့ရှိပါတယ်။ စီမံကိန်းရန်ပုံငွေနဲ့ နွေစပါးစိုက်ပျိုးတာကိုတော့ ကျေးရွာအုပ်စု ၂၀ ရှိ ဒေသခံတောင်သူ ၅၂၇၃ ယောက် ပိုင်ဆိုင်တဲ့ စိုက်ပျိုးလယ်မြေကွင်းပေါင်း ၇၉ ကွင်းမှာစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးလယ်မြေတွေကတော့ မဲဇလီဆည်ရေသောက် တောင်မုန်းမြောင်းမကြီး ဧရိယာအတွင်းရှိ စပါးစိုက်လယ်မြေတွေဖြစ်ပါတယ်။ စီမံကိန်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်အစိုးရက ဆန်စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးမြှင့်ထုတ်လုပ်သွားနိုင်ဖို့နဲ့ ဒေသခံတောင်သူတွေ၊ သီးနှံဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်လုပ်ဆောင်ပေးတာဖြစ်ပါတယ်။ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူတွေ နွေစပါးနဲ့ အခြားနွေသီးနှံတွေ အချိန်မီစိုက်ပျိုးနိုင်အောင် ဖေဖော်ဝါရီ ၁၅ ရက်ကစပြီး မဲဇလီရေလွှဲဆည်ကနေ စိုက်ပျိုးရေတွေ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကွတ်ခိုင်မြို့နယ် နားငူကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကွတ်ခိုင် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နားငူကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွတ်ခိုင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်၊ ကွတ်ခိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ နားငူကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်က ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

နားငူကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၂၀၅ သန်းဖြင့် PVC ရေပိုက်နှစ်မိုင်သွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ရေစုကန်တည်ဆောက်ခြင်း၊ ရေတားတမံတည်ဆောက်ခြင်း လုပ်ငန်းများကို တင်ဒါအောင်မြင်သည့် Myanmar Shwe Ayeyar ကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် နားငူကျေးရွာရှိ အိမ်ခြေ ၂၅ အိမ်၊ လူ ၁၄၆ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်က ပြောပြ၍ သိရသည်။

**ကျော်စိုး**

# ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ရွာမကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပိန်းဇလုပ်ရွာမကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ပိန်းဇလုပ်ရွာမကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

ပိန်းဇလုပ်ရွာမကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၃၁ ဒသမ ၃၉ သန်းဖြင့် လမ်းအရှည်တစ်မိုင် ၁ ဒသမ ၇၈ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းနှင့် Box Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဩဂုတ်လက စတင်ဆောက်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပြီဖြစ်သဖြင့် ပိန်းဇလုပ်ရွာမကျေးရွာရှိ အိမ်ခြေ ၇၉ အိမ်၊ လူ၄၃၅ ဦးတို့၏ စိုက်ပျိုးမြေ ၆၆၇ ဧကမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက ပြောပြ၍ သိရသည်။



**ကျော်ဦး**

# ဖျာပုံမြို့နယ်မှ ဒေသထွက်အုန်းသီးများ ဈေးကောင်းရရှိနေ

**ဖျာပုံ ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ဒေသထွက်အုန်းသီးများကို ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချနေရသဖြင့် ဈေးကောင်းရရှိနေကြောင်း ဖျာပုံမြို့ အုန်းသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဦးဌေးဝင်းထံမှ သိရသည်။

ဖျာပုံမြို့နယ်သည် အုန်းသီးများ စိုက်ပျိုးထွက်ရှိသည့် ဒေသဖြစ်ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်းက အုန်းသီးအလုံး ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀ ထိ ဈေးရရှိခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့ထိ အုန်းသီးအလုံး ၁၀၀ လျှင် ငွေကျပ် ၆၅၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါအုန်းသီးများ ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့ ရောင်းချနေခြင်းကြောင့် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

"အရင်နှစ်တွေက အုန်းသီးဈေးကွက်ပျက်ခဲ့ရပါတယ်။ ဒီနှစ် ပြည်ပဈေးကွက်ကို ပြန်လည်တင်ပို့ခွင့်ရလာလို့ အုန်းသီးဈေးကောင်းရရှိနေတာဖြစ်ပါတယ်။ အုန်းသီးတွေက အနုကော၊ အရင့်ကောတင်ပို့ရောင်းချနေရပါတယ်။ လက်ရှိ အုန်းသီးအနုတွေ ပိုပြီးအဝယ်လိုက်နေတာပါ။ အုန်းသီးတွေကိုတော့ ဒီကနေ ရန်ကုန်၊ ရန်ကုန်ကနေ ပြည်ပဈေးကွက်ကိုတစ်ဆင့် တင်ပို့ရောင်းချတာပါ"ဟု ဖျာပုံမြို့ အုန်းသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဦးဌေးဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ထွက်ရှိသည့် အုန်းသီးများကို ရန်ကုန်မြို့သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှပွဲရုံများက စနစ်တကျ ရွေးချယ်ကာ ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ဖျာပုံမြို့နယ်တွင် အုန်းပင်စိုက်ဧက နှစ်သိန်းကျော်ထိ ရှိကြောင်း ဦးဌေးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၁၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခလယ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် တာဝန်ရှိသူများက ခလယ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်း ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် တာဝန်ရှိသူများ ဆွေးနွေးပြောကြားသည်။

ခလယ်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၇၇ ဒသမ ၃၉၅ သန်းဖြင့် လမ်းအရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းနှင့် ၎င်းလမ်းပေါ်တွင် Pipe Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို မြလင်းအေးကုမ္ပဏီက ၂၀၂၂ ခုနှစ် ဒွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကြောင့် ခလယ်ကျေးရွာရှိ အိမ်ခြေ ၁၁၂၄ အိမ်၊ လူ ၅၄၈၃ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# လူသားတို့အတွက် အရေးကြီးသော မြေအောက်ရေ

မြေအောက်ရေသည် ကမ္ဘာ့မြေမျက်နှာပြင်အောက်ရှိ ကျောက်ဆောင်များ၊ မြေဆီလွှာကြားရှိ နေရာများနှင့် ကျောက်သားဖွဲ့စည်းပုံများ အက်နေသော၊ ကျိုးသွားသော နေရာများမှထွက်ပေါ်လာနိုင်သည့် ရေဖြစ်သည်။ ကမ္ဘာပေါ်တွင် အလွယ်တကူရရှိနိုင်သော ရေချိုအားလုံး၏ ၃၀ ရာခိုင်နှုန်းခန့်မှာ မြေအောက်ရေများဖြစ်သည်။

မြေအောက်ရေကို စုပ်ယူနိုင် သို့မဟုတ် သယ်ဆောင်အသုံးပြုနိုင်ပြီး စိမ့်ဝင်နိုင်သော ကျောက်ကိုယ်ထည်ပတ်ဝန်းကျင်တွင်ရှိသည့် မြေအောက်ရေနေရာသည် Aquifer ဖြစ်သည်။ မြေဆီလွှာအတွင်း ရေရှိသောနေရာများ သို့မဟုတ် ကျိုးကြေသွားသောကျောက်သားများတွင် ရေနှင့် လုံးဝပြည့်သွားသည့်နေရာများကို Water Table ဟုခေါ်သည်။ Water Table တစ်ခုသည် ရေပြည့်ဝသောမြေနှင့် မပြည့်ဝသောမြေကြားနယ်နိမိတ်ကို ဖော်ပြပေးနိုင်သည်။

မြေအောက်ရေများကို သဘာဝအတိုင်း ကမ္ဘာ့မြေမျက်နှာပြင်မှ ရေပြန်ဖြည့်သွင်းသည်။ စိမ့်စမ်းများသည် သဘာဝအတိုင်း မြေမျက်နှာပြင်မှ ရေထွက်လာနိုင်ပြီး စိုစွတ်သောကုန်းမြေများကို ဖြစ်ပေါ်လာနိုင်သည်။ မြေအောက်ရေကို စိုက်ပျိုးရေး၊ စည်ပင်သာယာရေးနှင့် စက်မှုလုပ်ငန်းများတွင်အသုံးပြုရန် မကြာခဏ ထုတ်ယူလေ့ရှိသည်။ မြေအောက်ရေ ဖြန့်ဖြူးမှုနှင့် ရွေ့လျားမှုလေ့လာခြင်းကို မြေအောက်ရေဗေဒဟုခေါ်သည်။ ပုံမှန်အားဖြင့် မြေအောက်ရေကို တိမ်သောရေတွင်းများမှ တွေ့ရသောရေအဖြစ် ယူဆကြသော်လည်း နည်းပညာပိုင်းဆိုင်ရာအရ ၎င်းတွင် မြေဆီလွှာအစိုဓာတ်၊ အစဉ်အေးခဲနေသော နက်ရှိုင်းမြေလွှာ၊ အလွန်စိမ့်ဝင်နိုင်မှု နည်းပါးသော မြေလွှာအောက်ခြေ ကျောက်ဆောင်များတွင် မရွေ့လျားနိုင်သောရေ၊ နက်နဲသော ဘူမိအပူချိန်တွင် ရှိနေနိုင်သောရေနှင့် ရေနံဖွဲ့စည်းမှုတွင် အကျုံးဝင်သော ရေတို့လည်း မြေအောက်ရေတွင်ပါဝင်သည်။ မြေအောက်ရေသည် အခြားအရည်များနှင့် ရောစပ်ပျော်ဝင်နိုင်သည်။

မြေအောက်ရေသည် သဘာဝမှအလွယ်တကူ ထုတ်ယူနိုင်သော ရေဖြစ်သဖြင့် လူသားတို့အတွက် အဆင်ပြေသော်လည်း သန့်စင်မှုအပိုင်းတွင် အရည်အသွေးစိစစ်ရန်လိုအပ်သည်။ သို့သော်လည်း မြို့တော်စည်ပင်သာယာလုပရေးအတွက် လိုအပ်သောရေအများအပြားကို မြေအောက်ရေမှ ရရှိသည့်အပြင် ကမ္ဘာတစ်ဝန်းရှိ လူပေါင်းနှစ်ဘီလီယံကျော်သည် မြေအောက်ရေကို ၎င်းတို့၏ အဓိကရေအရင်းအမြစ်အဖြစ် မှီခိုအားထားကြရသည်။

မြေအောက်ရေအသုံးပြုမှုတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများရှိသည်။ ဥပမာအားဖြင့် မြေအောက်ရေညစ်ညမ်းမှုသည် မမြင်နိုင်သည့်အပြင် မြစ်များနှင့် ကန်များတွင်ရှိသည့်ရေထက် ပိုညစ်ညမ်းမှုများသဖြင့် သန့်စင်ရန်ပို၍ခက်ခဲသည်။ မြေအောက်ရေညစ်ညမ်းမှုသည် အများအားဖြင့် မြေပေါ်ရှိ အမှိုက်များကို စွန့်ပစ်ခြင်းမှ ဖြစ်ပေါ်လာတတ်သည့်အပြင် စက်မှုလုပ်ငန်းများ၊ အိမ်သုံးဓာတုပစ္စည်းများ၊ အမှိုက်ပုံများ၊ စိုက်ပျိုးရေးတွင် အလွန်အကျွံသုံးသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၊ စက်မှုစွန့်ပစ်ရေကန်များ၊ မိုင်းတွင်းများမှထွက်သော ရေဆိုးများ၊ စက်မှုလုပ်ငန်းသုံးစွန့်ပစ်ရေများ၊ ရေနံတူးဖော်ရာမြေမှ ဆားရည်ကျင်းများ၊ မြေအောက်ဆီသိုလှောင်ကန်များနှင့် ပိုက်လိုင်းများမှ ယိုစိမ့်ခြင်းများ၊ မိလ္လာအညစ်အကြေးများနှင့် မိလ္လာကန်စနစ်များစသည်တို့ကြောင့်လည်း ညစ်ညမ်းရခြင်းဖြစ်သည်။ ထို့ကြောင့် မြေအောက်ရေများညစ်ညမ်းမှုသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုနှင့်အတူ ရေသံသရာကို ထိခိုက်စေနိုင်သည်။

မြေအောက်ရေသည် မြေဆီလွှာနှင့် ကျောက်ဆောင်များ၏ မြေအောက်အပေါက်တွင်ရှိသော ရေချိုဖြစ်ပြီး ၎င်း၏သဘာဝအလျောက် သွင်းအားစုမှာ အပေါ်ယံမျက်နှာပြင်ရှိရေကို စုပ်ယူခြင်းပင်ဖြစ်သည်။ မြေအောက်က သဘာဝအတိုင်း ထွက်ရှိသောရေများသည် စမ်းချောင်းများနှင့် သမုဒ္ဒရာများဆီသို့ စိမ့်ထွက်သည်။ ၎င်း၏ လည်ပတ်မှုနှုန်းနှေးကွေးသော်လည်း မြေအောက်ရေသိုလှောင်မှုသည် ယေဘုယျအားဖြင့် ရေမျက်နှာပြင်ရှိရေများထက် ထုထည်ပိုကြီးသည်။ ထို့ကြောင့် လူသားများအဖို့ မြေအောက်ရေကို ရေရှည်တည်တံ့သောသုံးရေအဖြစ် အသုံးပြုရာတွင် လွယ်ကူခြင်းဖြစ်စေသည်။



မြေအောက်ရေသည် ကမ္ဘာ့ရေချိုထောက်ပံ့မှု၏ ၃၀ ရာခိုင်နှုန်းခန့်ရှိပြီး ကမ္ဘာ့ရေထုတစ်ခုလုံး၏ သုညဒသမ ၇၆ ရာခိုင်နှုန်းခန့်သည် မြေအောက်ရေများဖြစ်ကာ သမုဒ္ဒရာများနှင့် အမြဲတမ်းရေခဲများလည်းပါဝင်သည်။ ကမ္ဘာလုံးဆိုင်ရာ မြေအောက်ရေသိုလှောင်မှုကို ပြောရမည်ဆိုလျှင် မြောက်နှင့်တောင်ဝင်ရိုးစွန်းများတွင်ရှိသော ရေခဲပြင်များအပါအဝင် နှင်းများနှင့် ရေခဲပြင်များတွင် သိုလှောင်ထားသော ရေချိုစုစုပေါင်းပမာဏနှင့် အကြမ်းဖျင်းညီမျှသည်။ ၎င်းသည် မိုးခေါင်ရေရှားကာလ ရေပြတ်လပ်ချိန်တွင် ထောက်ပံ့ပေးနိုင်သည့် သဘာဝသိုလှောင်မှုအရင်းအမြစ်တစ်ခုဖြစ်သည်။ မြေအောက်ရေသည် ကုန်ခန်းသွားပါက ၎င်းသည် မိုးရွာသွန်းမှု၊ ချောင်းများနှင့် မြစ်များ၏ရေမျက်နှာပြင်မှ ရေတို့ဖြင့်သဘာဝအတိုင်း ပြန်လည်ဖြည့်တင်းသည်။

မြေအောက်ရေသည် သဘာဝရေစက်ဝန်း၏ ရေရှည် "ရေလှောင်ကန်" ဖြစ်သည်။ နက်ရှိုင်းသော မြေအောက်ရေသည် အပေါ်ယံ မြေမျက်နှာပြင်တွင်ရှိသောရေမှ အားပြန်လည်ဖြည့်သွင်းရာတွင် အတော်အတန်ဝေးကွာသဖြင့် ၎င်း၏သဘာဝအတိုင်း လည်ပတ်မှုကိုပြီးမြောက်ရန် အချိန်များစွာကြာမြင့်နိုင်သည်။ ထို့ကြောင့် နက်ရှိုင်းသော မြေအောက်မှ ထွက်လာသည့်ရေများကို ခွဲခြမ်းစိတ်ဖြာရာတွင် အဆိုပါနက်ရှိုင်းသော မြေအောက်ရေမှ ထုတ်ယူသောရေများသည် နှစ်ပေါင်း ၁ သန်းကျော် သက်တမ်းရှိနိုင်ကြောင်း ဇလဗေဒပညာရှင်များက ဆုံးဖြတ်ခဲ့ကြသည်။

မြေအောက်ရေသည် အနောက်ဘက်သို့ ရွေ့လျားလေ့ရှိသဖြင့် မြေအောက်ရေကြော၏ အနောက်ဘက်ခြမ်းကိုရောက်လေလေ ရှေးအကျဆုံး မြေအောက်ရေဖြစ်လေလေပင်ဖြစ်သည်။ ဆိုလိုသည်မှာ နှစ်တစ်သန်းအတွင်း မျက်နှာပြင်ရေအရင်းအမြစ်မှ မြေအောက်ရေအရင်းအမြစ်ဆီသို့ ပြန်လည်အားဖြည့်ရန်အတွက် ကီလိုမီတာ ၁၀၀၀ ခန့် ခရီးနှင်ရသောကြောင့် စီးဆင်းနေသော မြေအောက်ရေသည် တစ်နှစ်လျှင် ပျမ်းမျှ တစ်မီတာနှုန်းဖြင့် စီးဆင်းသည်ဟုဆိုလိုခြင်းဖြစ်သည်။

မြင့်မားသော၊ တိကျသော အပူပေးနိုင်စွမ်း၊ မြေဆီလွှာနှင့်ကျောက်များ၏ အကာအကွယ်အကျိုးသက်ရောက်မှုသည် ရာသီဥတု၏သက်ရောက်မှုများကို လျှော့ပါးစေပြီး မြေအောက်ရေကို တည်ငြိမ်သော အပူချိန် 10°C ခန့်တွင် ထိန်းသိမ်းနိုင်သည်။ ဤအကျိုးသက်ရောက်မှုကြောင့် မြေအောက်ရေကို မျက်နှာပြင်ရှိ အဆောက်အအုံအတွင်း အပူချိန်ကို ထိန်းချုပ်ရန်အတွက် အသုံးပြုသည်။

မြေအောက်ရေသည် သောက်သုံးရေ၊ ဆည်မြောင်းနှင့် ကုန်ထုတ်လုပ်ငန်းအပါအဝင် ကမ္ဘာတစ်ဝန်းရှိ ရေချိုများအသုံးပြုမှုတွင် အများဆုံးပါဝင်သော အရင်းအမြစ်ဖြစ်သည်။ မြေအောက်ရေသည် ကမ္ဘာ့သောက်သုံးရေ၏ ထက်ဝက်ခန့်၊ စိုက်ပျိုးရေ၏ ၄၀ ရာခိုင်နှုန်းနှင့် စက်မှုလုပ်ငန်းအားလုံးအသုံးပြုသော ရေသုံးပုံတစ်ပုံခန့်ကို ထောက်ပံ့လျက်ရှိသည်။

၂၀၁၀ ပြည့်နှစ်စာရင်းအရ မြေအောက်ရေ ထုတ်ယူမှုပမာဏအများဆုံး ထိပ်ဆုံးငါးနိုင်ငံမှာ အိန္ဒိယ၊ တရုတ်၊ အမေရိကန်၊ ပါကစ္စတန်နှင့် အီရန်တို့ဖြစ်သည်။

မြို့ပြဒေသများအတွက် ရေရှည်တည်တံ့သော၊ လတ်ဆတ်သော မြေအောက်ရေကို အသုံးပြုနိုင်ရန်နှင့် လယ်ယာစိုက်ပျိုးရေး ဆည်မြောင်းအတွက် ရေပေးဝေရေး၊ ရေတွင်းများအတွင်း ရေချိုဖြည့်သွင်းမှုပြုလုပ်နိုင်ရေးတို့အတွက် မြေအောက်ရေများ ပုံမှန်လည်ပတ်နိုင်ရန်လိုအပ်သည်။ ထို့ပြင် စည်ပင်သာယာနှင့် စက်မှုလုပ်ငန်းသုံးအတွက် လိုအပ်သောရေများကို မြေအောက်ရေမှ ရေတွင်းကြီးများတူးဖော်ခြင်းဖြင့် ထောက်ပံ့ထားသည်။ ထိုသို့ အကန့်အသတ်မရှိ မြေအောက်ရေများကို သုံးစွဲပါက မြေအောက်ရေများသည် မကြာခင်အချိန်အတွင်း ခန်းခြောက်သွားမည်ဖြစ်သည်။ ထို့ပြင် နက်ရှိုင်းသော မြေအောက်ရေသည် ပိုမိုသန့်သဖြင့် ရေတွင်းများကို နက်နက်တူးကာ နက်ရှိုင်းသော မြေအောက်ရေကို အလွယ်တကူ အသုံးပြုခြင်းကြောင့် မြေအောက်ရေများသည် ပိုမိုရှားပါးလာတော့မည်ဖြစ်သည်။

ယေဘုယျအားဖြင့် လယ်ယာမြေ၏ ရေအသုံးပြုမှု ၂၀ ရာခိုင်နှုန်းသည် မြေအောက်ရေမှ ထုတ်ယူကာ စိုက်ပျိုးခြင်းဖြစ်ပြီး ထိုသို့စိုက်ပျိုးခြင်းမှ အစားအစာထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းကို ရရှိစေသည်။ ကမ္ဘာတစ်ဝန်းရှိ ဆည်မြောင်းနည်းပညာများတွင် မျက်နှာပြင်ရေလမ်းကြောင်းလွှဲပေးသည့် တူးမြောင်းများ၊ မြေအောက်ရေစုပ်ထုတ်ခြင်းနှင့် ဆည်များမှရေကို လမ်းကြောင်းလွှဲခြင်းတို့ ပါဝင်သည်။ မြေအောက်ရေများသည် စိုက်ပျိုးရေးတွင် အလွန်အရေးကြီးသည်။ မိုးနည်းသောဒေသများတွင် နက်ရှိုင်းသောရေတွင်းများမှ ရေအရင်းအမြစ်ကို အားထားကာ စိုက်ပျိုးရေးလုပ်နေကြရပြီး နက်ရှိုင်းသော မြေအောက်ရေများသည် ကာလကြာရှည်စွာ တည်ရှိနေနိုင်သည်။ ထို့ပြင် ၎င်းနက်ရှိုင်းသော မြေအောက်ရေများမှ ထုတ်ယူထားသော မြေအောက်ရေ ၇၀ ရာခိုင်နှုန်းကို စိုက်ပျိုးရေးအတွက် အသုံးပြုကြသည်ကိုလည်း တွေ့ရသည်။ အိန္ဒိယတွင် စိုက်ပျိုးရေးအတွက်သုံးသောရေများတွင် မြေအောက်ရေလည်းပါဝင်သည်။

ထိုသို့ မြေအောက်ရေများကို အတိုင်းအဆမရှိ အသုံးပြုပါက နောင်အနှစ် ၆၀ မှ ၁၀၀ အတွင်း မြေအောက်ရေအားလုံး ခန်းခြောက်သွားနိုင်ဖွယ်ရှိသည်။ ထို့ပြင် မြေအောက်ရေများရှားပါးလာပါက ဆက်စပ်ဖြစ်ပေါ်မှုအရ ကုန်ဈေးနှုန်းများလည်း မြင့်တက်လာနိုင်ကြောင်းကို အစားအသောက်ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းနှင့် ယှဉ်တွဲတွေ့မြင်နိုင်သည်။

မြေအောက်ရေသည် အရေးပါသော ရေချိုရရှိရန် ပံ့ပိုးပေးသည်။ တစ်ကမ္ဘာလုံးတွင်အသုံးပြုသော ရေ၏သုံးပုံတစ်ပုံကျော်သည် မြေအောက်မှ မြစ်ဖျားခံသည်။ မိုးနည်းရေရှားဒေသများတွင် မြစ်များနှင့် ရေလှောင်ကန်များမှ လုံလောက်သော ရေပေးဝေမှုမရှိသည့်အတွက် မြေအောက်ရေသည် ၎င်းဒေသများ၏ဂေဟစနစ်ကို တည်တံ့စေရန်နှင့် လူမှုအသိုင်းအဝိုင်းအတွက် သောက်သုံးရေနှင့် စားနပ်ရိက္ခာလိုအပ်ချက်များကို ဖြည့်ဆည်းပေးသောအရေးကြီးသည့် အရင်းအမြစ်တစ်ခုအဖြစ် တွေ့နိုင်သည်။

မြေအောက်ရေအသုံးပြုမှုသည် လူဦးရေ တိုးပွားလာသည်နှင့်အမျှ လျင်မြန်စွာတိုးလာနေပြီး ရာသီဥတုဖောက်ပြန်မှုသည် မြေအောက်ရေအရင်းအမြစ်များအပေါ် ထပ်လောင်းဖိစီးမှုဖြစ်စေသည်။ ပြင်းထန်မိုးခေါင်မှု ဖြစ်ပွားနိုင်ခြေများကြောင့် မြေအောက်ရေအသုံးပြုမှုများသာ ဆက်တိုက်မြင့်တက်နေပြီး ပြန်လည်မဖြည့်တင်းနိုင်သဖြင့် မြေအောက်ရေပမာဏများ တဖြည်းဖြည်းလျော့ကျလာသည်။

မြေအောက်ရေအရင်းအမြစ်များအပေါ် အကျိုးသက်ရောက်မှုသည် အဓိကအားဖြင့် မြေအောက်ရေစုပ်ယူမှုနှင့် ဆည်မြောင်းနှင့် မြေအသုံးချမှုပြောင်းလဲမှုများကြောင့်ဖြစ်သည်။ ထို့ပြင် မြေအောက်ရေသည် အာဖရိကဆာဟာရအောက်ပိုင်းရှိ ရေပေးဝေရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထောက်ပံ့ပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။

ထို့ကြောင့် လူသားအားလုံးအတွက် အရေးပါသော၊ အရေးကြီးသော မြေအောက်ရေများကို ကာကွယ်ထိန်းသိမ်းရန် ပထမဦးစွာမြေအောက်ရေ အလွန်အကျွံအသုံးပြုမှုများကို လျှော့ချကာ တည်ရှိနေသော မြေအောက်ရေများ မညစ်ညမ်းစေရေးအတွက် ပတ်ဝန်းကျင်ကို ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း ဗဟုသုတအနေဖြင့် ရေးသားအပ်ပါသည်။

**ကိုးကား**

**- The Important of Ground Water**

**မေဇင်ထွန်း**

# အရိပ်ဟူသည်

## သာကီနွယ်(ညောင်ရမ်း)

❖ သစ်ပင်အရိပ်၊ ဆွေမျိုး၊ မိဘအရိပ်၊ မင်းတို့အရိပ်၊ ဆရာ့အရိပ်ဟူသောအရိပ်လေးမျိုးတို့သည် အေးမြသည်မှန်သော်လည်း စိတ်သန္တာန်တွင်ရှိနေသော ကိလေသာအပူများကိုကား မအေးမြစေနိုင်ပေ။ ထိုအရိပ်တို့သည်ခေတ္တမျှသာ အေးမြချမ်းသာမှုကိုပေးနိုင်၏။ သံသရာအဆက်ဆက် ဘဝတိုင်းအတွက် အေးမြမှုကိုကား မပေးနိုင်ချေ။ မြတ်စွာဘုရား၏တရားသည်ကား လက်ရှိပစ္စုပ္ပန်ဘဝတွင်သာမက နောင်သံသရာအဆက်ဆက် နိဗ္ဗာန်တိုင်အောင် ကျင့်ကြံပွားများအားထုတ်သွားပါက ထာဝရအေးချမ်းမှုကို ပေးစွမ်းနိုင်သည်။ အပူဒုက္ခများ မည်မျှပင်များစေကာမူ ဘုရားရှင်၏တရားတော်များက ပယ်ဖျောက်ပေးနိုင်သည်။ ❖

ဤကမ္ဘာလောကကြီးတွင် အေးမြမှုကိုပေးစွမ်းနိုင်သော အရိပ်များစွာရှိကြသည်။ ထိုသို့ အရိပ်များစွာရှိလေရာမှ လောကနီတိကျမ်းလာ အရိပ်ငါးမျိုးအကြောင်းကို ရေးသားတင်ပြလိုပါသည်။

ထိုအရိပ်ငါးမျိုးကား-

(၁) ရုက္ခဆာယာ = သစ်ပင်အရိပ်
(၂) ဉာတိ၊ မာတာပိတုဆာယာ = ဆွေမျိုး၊ မိဘအရိပ်
(၃) ရာဇဿဆာယာ = မင်းတို့၏အရိပ်
(၄) အာစရိယဆာယာ = ဆရာ့အရိပ်
(၅) ဗုဒ္ဓဿဆာယာ = ဘုရားအရိပ်တို့ဖြစ်ကြသည်။

ထိုငါးမျိုးသောအရိပ်တို့သည် အေးမြမှုကိုပေးစွမ်းနိုင်သော်လည်း အစွမ်းသတ္တိချင်းကား မတူကြပေ။

(၁) သစ်ပင်အရိပ်သည် နေပူထဲတွင် မောပန်းလာသူကို ပင်ပန်းနွမ်းနယ်မှုပြေဖျောက်ကာ ချွေးတိတ်စေနိုင်သည်။ သစ်ပင်၏အေးရိပ်တွင် မှေးမှိတ်ကာ ခေတ္တအနားယူလိုက်ရလျှင် အားအင်သစ်များပြန်လည်ဖြစ်ပေါ်လာရသည်။ ထို့ကြောင့် သစ်ပင်အရိပ်သည် ပင်ပန်းနွမ်းနယ်သူကို အေးမြမှုပေးစွမ်းနိုင်သည်။

(၂) သစ်ပင်အရိပ်ထက် ပို၍အေးမြသောအရိပ်မှာ ဆွေမျိုး၊ မိဘတို့၏အရိပ်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သစ်ပင်အရိပ်သည် ခေတ္တမောပန်းမှုကိုသာ ပြေပျောက်စေနိုင်သည်။ ဘဝတွင် ကြုံတွေ့ရမည့် အခက်အခဲအကျပ်အတည်းများ၊ စိတ်ဆင်းရဲမှုများ၊ ဘဝအပူဒုက္ခအမျိုးမျိုး စသည်တို့ကိုကား အေးမြမှု မပေးစွမ်းနိုင်ပါ။ "ကိစ္စမြားမြောင် လူတို့ဘောင်" ဆိုသည့်အတိုင်း လူ့ဘဝကိစ္စအဝဝသည် ရှုပ်ထွေးပွေလီလှ၏။ ယနေ့စားဝတ်နေရေးအဆင်ပြေသော်လည်း နောက်နေ့အဆင်ပြေရန်မသေချာ။ ထို့ကြောင့်ပင် လူတို့သည် မိုးလင်းမှမိုးချုပ် သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ရှာရဖွေကြရ၏။ ထိုပရိယေသန အပူဒုက္ခတို့ကိုကား သစ်ပင်အရိပ်သည် မအေးမြစေနိုင်ပေ။ ခဏအတွက်သာ အေးမြစေနိုင်ပြီး ဘဝအတွက်ကား ထာဝရမအေးမြစေနိုင်ပါ။

ဆွေမျိုး၊ မိဘတို့၏အရိပ်သည်ကား လူ့ဘဝနယ်ပယ်အသီးသီးတွင် အခက်အခဲအကျပ်အတည်းများ၊ အထီးကျန်နာကျင်မှုများ၊ အဆင်မပြေမှုများကြုံတွေ့လာပါက အရင်ဆုံးပြေးမြင်မိသည်မှာ မိဘအရိပ်၊ မိဘရင်ခွင်သာဖြစ်သည်။ လူတိုင်းလူတိုင်း မိဘရင်ခွင်ထဲခေါင်းလေးဝှေ့ကာ အနားယူရင်ဖွင့်လိုက်ရလျှင် ကြုံတွေ့လာသမျှ ဘဝအမောများပြေပျောက်ကာ လောကဓံကိုရင်ဆိုင်နိုင်ရန် စိတ်ဓာတ်ခွန်အားများပြည့်ဝလာစေသည်။ ရဲရင့်သည့်စစ်သူကြီးတစ်ဦးပမာ ယုံကြည်ချက်အပြည့်ဖြင့်ရင်ဆိုင်ရဲလာ၏။ ဤကဲ့သို့သော စိတ်ဓာတ်ခွန်အားမျိုးကို သစ်ပင်အရိပ်က မပေးစွမ်းနိုင်ပါ။ ထို့နောက် စားဝတ်နေရေး၊ ပညာရေး စသည့်အရေးများကိုလည်း ဆွေမျိုး၊ မိဘများကသာ အဆင်ပြေအောင် ဖြည့်ဆည်းပေးနိုင်သည်။ သစ်ပင်အရိပ်က ထိုအရေးများကို ကူညီဖြည့်ဆည်းပေးနိုင်စွမ်းမရှိပါ။ ထို့ကြောင့် သစ်ပင်အရိပ်ထက် ဆွေမျိုး၊ မိဘတို့၏အရိပ်က ပို၍အေးမြစေသည်။

(၃) ထိုဆွေမျိုး၊ မိဘတို့၏အရိပ်ထက် မင်းစိုးရာဇာတို့၏အရိပ်က ပို၍အေးမြပြန်သည်။ အကြောင်းကား ဆွေမျိုး၊ မိဘတို့သည် စားဝတ်နေရေး၊ ပညာရေးနှင့် စိတ်ပျော်ရွှင်မှုတို့ကိုသာပေးစွမ်းနိုင်ပြီး မိမိတို့အပေါ်ကျရောက်လာမည့် လူဆိုး၊ သူခိုး၊ ဓားပြတို့၏ဘေးရန်တို့ကိုကား အမြဲထာဝရကာကွယ်မှုမပေးနိုင်ပါ။ မလိုမုန်းပွားရန်ငြိုးထားတတ်သူများ၏ ရန်ပြုတိုက်ခိုက်လာမှုများကို မင်းတို့၏အာဏာဖြင့် ကာကွယ်မှုပေးထား၏။ ဖြစ်မှုကျူးလွန်သူများကို မင်းတို့သည် ရှုံး၊ ဂါတ်ထောင်တို့ဖြင့် ဖမ်းဆီးချုပ်နှောင်၍ ကာကွယ်ပေးနိုင်၏။ ဆွေမျိုး၊ မိဘများက ထိုအန္တရာယ်များကို ကာကွယ်မပေးနိုင်ပါ။ မင်းတို့ကသာ စိတ်ချမ်းသာလုံခြုံအောင်ကာကွယ်ဆောင်ရွက်ပေးနိုင်သည်။ ထို့ကြောင့် ဆွေမျိုး၊ မိဘတို့၏အရိပ်ထက် မင်းတို့၏အရိပ်က ပို၍ အေးမြစေသည်။

(၄) ထိုမှတစ်ဖန် မင်းတို့၏အရိပ်ထက် ဆရာသမားများ၏အရိပ်က ပို၍အေးမြသည်။ မင်းတို့သည် ပစ္စုပ္ပန်ဘဝအတွက်သာ ခိုးဆိုးလုနှိက်တို့၏ရန်မှ ကာကွယ်စောင့်ရှောက်ပေးနိုင်သော်လည်း သံသရာအတွက်ကိုကား အေးမြမှုမပေးနိုင်ပါ။ လမ်းညွှန်မှုမပေးနိုင်ပါ။ ဆရာသမားများကတော့ အကြောင်းအကျိုး၊ အကောင်းအဆိုးကိုလည်းကောင်း၊ ပြုသင့်သောအလုပ်၊ မပြုသင့်သောအလုပ်တို့ကိုလည်းကောင်း ခွဲခြား၍ ကောင်းရာကိုညွှန်ပြ၊ မကောင်းရာကို တားမြစ်ပေးကြသည်။ လူတော်၊ လူကောင်းများဖြစ်လာအောင်၊ အနာဂတ်နိုင်ငံ့ခေါင်းဆောင်များဖြစ်လာအောင် ဆရာများက လမ်းညွှန်ဆုံးမပေးကြသည်။ မင်းတို့ကား အေးချမ်းစွာနေထိုင်ရေးတာဝန်ကိုသာ အဓိကအရိပ်ပေး၍ ဆရာသမားများသည် လမ်းမှားမရောက်အောင် အသိပညာပေးဝေသည်။

ဆရာသည် မိမိကိုယ်ကို အလောင်းကျွမ်းခံ၍ လောကကြီးကိုအလင်းရောင်ပေးသော ဖယောင်းတိုင်မီးနှင့်တူသည်။ တပည့်များ လမ်းမှန်ကိုလျှောက်နိုင်ရန် လမ်းပြပေးကြသည်။ မိမိကိုယ်ကိုပဲ့ကြွေခံ၍ တပည့်တို့ကိုစာပြပေးသော မြေဖြူခဲပမာလည်းဖြစ်သည်။ တစ်နည်းအားဖြင့် မိမိဘဝကို လောင်ကျွမ်းခံရသော်လည်း မွှေးကြိုင်သောရနံ့တို့ဖြင့် လောကကိုအကျိုးပြုသော နံ့သာတုံးနှင့်လည်းတူသည်။ ဆရာသမားတို့၏ ဂုဏ်ပုဒ်များကား ဖော်ပြ၍ကုန်နိုင်ဖွယ်မရှိပေ။ ဆရာတို့၏ဆုံးမသွန်သင်မှုကြောင့်သာ မျိုးဆက်သစ်လူငယ်များ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်လာကြရခြင်းဖြစ်ပေသည်။ ထို့ကြောင့် ဆရာ့အရိပ်သည် မင်းတို့၏အရိပ်ထက် ပို၍အေးမြသည်။

(၅) သစ်ပင်အရိပ်၊ ဆွေမျိုး၊ မိဘအရိပ်၊ မင်းတို့၏ အရိပ်၊ ဆရာ့အရိပ်။ ထိုအရိပ်အားလုံးတို့ထက်ပို၍ အေးမြသောအရိပ်မှာ ဘုရားအရိပ်ပင်ဖြစ်ပေသည်။

သစ်ပင်အရိပ်၊ ဆွေမျိုး၊ မိဘအရိပ်၊ မင်းတို့အရိပ်၊ ဆရာ့အရိပ်ဟူသော အရိပ်လေးမျိုးတို့သည် အေးမြသည်မှန်သော်လည်း စိတ်သန္တာန်တွင်ရှိနေသော ကိလေသာအပူများကိုကား မအေးမြစေနိုင်ပေ။ ထိုအရိပ်တို့သည် ခေတ္တမျှသာ အေးမြချမ်းသာမှုကိုပေးနိုင်၏။ သံသရာအဆက်ဆက် ဘဝတိုင်းအတွက် အေးမြမှုကိုကားမပေးနိုင်ချေ။ မြတ်စွာဘုရား၏တရားသည်ကား လက်ရှိပစ္စုပ္ပန်ဘဝတွင်သာမက နောင်သံသရာအဆက်ဆက် နိဗ္ဗာန်တိုင်အောင် ကျင့်ကြံပွားများအားထုတ်သွားပါက ထာဝရအေးချမ်းမှုကို ပေးစွမ်းနိုင်သည်။ အပူဒုက္ခများမည်မျှပင်များစေကာမူ ဘုရားရှင်၏တရားတော်များက ပယ်ဖျောက်ပေးနိုင်သည်။ ထို့ကြောင့် အရိပ်အားလုံးတွင် ဘုရားရှင်၏အရိပ်သည်သာ အအေးချမ်းဆုံးဖြစ်၍ ထိုအရိပ်၌ခိုဝင်ရန်အရေးကြီးသည်။

အေးချမ်းမှုအရိပ်စစ်ကိုရှာနေကြသော လောကလူသားတို့သည် နားခိုရာအရိပ် လွဲမှားနေကြ၏။ ထိုအရိပ်ငါးမျိုးတို့ကို တဖြည်းဖြည်းစွန့်ပယ်လာကြသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသည်။

နားခိုရမည့်သစ်ပင်အရိပ်ကို ခုတ်လှဲနေကြ၍ သစ်ပင်သစ်တောများမျိုးသုဉ်းကာ ကမ္ဘာကြီးပူနွေးလာရသည်။ မည်သို့သောဘဝအမောများ ကြုံနေကြရပါစေ မိမိတို့အတွက်ထာဝရတံခါးဖွင့်ပေးထားသည့် မိဘအရိပ်ကိုလည်း ပြစ်မှားလာကြ၏။ မည်သည့်အမှားမျိုးပဲ ပြုလုပ်နေပါစေ သားသမီးများရှေ့က အမြဲရပ်တည်ပေးနေသည့် မိဘများ၏ ကျေးဇူးတရားများကို ဥပေက္ခာပြုလာကြလေပြီ။ ငယ်စဉ်အခါမှစ၍ အရွယ်ရောက်လာသည်ထိ ကျွေးမွေးစောင့်ရှောက်ပြုစုပျိုးထောင်ပေးခဲ့သောမေတ္တာတရားများကို အလေးမထားသတိမရကြတော့ပေ။

လူလားမြောက်၍ ပညာစုံကာ ကိုယ်ပိုင်ဝင်ငွေရရှိလာသောအခါ မိဘများကိုပင် ပြန်၍ပြောဆိုလာတတ်ကြသည်။ မိမိတို့ငယ်စဉ်က စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာ မပူပင်ရအောင် ကျွေးမွေးစောင့်ရှောက်ခဲ့ကြသည့် ကျေးဇူးများကိုပင် မသိကြတော့ပေ။ ထို့ကြောင့် ဆွေမျိုး၊ မိဘတို့၏အရိပ်ကိုလည်း ပြစ်မှားခြင်းများပြုလုပ်လာကြကုန်ပြီ။

အုပ်ချုပ်သူမင်းများက ချမှတ်ထားသည့် စည်းကမ်းများကိုလည်း ဖောက်ဖျက်ကုန်ကြ၍ လောကကြီးတွင် ဒုစရိုက်မှုများ များပြားလာခဲ့ရသည်။ ကိုယ်ကျင့်တရားများပျက်ပြားလာကြပြီး လောကကြီးသည် မငြိမ်းချမ်းခြင်းဆီသို့သာ ဦးတည်လာခဲ့ချေပြီ။

အချို့တပည့်များသည်လည်း ဆရာသမားများအပေါ် ရိုသေမှုကင်းမဲ့လာကြ၏။ ဆရာများနှင့်ရင်ပေါင်တန်းကာ ဝင်မတိုက်ရုံပင်ရှိတော့သည်။ အောင်မြင်လာလျှင် ငယ်စဉ်က စာသင်ပေးခဲ့ကြသော ဆရာ၊ ဆရာမများကိုပင် မမှတ်မိသလိုဆက်ဆံတတ်ကြသည်။ မိမိတို့လောက် ရာထူးအခွင့်ထူးမကြီးလျှင်လည်းနှိမ့်ချဆက်ဆံတတ်ကြသည်။ ဆရာသမားများ၏ ကျေးဇူးကြောင့် ယခုကဲ့သို့ အောင်မြင်သည့်ဘဝမျိုးရောက်ရှိလာကြသည်ကို မေ့ထားကြသည်။ ဆရာ့အရိပ်ကိုလည်း ဖျက်ဆီးကြလေပြီ။

ထို့ကြောင့် ပုထုဇဉ်လူသားများအနေဖြင့် မြတ်ဘုရားသာသနာနှင့်တွေ့ကြုံခိုက်အခွင့်အရေးကိုလက်လွှတ်ဆုံးရှုံးမခံဘဲ ဘုရားအရိပ်မှာခိုလှုံပါ။ ဘုရားအရိပ်မကွယ်ပျောက်ခင် အေးချမ်းရာအရိပ်စစ်၊ အရိပ်မှန်ကို မြတ်နိုးတန်ဖိုးထားကြပါ။ အများသူငါ သံသရာခရီးသွားများအနေဖြင့် မိမိတို့အတွက် အရိပ်စစ်၊ အရိပ်မှန်ကို ရှာဖွေတွေ့ရှိကာ နားခိုနိုင်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

**– လောကနီတိကျမ်းစာအုပ်မှ သုနကဿအရိပ်ငါးပါးအဖွင့်**

# မြဝတီမြို့နယ် ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဇန်နဝါရီ ၁၈**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပူလွဲပူကျေးရွာအုပ်စု ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉၃ သိန်း ထုတ်ချေးပေးထားကြောင်း မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သုသု

# ရန်ကုန်တိုင်းဒေသကြီးရှိ အောင်မြင့်မိုရ်အိမ်ရာနှင့် သီလဝါအိမ်ရာများမှ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာတိုက်ခန်းများကို ရောင်းချပေးသွားမည်



**နေပြည်တော် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီးရှိ အောင်မြင့်မိုရ်အိမ်ရာနှင့် သီလဝါအိမ်ရာများမှတန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာတိုက်ခန်းများကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဇန်နဝါရီ၁၇ ရက် သတင်းများအရ သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ထားသည့် အောင်မြင့်မိုရ်တန်ဖိုးသင့် အိမ်ရာနှင့် သီလဝါတန်ဖိုးနည်း အိမ်ရာများမှ တိုက်ခန်းအရေအတွက် ၂၀၄ ခန်းကို ယခုနှစ် ဇန်နဝါရီလအတွင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာ တိုက်ခန်းများကို ဝယ်ယူလိုသူများ အနေဖြင့် ဆောက်လုပ်ရေးအိမ်ရာ နှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုး ရေးဘဏ်တွင် အိမ်ရာစုဆောင်း ငွေကျပ်သိန်း ၃၀ နှင့် အထက် ရှိရမည်ဖြစ်ပြီး အတိုးနှုန်းသက်သာသည့် ချေးငွေအစီအစဉ်ဖြင့် ယခုနှစ် ဇန်နဝါရီလအတွင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်မိုရ်အိမ်ရာနှင့် သီလဝါအိမ်ရာများမှ တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာတိုက်ခန်းများ ရောင်းချပေးမည့် အသေးစိတ် အချက်အလက်များကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် DUHD Sale Housing Facebook Page မှတစ်ဆင့် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက်ခန်းများ ရောင်းချပေးမည့် အောင်မြင့်မိုရ် တန်ဖိုးသင့်အိမ်ရာ စီမံကိန်းကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီး ဌာနက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ အကောင်အထည်ဖော်တည် ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆောက် အအုံများမှာ လေးခန်းတွဲသုံးထပ် (Shop House)၊ ရှစ်ခန်းတွဲလေး ထပ်နှင့် ခြောက်ခန်းတွဲလေးထပ် အဆောက်အအုံများအဖြစ် တည် ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ အတူ သီလဝါတန်ဖိုးနည်းအိမ်ရာ စီမံကိန်းကို ရန်ကုန်တိုင်းဒေသ ကြီး သန်လျင်-ကျောက်တန်းမြို့နယ် သန်လျင်နည်းပညာတက္ကသိုလ် အနီးတွင် အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လေး ခန်းတွဲငါးထပ်၊ ခြောက်ခန်းတွဲငါး ထပ်၊ ရှစ်ခန်းတွဲငါးထပ်အဆောက် အအုံများ တည်ဆောက်ခဲ့ကြောင်း သိရသည်။

SKL

## ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# သရက်မြို့နယ် တုတ်ကိုင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**သရက် ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တုတ်ကိုင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ တုတ်ကိုင်းကျေးရွာ၌ အဝီစိစက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေးအလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

တုတ်ကိုင်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၃၂၀ ရှိ အဝီစိစက်ရေတွင်းတစ်တွင်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ အလျား ၁၀ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၈၅၈ သန်းဖြင့် တင်ဒါအောင်မြင်သော ငြိမ်းဇံဝေကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်းက စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ၉၀ ရာခိုင်နှုန်းထိ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာရှိ အိမ်ခြေ ၁၈၀၊ လူ ၅၈၇ ဦးအပြင် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေးသောက်သုံးရေရရှိတော့မည်ဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ပြောပြ၍ သိရသည်။

ငြိမ်းသူ(စလင်း)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၃၀ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၂၈၀ | ၂၃၀၅ | ၂၂၈၅ | ၂၂၆၅ | ၂၃၆၅ | ၂၃၈၀ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၂၀ | ၂၃၂၀ | ၂၅၅၀ | ၂၉၀၀ |
| 95 Ron | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၈၀ | ၂၃၆၅ | ၂၃၄၀ | ၂၄၄၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၅ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၂၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၂၀ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၄၆၅ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၅ | ၂၅၇၀ | ၂၅၆၅ | ၂၄၆၀ | ၂၄၇၀ | ၂၅၀၅ | ၂၅၀၅ | ၂၅၁၀ | ၂၇၃၅ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၀၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၅၄၅ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၅ | ၂၆၅၀ | ၂၆၄၅ | ၂၅၄၀ | ၂၅၅၀ | ၂၅၈၅ | ၂၅၈၅ | ၂၅၉၀ | ၂၈၁၅ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၀၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၅၄၅ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၅ | ၂၆၅၀ | ၂၆၄၅ | ၂၅၄၀ | ၂၅၅၀ | ၂၅၈၅ | ၂၅၈၅ | ၂၅၉၀ | ၂၈၁၅ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၂၀ | ၂၁၉၆ |
| 95 Ron | ၂၁၉၄ | ၂၂၇၂ |
| HSD (500 ppm) | ၂၃၀၅ | ၂၃၈၁ |
| HSD (50 ppm) | ၂၃၇၉ | ၂၄၅၆ |
| HSD (10 ppm) | ၂၃၇၉ | ၂၄၅၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်

IBL
INNWA BANK LIMITED




အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆ ၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁

လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား အင်းဝဘဏ်လီမိတက် ဘဏ်ခွဲများတွင် လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။


### ရှမ်းမင် စားသောက်ကုန်ဖြန့်ချိရေးအတွက်
## အောက်ပါဝန်ထမ်းများ အလိုရှိသည်

**(၁) ယာဉ်မောင်း(၂)ဦး**
- Auto ၊ Manual မောင်းတတ်ရမည်။
- အသက် (၂၅) မှ (၃၅) အတွင်း ဖြစ်ရမည်။
- လစာ/ (၂၁၀,၀၀၀)၊ ရက်မှန်ကြေး (၂၀,၀၀၀)

**(၂) ကုန်တင်ကုန်ချ(၂)ဦး**
- အသက် (၂၀) မှ (၃၃) အတွင်း ဖြစ်ရမည်။
- လစာ/ (၂၂၅,၀၀၀)၊ ရက်မှန်ကြေး (၂၀,၀၀၀)

**(၃) ကွန်ပျူတာစာရေးမ(၁)ဦး**
- Computer Basic, Excel ကျွမ်းကျင်ရမည်။
- လစာ/ (၂၁၀,၀၀၀)၊ ရက်မှန်ကြေး (၂၀,၀၀၀)

**အမှတ်စဉ်အားလုံးအတွက် မှတ်ပုံတင်မူရင်းရှိသူဖြစ်ရမည်။**
ဖုန်းနံပါတ်- 09-254552882 , 09-440899996

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကွင်းအမှတ်၊ ကက-၆၊ ဦးပိုင်အမှတ်၊ ၆/၅၂ ရှိ ဦးသိန်းထွန်း SGG ၀၀၀၂၉၂ အမည်ပေါက် ၆၀ပေ×၈၀ပေမြေကွက်အား ဂရန်သက်တမ်းတိုးခြင်းနှင့် ပိုင်ရှင်အမည်ပြောင်းလဲခြင်းဆောင်ရွက်မည်ဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ လူကိုယ်တိုင်ဆက်သွယ်တွေ့ဆုံကန့်ကွက်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးချစ်စန်းမောင်(၅/ဝလန(နိုင်)၁၂၂၃၂၃)**
**၀၉-၈၈၇၄၂၀၈၈၆**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၊အလက(ခွဲ)လေးဆယ်ကုန်းကျောင်းမှ G-8 တွင် ပညာသင်ကြားနေသော အဘ ဦးကျော်စိုးလင်း ၏ သားဖြစ်သူ မောင်ငွေဇင်ဖြိုး အား မောင်ငွေဇင်သန့် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ငွေဇင်သန့်**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ အထက(ပူတာအို) Grade-3 မှ မနန်းခမ်းလင်း ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမင်းသက်နိုင် (၈/ပကခ(နိုင်)၁၈၇၆၃၃) ဖြစ်ပါကြောင်း။

**ဦးမင်းသက်နိုင်(၈/ပကခ(နိုင်)၁၈၇၆၃၃)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၂၁)၊ Grade-9 မှ မသွယ်သွယ်မျိုး၊ Grade-5 မှ မဇင်ဇင်မျိုး၊ Grade-2 မှ မောင်အောင်မျိုးလင်းနှင့် မောင်ခန့်လင်းကို တို့၏ဖခင် ဦးမြတ်မင်းသူနှင့် ဦးဇော်မျိုး (၉/ကဆန(နိုင်)၂၀၆၃၄၅) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြတ်မင်းသူ(ခ)ဦးဇော်မျိုး(၉/ကဆန(နိုင်)၂၀၆၃၄၅)**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်နေ မသန္တာခိုင် (ဘ) ဦးသောင်းစိန် (၉/နထက(နိုင်)၁၅၉၄၈၈)၏ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC Card) (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၇၇၃၈၄၇၇

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ မောင်အောင်နိုင်လတ် (ဘ) ဦးခင်မောင်အေး (MYGN-048890) ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME 343103) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၈၈၀၀၇၀၀၂

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧေယျဘူမိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၄၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

❖ ယနေ့နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဆိုသည့် အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိ...

❖ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံ၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသော နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရကလည်း နိုင်ငံသူ၊ နိုင်ငံသားများအားလုံး စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစွာရရှိရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးတို့ကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ကျင်းပပြုလုပ်သော မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က စည်သူဘွဲ့ရရှိသူ ဗိုလ်မှူးကြီး(ငြိမ်း) လဖိုင်ဇွန်နော် ကိုယ်စား၊ သမီးဖြစ်သူ ဒေါ်လဖိုင်နန်ဒွဲအား၊ ဂုဏ်ထူးဆောင်ဘွဲ့ လက်ရောက်ချီးမြှင့်အပ်နှင်းစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၈**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘွဲ့ခံပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်းချီးမြှင့်အပ်နှင်းခဲ့သည်။

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းအခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ

**စာမျက်နှာ ၂၂ ကော်လံ ၄ ☆**

## တရုတ်နှစ်သစ်ကူးအကြိုကာလတွင် မန္တလေးဈေးကွက်အတွင်း နှမ်းနှင့် မြေပဲလုံးဆန်များ ဈေးကောင်းရရှိနေ

**မန္တလေး ဇန်နဝါရီ ၁၈**

တရုတ်နှစ်သစ်ကူးအကြိုကာလတွင် မန္တလေးဈေးကွက်အတွင်း ဆီထွက်သီးနှံများဖြစ်သည့် နှမ်းနှင့် မြေပဲလုံးဆန်များ ဈေးနှုန်းမြင့်တက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါဆီထွက်သီးနှံများသည် တရုတ်နှစ်သစ်ကူးအကြိုကာလ၌ ဈေးကွက်အတွင်း အရောင်းအဝယ်များ ကောင်းနေကြောင်း၊ ပြီးခဲ့သည့်နှစ်က မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀၊ စပ်နှံနက်နှမ်းသုံးတင်းဝင်တစ်အိတ်လျှင်

**စာမျက်နှာ ၂၂ ကော်လံ ၄ ❖**






အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563